# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ စနေနေ့ အတွဲ (၅၇)၊ အမှတ်(၁၈၃)


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေး ကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်ရှိ တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာ၊ ပြန်လည်ထူထောင်ရေးစခန်းနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ထောက်ပံ့ပေးအပ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် အင်ဂျန်ဒို နှစ်ခြင်းအသင်းတော် ယာယီကယ်ဆယ်ရေးစခန်း၌ နေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းထားသည့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ထောက်ပံ့ပေးအပ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻




မြန်မာ့အလင်း

# လူမှုကွန်ရက်မှ အရောင်းအဝယ်နှင့် စံမမီဆေးဝါးတုပြဿနာ

အင်တာနက်လူမှုကွန်ရက်က မိမိတို့၏ လူမှုအသိုင်းအဝိုင်းမှာ နေရာယူမှု ကြီးမားလာပြီဟု ယူဆရသည်။ သာမန်ဆက်သွယ်ဆက်ဆံမှုမှသည် ရောင်းကြ၊ ဝယ်ကြ၊ ငွေစုကြနှင့် ပြဿနာများစွာ ဖြစ်ပေါ်နေကြသည်များကိုလည်း သတင်းစာကြော်ငြာစာမျက်နှာများပေါ်မှာ မကြာခဏဆိုသလို တွေ့မြင်နေရသည်။ အွန်လိုင်းပေါ်မှ အရောင်းအဝယ်ပြုကြရာတွင်လည်း လူသုံး အိမ်သုံးကုန်ပစ္စည်းမျိုးစုံ၊ အိမ်ခြံမြေ ကား စသည်တို့မှသည် ဆေးဝါး စားသောက်ကုန်များ စသည်ဖြင့် အမယ်စုံလှသည်ကို တွေ့ရသည်။ ကုန်ပစ္စည်းများ၏ အရည်အသွေးစစ်မှန်မှုနှင့် စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက်မှာမူ စစ်ဆေးသိရှိနိုင်ရန် အခွင့်အလမ်းကနည်းလွန်းလှသည်။

နာရီ၊ ဖုန်းနှင့် အခြားလူသုံးကုန်ပစ္စည်းများ အရည်အသွေး မမှန်မကန် အတုအပများမှာ သုံးစွဲသူအဖို့ ငွေကြေးကုန်ကျပြီး ဆုံးရှုံးနစ်နာမှုရှိနိုင်သော်လည်း ဆေးဝါးအတု၊ အရည်အသွေးပြည့်မီခြင်းမရှိသော ဆေးဝါးတို့ကို ဝယ်ယူသုံးစွဲမိလျှင်မူ ကျန်းမာရေးအန္တရာယ်မှသည် အသက်အန္တရာယ်အထိ ဒုက္ခပေးနိုင်ကြောင်း ဆေးဝါးပညာရှင်များက သတိပေးထားကြသည်။ အွန်လိုင်းပေါ် မှ ဆေးဝါးများဟု ဆိုရာတွင် ပိန်ဆေးနှင့် ကျား-မ သဘာဝဆိုင်ရာ ဆေးဝါးများနှင့် အခြားဆေးဝါးများဖြစ်ပြီး အနောက်တိုင်းဆေးဝါးပုံစံဖြင့်ရော တိုင်းရင်းဆေးပုံစံဖြင့်ပါ ရောင်းချနေကြသည်ကို တွေ့ရသည်။

အရည်အသွေးစံမမီ ဆေးဝါးများနှင့် ဆေးဝါးအတုများကို သုံးစွဲမိပါက စံမမီဆေးဝါး၊ အရည်အသွေး အပြည့်အဝမပါရှိသော ဆေးဝါးကြောင့် ကုသရာတွင် မထိရောက်နိုင်တော့ဘဲ ရောဂါပိုမိုဆိုးရွားလာခြင်း၊ ဆေးယဉ်ပါးမှုပြဿနာ များပြားလာခြင်း၊ ဆေးမတိုးတော့ဘဲ ကုသရာတွင် ခက်ခဲလာခြင်း၊ ဆေးဝါးအတုများကြောင့် အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်ပေါ်စေနိုင်သည်။ တန်ဖိုးကြီးဆေးဝါးမျိုးဆိုပါက အတုကို ဝယ်ယူသုံးစွဲမိသည့်အတွက် ငွေကြေးအရ ဆုံးရှုံးရသည့်အဖြစ်မျိုးနှင့်ပါ ကြုံတွေ့ရဦးမည်ဖြစ်သည်။ ဆေးဝါးအတုများကို ထုတ်လုပ်သူများက ခဲ၊ ပြဒါး၊ စိန်၊ အလူမီနမ်၊ ကက်ဒမီယမ် စသည့် အပြင်းစား သတ္တုဓာတ်များ၊ အဆိပ်သင့်စေသော ဓာတ်များ၊ အုတ်နီခဲမှုန့်၊ အိမ်သုတ်ဆေး၊ ကြမ်းတိုက်ဖယောင်းအပါအဝင် မိမိတို့စိတ်ကူးဖြင့်ပင် မမှန်းဆနိုင်သော အရာများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ အချို့တိုင်းရင်းဆေးများကိုလည်း သဘာဝသစ်ပင်အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်၊ အသီးတို့မှ ထုတ်လုပ်ထားကြောင်း ကြော်ငြာဖော်ပြကြသော်လည်း အနောက်တိုင်းဆေးများထည့်သွင်းဖော်စပ်ထားခြင်းကြောင့် အချို့လူနာများအတွက် ဓာတ်မတည့်ခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများကို ခံစားရနိုင်သည်။ ဆေးဝါးအတု၊ စံမညီဆေးဝါးများ၊ အာနိသင်ကင်းမဲ့သော ဆေးဝါးများကို ကမ္ဘာတစ်ခွင် ထုတ်လုပ်ရောင်းချမှုများမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံများစွာ အရောင်းအဝယ်ပြုလုပ်နေကြပြီး ၎င်း၏ အကျိုးဆက်အနေဖြင့် လူနာများ သန်းနှင့်ချီ၍ သေဆုံးကြရသည်ဟု သတင်းများတွင် တွေ့ရှိရသည်။

စင်စစ်အားဖြင့် ဆေးဝါးအတုထုတ်လုပ်ရောင်းချခြင်းသည် ရာဇဝတ်မှုပင်ဖြစ်သည်။ ဆေးဝါးအတု ထုတ်လုပ်ရောင်းချသူများက အွန်လိုင်းမှ တင်သွင်းဖြန့်ဖြူးမှု ပြုလုပ်ကြခြင်းဖြစ်ရာ လူမှုကွန်ရက်များတွင် ကြော်ငြာရောင်းချသည့် ဆေးဝါးများအပေါ် ရာနှုန်းပြည့် ယုံကြည်လက်ခံခြင်းထက် အထူးသတိထား စိစစ်ရွေးချယ်နိုင်ရန် လိုမည်ဖြစ်သည်။ အထူးသဖြင့် အွန်လိုင်းမှ ဆေးဝါးဝယ်ယူမှုမျိုးကို ရှောင်ရှားပြီး FDA က စစ်ဆေးပြီးဖြစ်သည့် မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်ပါရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းဖြင့်သာ အန္တရာယ်ကင်း၍ အာနိသင်ထက်မြက်သော အစစ်အမှန်ဆေးဝါးများကို စိတ်ချလက်ချ သုံးစွဲနိုင်ကြမည်ဟု အသိပေးလိုပါကြောင်း။ ။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( သံတွဲမြို့ )

၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်


## ကန်ပက်လက်၌ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံသုံးပစ္စည်းများ ထုတ်ပေး

**ကန်ပက်လက် အောက်တိုဘာ ၁၉**

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကြားဖြတ်ရွေးကောက်ပွဲ အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်၊ ကျေးရွာကော်မရှင်အတွင်းရေးမှူးများအား မဲရုံ ၅၉ ရုံ အတွက် မဲရုံသုံး ပစ္စည်းများကို အောက်တိုဘာ ၁၅ ရက်မှ ၂၂ ရက် အထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း ကန့်ကွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသော Tracking Sheet တည်ဆောက်ခြင်းနှင့် အသုံးပြုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES)တို့ ပူးပေါင်းပြုလုပ်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း ကန့်ကွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသော Tracking Sheet တည်ဆောက်ခြင်းနှင့် အသုံးပြုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက သတင်းအချက်အလက်များကို ဖော်ပြရာ၌ ရှင်းလင်းနားလည်ရန် လိုအပ်ကြောင်း၊ ရှင်းလင်းလွယ်ကူမြင်သာသော အချက်အလက်များဖြစ်ရန် ဂရပ်များ၊ ပုံများဖြင့် ဖော်ပြခြင်းက ပို၍အကျိုးသက်ရောက်မှုရှိကြောင်း၊ အများပြည်သူအနေဖြင့်လည်း ထုတ်ပြန်ဆောင်ရွက်ချက်များအပေါ် ပိုမိုစိတ်ဝင်စားမှုရှိရန် ယခုပို့ချမည့် Excel Tracking Sheet က အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးမြင့်မားမှသာ ရွေးကောက်ပွဲလုပ်ငန်းများနှင့် ရွေးကောက်ပွဲများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာသည်နှင့်အမျှ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲကော်မရှင်အပေါ် ယုံကြည်မှုမြင့်တက်လာမည်ဖြစ်သကဲ့သို့ မဲပေးသည့် မဲဆန္ဒရှင်အရေအတွက်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် မဲပေးနှုန်းမြင့်မားလာပြီး ရွေးကောက်ပွဲများအပေါ် စိတ်ပါဝင်စားမှု မြင့်တက်လာခြင်းသည် ယနေ့ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးခြင်းအတွက် အဓိကအချက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းတာဝန်ခံ Ms. Pascaline Krone က သင်တန်းအစီအစဉ်နှင့် သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဖလမ်း၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ခန်းမဆောင်နှင့် အိမ်ရာဆောက်လုပ်ပေး

**ဖလမ်း အောက်တိုဘာ ၁၉**

ဖလမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ခြောက်လပတ်ဂျက် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ငွေကျပ် ၁၀ သန်းဖြင့် ဖလမ်းမြို့နယ် ခွန်းလီကျေးရွာအတွက် ကျေးရွာခန်းမဆောင်နှင့် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ခွန်းလီကျေးရွာတွင် (၄၀×၂၀×၉)ပေရှိ ကျေးရွာခန်းမဆောင်တစ်လုံး၊ (၂၄×၁၀×၄)ပေရှိ ကျေးလက်အိမ်ရာတစ်လုံး တို့ကို ပျဉ်ခင်း၊ သွပ်မိုး၊ သွပ်ကာဖြင့် အဆိုပါကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူကာ ဩဂုတ် ၈ ရက်မှ စတင် ဆောက်လုပ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် ဆောက်လုပ်ပြီးစီးသည်။

ယင်းအဆောက်အအုံ အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၁၀ သန်းထောက်ပံ့ပေးပြီး ကျေးရွာနေပြည်သူများက ငွေကျပ် ၁ ဒသမ ၄၄ သန်းထည့်ဝင်ကာ ဆောက်လုပ်ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၇ ရက်က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရာလ်နင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြာအွယ်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖွင့်လှစ်ပေးခဲ့သည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၈ ခုနှစ် ခြောက်လအတွင်း ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအစီအစဉ်ဖြင့် ဖလမ်းမြို့နယ်တွင် ခွန်းလီ၊ လိုကြွေခမ်၊ ဖိုင်ဇောလ် ကျေးရွာများကို ကျေးရွာအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် တစ်ရွာလျှင် ငွေကျပ် ၁၀ သန်းစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဌွန်**

## တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ ပို့စကတ်ပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်

**ရန်ကုန် အောက်တိုဘာ ၁၉**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပို့စကတ်ပြိုင်ပွဲအား **"တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ"**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းထားသည့် ပို့စကတ်များဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

( ခ ) ပြိုင်ပွဲဝင်ပို့စကတ်အရွယ်အစားမှာ ၈ လက်မ×၁၀ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ဂ ) ပြိုင်ပွဲဝင်ပို့စကတ်များကို ကွန်ပျူတာဂရပ်ဖစ် ဒီဇိုင်း၊ ပန်းချီ၊ ဓာတ်ပုံတို့ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သလို ယှဉ်ပြိုင်ရာတွင် တခြားသူရေးဆွဲရိုက်ကူးထားသော ပန်းချီ၊ ဓာတ်ပုံများကို မှီငြမ်းကိုးကား ဖန်တီးမည်ဆိုပါက ကာယကံရှင်၏ ခွင့်ပြုချက်ပါရှိရမည်။

(ဃ) ပြိုင်ပွဲဝင် ပို့စကတ်များသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ ပန်းချီ၊ ဂရပ်ဖစ်ဒီဇိုင်းများ မဖြစ်ရ။

( င ) ကိုယ်တိုင်ဖန်တီးရိုက်ကူးရေးဆွဲခြင်း သို့မဟုတ် မှီငြမ်းကိုးကားဖန်တီးရိုက်ကူးရေးဆွဲထားကြောင်း ဝန်ခံချက်ပါရှိရမည်။

( စ ) ပြိုင်ပွဲဝင်ပို့စကတ်များကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

( ဆ ) ပြိုင်ပွဲဝင်ပို့စကတ်များကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား ၈ လက်မ× ၁၀ လက်မပို့စကတ်ကို Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။

( ဇ ) ပြိုင်ပွဲဝင်ပို့စကတ်တိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ပို့စကတ်၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲတင်ပြရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား **ပထမဆု** ကျပ်သုံးသိန်း၊ **ဒုတိယဆု** ကျပ်နှစ်သိန်းငါးသောင်း၊ **တတိယဆု** ကျပ်နှစ်သိန်းနှင့် **အထူးဆု** ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပို့စကတ်များကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထားယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၀၊ ၀၁-၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာ(လန်ဆယ်)၌ ကျင်းပသည့် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားတွင် သြဝါဒစကား ပြောကြားစဉ်။ သတင်းစဉ်

*✻ ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တာဝန်ရှိသူများက မြစ်ကြီးနား လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ရှိ ရွှေမိုးတောင်စေတီတော်သို့ သွားရောက်၍ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စေတီတော် ပရိဝုဏ်အတွင်းရှိ ဓမ္မာရုံ၌ ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တခေမိန္ဒနှင့် ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေတုမာလာတို့ အမှူးပြုသည့် ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာ (လန်ဆယ်) ၌ ကျင်းပသည့် တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများက **"သူရဲကောင်း"** နှင့် **"ငြိမ်းချမ်းခြင်းကို တည်ဆောက်"** စို့ သီချင်းများဖြင့် သီဆိုဧည့်ခံ ဖျော်ဖြေကြသည်။

**သြဝါဒစကားပြောကြား**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သြဝါဒစကားပြောကြားရာတွင် "ပထမဦးဆုံးအနေနဲ့ သီချင်းဆိုပေးတဲ့ ကလေးတွေအားလုံးကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ သီချင်းတွေဆိုတဲ့ အခါမှာ ဘာကိုသတိထားမိသလဲဆိုတော့ တိုင်းပြည်အတွက် သူရဲကောင်းတွေ။ တိုင်းပြည်အတွက် သူရဲကောင်းဆိုတာ လူတိုင်းလူတိုင်းဖြစ်နိုင်ပါတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာ(လန်ဆယ်)ရှိ ကျောင်းသား ကျောင်းသူလေးများက သီချင်းဖြင့် သီဆိုဧည့်ခံ ဖျော်ဖြေကြစဉ်။ သတင်းစဉ်

အခုဒီမှာ ထိုင်နေတဲ့ ကလေးတွေ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာလည်း တိုင်းပြည်အတွက် သူရဲကောင်းဖြစ်နိုင်ပါတယ်။ တိုင်းပြည်အတွက် သူရဲကောင်းဖြစ်တယ်ဆိုတာ ကိုယ့်ရဲ့ဘဝကို တိုင်းပြည်အတွက် တန်ဖိုးရှိရှိနဲ့ သုံးတာပဲဖြစ်ပါတယ်။ အဲဒါကြောင့် အခုဒီစခန်းမှာဆိုရင် ကလေးတွေကို ကိုယ့်ဘဝကိုယ် တိုင်းပြည်အတွက်၊ အခြားပြည်သူပြည်သားတွေအတွက်၊ ကမ္ဘာသူ ကမ္ဘာသားတွေအတွက် ဘယ်လိုတန်ဖိုးရှိအောင် သုံးရမလဲဆိုတာတွေကို သင်ပေးနေတယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်တန်ဖိုးနဲ့ ကိုယ်ရှိပါတယ်။ အဲဒီတန်ဖိုးကို နားလည်ဖို့လိုတယ်။ သိရှိဖို့လိုတယ်။ လေးစားဖို့ လိုပါတယ်။ ဘယ်သူမှ ငါဟာ တန်ဖိုးမရှိဘူးဆိုတာ ထင်စရာအကြောင်း မရှိပါဘူး။ လူဖြစ်လာရင် တန်ဖိုးရှိလာပြီပဲ။ အဲဒီတန်ဖိုးကို ကောင်းကောင်း၊ မှန်မှန်ကန်ကန် သုံးသလား၊ မသုံးဘူးလားဆိုတာက အရေးကြီးတာ ဖြစ်ပါတယ်။

"သီချင်းတွေနဲ့ ဖျော်ဖြေတယ် ဆိုပေမယ့် သီချင်းတွေဟာ ဖျော်ဖြေမှုသက်သက် မဟုတ်ဘူး။ အဓိပ္ပာယ်လည်း ရှိတယ်။ နိုင်ငံ့အတွက် အရေးကြီးတဲ့ တန်ဖိုးတွေကိုလည်း ဖော်ထုတ်ပေးနေတဲ့ သီချင်းတွေဖြစ်တယ်။ ဒါကြောင့်မို့လို့ အများကြီးအားတက်ရပါတယ်။ ဒါကြောင့် ကလေးတွေဟာ ဒီသီချင်းတွေဆိုတဲ့ အခါကျရင် အဓိပ္ပာယ်တွေကို နှလုံးသွင်း

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာ(လန်ဆယ်)ရှိ ကျောင်းသား ကျောင်းသူလေးများနှင့်အတူ မနောကွင်းရှိ မနောတိုင်များရှေ့တွင် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ပြီးတော့ လေးလေးနက်နက်ထားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကိုယ်ဆိုနေတဲ့ သီချင်းဟာ ဘယ်လိုအဓိပ္ပာယ်ရှိသလဲဆိုတာ သိဖို့လိုပါတယ်။ အဓိပ္ပာယ်ကို အဓိက မထားဘဲနဲ့ တေးသွားတွေကိုပဲ အဓိကထားမယ်ဆိုရင် မလုံလောက်ပါဘူး။

“အဓိပ္ပာယ်တွေကို အလေးထားဖို့ မမေ့စေချင်ပါဘူး။ ကလေးများဟာ ဒီလိုသီချင်းတွေ သင်တယ်ဆိုရင် ဆရာ၊ ဆရာမတွေကလည်း သေသေချာချာ အဓိပ္ပာယ်ကို ရှင်းပြလိမ့်မယ်လို့ ထင်ပါတယ်။ ဒီကလေးတွေအနေနဲ့ ဒီအဓိပ္ပာယ်တွေကို ဘယ်လိုနားလည်လဲ ဆိုတာလည်း ပြန်ပြီးတော့ မေးစေချင်ပါတယ်။

**ကြိုးစားတယ်ဆိုတာ အဆုံးမရှိ**

“ဒီသင်တန်းက ကလေးတွေက တစ်ချိန်လုံး တိုးတက်နေတယ်ဆိုတာလည်းပဲ ကြားရပါတယ်။ ဒါဟာ ဆရာ၊ ဆရာမတွေရဲ့ စွမ်းဆောင်မှု၊ ကြိုးစားမှုကြောင့်လည်း ပါတယ်။ ကလေးတွေကိုယ်တိုင်ရဲ့ စွမ်းဆောင်မှု၊ ကြိုးစားမှုကြောင့်လည်း ပါတယ်။ ဒီအခန်းထဲမှာရှိနေတဲ့ကလေးတွေဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်အတွက်၊ ကိုယ့်ရဲ့ကမ္ဘာကြီးအတွက် တန်ဖိုးရှိတဲ့ လူကြီးတွေဖြစ်လာအောင် တစ်ချိန်လုံးကြိုးစားနေပါစေလို့ ဆန္ဒပြုပါတယ်။ တစ်ချိန်လုံး ကြိုးစားမှုဖြစ်မှာပါ။ ကြိုးစားတယ်ဆိုတာ ဘယ်တော့မှ အဆုံးမရှိဘူး။ ကြိုးစားတယ်ဆိုတာ အဆုံးမရှိလို့ ပင်ပန်းပါတယ်လို့လည်း မထင်ပါနဲ့။ မကြိုးစားဘဲနဲ့ ဒီလိုပဲနေရတဲ့ ဘဝဆိုတာလည်း အနှစ်သာရမရှိပါဘူး။

“ဒီနေ့ ဒီအချိန်အခါမှာ ဆိုပေးတဲ့ သီချင်းလေး နှစ်ပုဒ်ရဲ့ အဓိပ္ပာယ်တွေကို ပိုပြီးတော့ ငြိမ်းချမ်းရေးရနိုင်မလားဆိုတာ ကလေးတစ်ယောက်ချင်း၊ တစ်ယောက်ချင်းပေါ်မှာ မူတည်ပါတယ်။ ငါတစ်ယောက်တည်း ဘာမှလုပ်လို့ မရဘူးဆိုတာလည်း မှန်ပါတယ်။ ကိုယ်တစ်ယောက်တည်း လုပ်ရတာ ခက်ပေမယ့်၊ ကိုယ့်နဲ့တွဲပြီးတော့ လုပ်နိုင်တဲ့ အဖော်တွေ၊ မိတ်ဆွေကောင်းတွေ ရှာပြီးတော့ လုပ်မယ်ဆိုရင် ကိုယ်လုပ်ချင်တဲ့ အလုပ်တွေဟာ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကလေးတွေဟာ ဒီလိုအရွယ်မှာ မိတ်ဆွေကောင်းတွေရအောင် လုပ်ဖို့လည်း လိုပါတယ်။ ဒါကို တာဝန်တစ်ခုလို့ စဉ်းစားစေချင်ပါတယ်။ မိတ်ဆွေကောင်း မရှိဘူးဆိုရင် ကိုယ်ကိုယ်တိုင်က မိတ်ဆွေကောင်း ပီသလို့လားလို့ ပြန်ပြီးတော့ မေးရမယ်။

**မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစား**

“မိတ်ဆွေကောင်းတွေ ရှိအောင်လို့ ငယ်ငယ်ကတည်းက စပြီးတော့ စွမ်းဆောင်ပါ။ ကိုယ့်တစ်သက်အတွက် ကိုယ့်ရဲ့ဘေးမှာနေပြီးတော့ အခက်အခဲတွေကို ရင်ဆိုင်ပေးမယ့် မိတ်ဆွေတွေ ရှိတယ်ဆိုရင် မရင်ဆိုင်နိုင်စရာဘာမှ မရှိဘူး။ ဒါက အရေးအကြီးဆုံးပဲ။ အခက်အခဲတွေကို ကျော်လွှားတဲ့နေရာမှာ ကိုယ်နဲ့အတူ စိတ်တူ၊ သဘောတူနဲ့ လက်တွဲပေးမယ့် မိတ်ဆွေတွေရှိရင် အင်အားတွေက အလိုလိုဖြစ်လာတယ်။ စိုးရိမ်စရာ၊ ကြောက်စရာတွေက နည်းသွားတယ်။ ကိုယ်တစ်ယောက်တည်း ရင်ဆိုင်ရတာ မဟုတ်ဘူး။ တစ်ယောက်မက အများကြီးပါရင် ပိုပြီးတော့ အားရှိတယ်။ ကလေးတွေ သင်ယူနေတဲ့ အချိန်မှာဆိုရင် မိတ်ဆွေကောင်း ဖြစ်အောင်လည်း ကြိုးစားပါ။ မိတ်ဆွေကောင်းတွေ ရအောင်လို့လည်း ကြိုးစားပါ။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စိန်ဂျိုးဇက် ယာယီကယ်ဆယ်ရေးစခန်းအတွင်းရှိ ရက်ကန်းရုံတွင် ရိုးရာအဝတ်အထည်များ ရက်လုပ်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ၏ ပြန်လည်ထူထောင်ရေးစခန်းအတွင်း ကြည့်ရှုစဉ်။ သတင်းစဉ်

တကယ်ပဲ နားလည်အောင်လုပ်ပြီးတော့ ဒီအဓိပ္ပာယ်တွေနဲ့ ကိုက်ညီစွာနေသွားမယ်ဆိုရင် ဒီအခန်းထဲက ကလေးတွေဟာ ဘဝမှာ တိုးတက်ဖို့ပဲရှိပါတယ်။ ကိုယ့်တစ်ယောက်တည်းအတွက် မဟုတ်ဘူး။ ကိုယ့်ပတ်ဝန်းကျင်အတွက်၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်ကမ္ဘာကြီးအတွက်၊ ငြိမ်းချမ်းသော ကမ္ဘာသစ်ပါ။ ကမ္ဘာသစ်ဆိုတာ ကိုယ့်နိုင်ငံတစ်နိုင်ငံတည်း ငြိမ်းချမ်းလို့လည်း မလုံလောက်ဘူး။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းမှ အားလုံးငြိမ်းချမ်းမှာ။ တစ်ကမ္ဘာလုံးငြိမ်းချမ်းတဲ့ အခြေအနေဆိုတာ တစ်ခါမှ ဒီကမ္ဘာကြီးရဲ့သမိုင်းမှာ မဖြစ်ခဲ့ဖူးဘူး။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ လူတွေက ငြိမ်းချမ်းချင်တဲ့ဘက်ကို သိပ်မသွားလို့ပဲ။

“ဒီကလေးတွေရဲ့ခေတ်မှာကျတော့ အောင်လည်း ကြိုးစားပါ။ မိတ်ဆွေကောင်းတွေ ရအောင်လို့လည်း ကြိုးစားပါ။

**ဝိုင်းပြီးတော့ပံ့ပိုးထား**

“ကလေးတွေရဲ့ လိုအပ်ချက်တွေ ရှိတယ်ဆိုရင် ဆရာ၊ ဆရာမတွေကလည်း သက်ဆိုင်ရာ လူကြီးတွေကိုလည်း တင်ပြလိမ့်မယ်။ နောက်ပြီးတော့ အထူးသဖြင့် ကျွန်မတို့ ဖောင်ဒေးရှင်းကိုလည်း တင်ပြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ တတ်နိုင်သမျှ ကျွန်မတို့ လုပ်ပေးပါမယ်။ ဒီဖောင်ဒေးရှင်းဟာလည်း အများပြည်သူရဲ့ စေတနာအရ ရပ်တည်နေတဲ့ ဖောင်ဒေးရှင်းဖြစ်ပါတယ်။ ပြီးတော့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လုပ်ပေးတဲ့ ကိစ္စမှန်သမျှ၊ ဒီစခန်းအတွက် လုပ်ပေးတဲ့ ကိစ္စမှန်သမျှကို တစ်တိုင်းပြည်လုံးရဲ့ ပြည်သူပြည်သားတွေက လုပ်ပေးတယ်လို့ပဲ စိတ်ထဲမှာ ထားစေချင်ပါတယ်။ ဒီတစ်တိုင်းပြည်လုံးရဲ့ စေတနာတွေနဲ့ ဝိုင်းပြီးတော့ ပံ့ပိုးထားတဲ့ ကျောင်းကလေးလို့ပဲ စိတ်ထဲမှာ ထားစေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မယ့်သူတွေ အများကြီးရှိတယ်ဆိုတဲ့ အင်အားနဲ့ ဆက်လက်ပြီးတော့ သင်ယူစေချင်တယ်။

“နောက်ဆုံးအနေနဲ့ မှာချင်တာကတော့ ဒီကလေးများဟာ ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်ဇာတိကို ကိုယ်လာခဲ့တဲ့ မြေအတွက် တတ်နိုင်တဲ့အချိန်မှာ တတ်နိုင်သမျှ ပြန်ပြီးတော့ လုပ်ပေးမယ်ဆိုတဲ့ စိတ်ဓာတ်ကလေးတွေကို မွေးမြူစေချင်တယ်။

**ကောင်းတဲ့စိတ်ဓာတ်တွေမွေး**

“ဒါကြောင့် ကလေးတွေဟာ တစ်နေ့တစ်ချိန်တစ်ခါမှာ ကိုယ့်ရပ်ရွာ၊ ကိုယ့်မိဘ၊ ကိုယ့်ဆွေမျိုးသားချင်း ကိုယ်ပေါက်ဖွားလာတဲ့ ဇာတိမြေကို ဘယ်လိုပုံစံနဲ့ ပြန်ပြီးတော့ ကူညီနိုင်မလဲဆိုတာကို အမြဲပဲ နှလုံးသွင်းပါ။ ဒီလိုကူညီခြင်းအားဖြင့် တစ်ကမ္ဘာလုံးကို ကူညီတာနဲ့ အတူတူပါပဲ။ ကမ္ဘာကြီးရဲ့နေရာတစ်နေရာကို အေးချမ်းအောင် လုပ်ပေးတယ်ဆိုတာလည်းပဲ ကမ္ဘာတစ်ခုလုံးရဲ့ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုတယ်ဆိုတာ အဲဒီလို စိတ်ဓာတ်နဲ့ ကလေးတွေ ဆက်လက်ပြီးတော့ ဒီကျောင်းမှာ ကောင်းကောင်းမွန်မွန် ပညာတွေသင်ပြီးတော့ ကောင်းတဲ့ စိတ်ဓာတ်တွေ မွေးနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တောင်တန်းဒေသ ကျောင်းသားကျောင်းသူများအတွက် ငွေကျပ် ၈၆၆၀၀၀ တန်ဖိုးရှိ ခြုံစောင် ၁၀၆ ထည်၊ မျက်နှာသုတ်ပဝါ ၁၀၆ ထည်နှင့် ကျောင်းသုံး ဗလာစာအုပ် ၁၀၆ ဒါဇင်ကို ထောက်ပံ့ပေးအပ်ရာ ဂေဟာတာဝန်ခံက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာအား ပထမအဆင့် သတ်မှတ်၍ တည်ထောင်ခွင့်ပြုကြောင်း အသိအမှတ်ပြုလွှာနှင့် ငွေကျပ် ၄၈၆၀၀၀၀ ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ငွေကျပ် ၇ သိန်းတန်ဖိုးရှိ ကွန်ပျူတာ တစ်စုံနှင့် စာအုပ်စာတမ်းများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လှူဒါန်းသော ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၄၃၂၀၀၀ နှင့် ပြည်နယ်ပညာရေးမှူးရုံးမှ လှူဒါန်းသော ငွေကျပ် ၃ သိန်း တန်ဖိုးရှိ စာရေးကိရိယာများနှင့် ကျောပိုးအိတ်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဆော့လော်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခေါ်မာဂူက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ရိုးရာဝတ်စုံကို လက်ဆောင်အဖြစ်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသားကျောင်းသူများ၏ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ စိန်ဂျိုးဇက် ယာယီကယ်ဆယ်ရေးစခန်း၌ ကျင်းပသည့် နေရပ်စွန့်ခွာပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အားပေးစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငွေကျပ် ၁၁၉၅၂၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ထောက်ပံ့ပေးအပ်ရာ ကယ်ဆယ်ရေးစခန်းမှ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသမီးဦးဆောင်မိသားစုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ၅ နှစ်အောက်ကလေးများ၊ မသန်စွမ်းများနှင့် အသက် ၈၅ နှစ်အထက် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေကျပ် ၇၃၅၀၀၀၀ ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ငွေကျပ် ၄ သိန်း တန်ဖိုးရှိ စာရေးကိရိယာများနှင့် ကျောပိုးအိတ်အလုံး ၃၀၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယာယီကယ်ဆယ်ရေးစခန်းအတွင်းရှိ ရက်ကန်းရုံတွင် ရိုးရာအဝတ်အထည်များ ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကား ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

မွန်းလွဲပိုင်းတွင် လုံဂါပါစားသောက်ဆိုင်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တောင်တန်းဒေသ ကျောင်းသား ကျောင်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာမှ ကျောင်းသားကျောင်းသူလေးများနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်ပြီး မြစ်ကြီးနားမြို့ မနောကွင်းရှိ မနောတိုင်များရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လယ်ကုန်းရပ်ကွက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ၏ ပြန်လည်ထူထောင်ရေးစခန်းသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းထားသည့် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် “ဖွင့်ပွဲအခမ်းအနားကို လာပြီးအားပေးတဲ့ ပြည်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့က ဒီအခမ်းအနားကို အလေးထားရတဲ့အကြောင်းက ဘာဖြစ်လို့လဲဆိုတော့ မူးယစ်ဆေးဝါးစွဲသွားတဲ့ ပြည်သူထဲက လူငယ်တွေရော၊ လူလတ်ပိုင်းတွေရော မူးယစ်ဆေးဝါးပြတ်ပြီး ပြန်လည်ထူထောင်ဖို့ဆိုတာ အားလုံးနဲ့ဆိုင်တဲ့ကိစ္စပါ။ ဒီကိစ္စဆိုတာ လူမျိုးနဲ့လည်း မဆိုင်ဘူး၊ ကိုးကွယ်တဲ့ ဘာသာနဲ့လည်း မဆိုင်ဘူး၊ နိုင်ငံရေး အယူအဆနဲ့လည်း မဆိုင်ပါဘူး။

“ကျွန်မတို့ အားလုံးဝိုင်းဝန်းပြီးတော့ လုပ်ပေးရမယ့်ကိစ္စ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံသူနိုင်ငံသားတွေ၊ ပြည်သူပြည်သားတွေဟာ မူးယစ်ဆေးဝါးကြောင့် စွမ်းရည်တွေ ကျဆင်းသွားတာ၊ ဘဝတွေ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပျက်စီးသွားတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့အခါ ပြန်ပြီးဖေးမပေးဖို့၊ ထူထောင်ပေးဖို့ဆိုတာ ကျွန်မတို့ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းမှာ တာဝန်ရှိပါတယ်။ ဒီလိုလုပ်တဲ့ကိစ္စမှာ အားလုံးလည်း ပူးပေါင်းဆောင်ရွက်လို့ရပါတယ်။ စောစောက ကျွန်မပြောခဲ့သလို နိုင်ငံရေးအယူအဆနဲ့လည်း မဆိုင်ဘူး၊ ကိုးကွယ်တဲ့ဘာသာနဲ့လည်း မဆိုင်ဘူး၊ လူမျိုးနဲ့လည်း မဆိုင်ဘူး။ လူသားချင်းစာနာတဲ့စိတ်၊ ကိုယ့်ရဲ့ပတ်ဝန်းကျင် တည်ငြိမ်ဖို့အတွက် ကျွန်မတို့ လုပ်ပေးနေရတာလို့ပဲ ပြောရပါမယ်။

**ထိခိုက်တတ်တာတွေရှိ**

“မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကြောင့် ဘဝပျက်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ ပတ်ဝန်းကျင်ကို တစ်ခါတလေ အနှောင့်အယှက်ပေးတတ်ပါတယ်။ အဲဒီတော့ လူတစ်ယောက် မူးယစ်ဆေးဝါးစွဲသွားပြီဆိုရင် ဒီလူရဲ့မိသားစုတွေသာမကဘဲ ဒီလူရဲ့ အသိုင်းအဝိုင်း၊ နေတဲ့နေရာ၊ ပတ်ဝန်းကျင်ကိုပါ ထိခိုက်တတ်တာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဝိုင်းဝန်းပြီးတော့ ကူညီရမယ်၊ ဝိုင်းဝန်းပြီးတော့ ဖေးမရမယ်ဆိုပြီးတော့ ဆုံးဖြတ်ထားပါတယ်။

**တစ်ကမ္ဘာလုံးရဲ့ပြဿနာ**

“ကျွန်မတို့နိုင်ငံတင် မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးရဲ့ ပြဿနာပါ။ တစ်ကမ္ဘာလုံးရဲ့ ပြဿနာဆိုတာဟာ ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ရှိရင် ကမ္ဘာပေါ်မှာ အချမ်းသာဆုံး နိုင်ငံကြီးတွေတောင်မှ အပြတ်ရှင်းလို့ မရသေးပါဘူး။ ကျွန်မတို့လို ဖွံ့ဖြိုးပြီးစနိုင်ငံမှာဆို ပိုမိုပြီးတော့ အခက်အခဲတွေရှိမယ်လို့ တစ်ဖက်က ထင်ရပေမယ့် တစ်ဖက်က ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့မျှဝေချင်တဲ့စိတ် ထက်သန်ခြင်းကြောင့် ဒီကိစ္စတွေကို ကျွန်မတို့ ကိုင်တွယ်တဲ့နေရာမှာ အားသာချက်တွေရှိပါတယ်။ အားသာချက်က ပေးချင် ကမ်းချင်တဲ့စိတ်၊ ကုသိုလ်ပြုချင်တဲ့စိတ်ပါ။ ကောင်းတဲ့အမှုတွေကို ပြုချင်တဲ့စိတ်၊ လှူဒါန်းချင်တဲ့စိတ်ပါ။ လှူဒါန်းချင်တယ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာ ငွေရေးကြေးရေးအရ လှူဒါန်းတာတို့၊ ပစ္စည်းလှူတာတို့၊ အဲဒီဟာတွေထက် ပိုပြီးအရေးကြီးတာက ကိုယ့်ရဲ့စွမ်းအား၊ ကိုယ့်ရဲ့အချိန်၊ ကိုယ့်ရဲ့မေတ္တာ၊ စေတနာတွေကို ရင်နှီးပြီးတော့ လုပ်ပေးတာဟာ အင်မတန်မှ အရေးကြီးပါတယ်။

“မူးယစ်ဆေးဝါး ပြတ်အောင်လုပ်တဲ့နေရာမှာ စွဲနေတဲ့သူတွေ ဖြတ်လိုက်တယ်။ ဖြတ်ပြီးတော့ အရေးကြီးတာက ဆက်ပြီးတော့ မူးယစ်ဆေးပြတ်နေဖို့ပါ။ ပြတ်နေတဲ့အချိန်ကို ထိန်းသိမ်းသွားဖို့ပဲ၊ အဲဒါက ခက်ခဲပါတယ်။ ကျွန်မတို့ လုံးဝပြတ်အောင် ဘယ်လိုလုပ်ရမလဲဆိုတော့ လူဆိုတာ တစ်ချိန်တစ်ချိန်မှာ အားကိုးချင်တဲ့စိတ်လေးတွေ ရှိလာတယ်၊ တစ်ယောက်ယောက်ကို အားကိုးချင်တယ်၊ တစ်ခုခုကို မှီဝဲချင်တယ်၊ အဲဒီလိုဆိုရင် မူးယစ်ဆေးဝါးအစား ရပ်ရွာက မိသားစု၊ မိတ်ဆွေအင်အားတွေက အစားထိုးပေးရမယ်၊ ဒီမိသားစု၊ မိတ်ဆွေ အင်အားတွေကို အားကိုးအောင်လို့၊ ယုံကြည်အောင်လို့၊ မှီခိုအောင်လို့ လုပ်ပေးရမယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ပြည်သူတွေရဲ့အသိုင်းအဝိုင်းကို အခြေခံတဲ့၊ အခြေပြုတဲ့ အားကိုးတဲ့ မူးယစ်ဆေးဝါးဖြတ်ပေးသူများ ပြန်လည်ထူထောင်ရေးစခန်းကြီးကို ဖွင့်တာဖြစ်ပါတယ်။

**မူးယစ်ဆေးဖြတ်**

“ကျွန်မတို့ ပြန်လည်ထူထောင်ရေးစခန်းမှာဆိုရင် ပြည်သူတွေအားလုံး ပါဝင်နိုင်တဲ့ စခန်းတစ်ခုဖြစ်ပါတယ်။ ပါဝင်ဖို့လည်း လိုအပ်ပါတယ်။ နည်းအမျိုးမျိုးနဲ့ ဘက်စုံပြုလုပ်ပြီးတော့၊ ကြိုးစားပြီးတော့ လုပ်ရမှာဖြစ်ပါတယ်။ တကယ်အရေးကြီးတာက ဒီစခန်းအောင်မြင်ဖို့ဆိုရင် စခန်းကိုလာတဲ့ မူးယစ်ဆေးဖြတ်ပြီးသား ပုဂ္ဂိုလ်များဟာ တကယ်ပဲပြတ်သွားပြီလား။ ပြတ်သွားပြီး မိမိတို့ရဲ့ ရပ်ရွာ၊ နေထိုင်ရာ ဒေသတွေသာမက တဖြည်းဖြည်းနဲ့ တစ်တိုင်းပြည်လုံး၊ လူသားအားလုံးကို အကျိုးပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေ ပြန်ပြီးဖြစ်လာနိုင်ဖို့ အရေးကြီးပါတယ်။

**ဆေးစွဲတဲ့အထိ ရောက်သွား**

“လေ့လာမှုစစ်တမ်းတွေအရ ဆယ်ကျော်သက်လူငယ်တွေပါ မူးယစ်ဆေးကို စမ်းသပ်သုံးစွဲကြတယ်လို့ သိရပါတယ်။ ကျွန်မသိသလောက် အများစုက စာမေးပွဲအတွက် စာကျက်ဖို့ ဒီဟာလေးသုံးလိုက်ရင် အိပ်မငိုက်ဘူး၊ ဘာမှလည်း မဖြစ်နိုင်ဘူးဆိုပြီး ဆေးအဖြစ်သုံးရင်းနဲ့ တစ်လုံးကနေ နှစ်လုံး၊ နှစ်လုံးကနေ ခြောက်လုံး စသဖြင့် များများလာပြီး ဆေးစွဲတဲ့အထိကို ရောက်သွားပါတယ်။

“တာဝန်ရှိသူတွေအနေနဲ့ ဒီလိုစခန်းမှာလာပြီး မိဘတွေကို ပညာပေးတဲ့ အစီအစဉ်တွေ လုပ်ဖို့လိုပါတယ်။ ကိုယ့်သားသမီးတွေက ဆေးတွေသုံးစွဲနေတယ်ဆိုရင် ဘယ်လိုလက္ခဏာတွေ ဖြစ်ပေါ်နေလဲ၊ ဘယ်လိုပုံစံတွေ ပြောင်းလဲနေလဲဆိုတာကို အမြဲမပြတ် သတိထားစောင့်ကြည့်သင့်ပါတယ်။ ဒီလို ပြန်လည်ထူထောင်ရေးစခန်း ဖွင့်နိုင်တဲ့အကြောင်းရင်းကလည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူတာဆိုပေမယ့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို လှူနိုင်အောင် ထောက်ပံ့တာကတော့ ချက်သမ္မတနိုင်ငံက ဖြစ်ပါတယ်။ ချက်နိုင်ငံဆိုတာဟာ မြန်မာနိုင်ငံအပေါ်မှာ မိတ်ဆွေအဖြစ် ဆက်ဆံခဲ့တာ နှစ်ပေါင်းများစွာရှိပါပြီ။ ကျွန်မတို့နိုင်ငံရဲ့ အခက်အခဲတွေကို အမြဲတမ်းနားလည်စွာနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ကူညီပေးတဲ့အထဲမှာ ချက်နိုင်ငံပါပါတယ်။ ချက်နိုင်ငံဟာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက တခြားနေရာတွေမှာဖွင့်ဖို့ အစီအစဉ်အနေနဲ့ မူးယစ်ဆေးဝါးဖြတ်သူများစခန်းတွေအတွက်လည်း လှူဒါန်းဖို့ အစီအစဉ်တွေ ရှိပြီး ပါပြီ။ လူငယ်၊ လူလတ်တွေရဲ့ဘဝတွေ ပြန်လည်ထူထောင်ရေးအတွက် စေတနာအပြည့်အဝနဲ့ကူညီတဲ့ မိတ်ဆွေနိုင်ငံရဲ့ သံအမတ်ကြီးကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

“ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် အမြန်အောင်မြင်ဖို့ဆိုတာ ပြည်သူလူထုရဲ့ပါဝင်ပတ်သက်ဖို့ လိုပါတယ်။ ပြည်သူလူထုက တက်တက်ကြွကြွနဲ့ ပါဝင်ပတ်သက်မှု မရှိရင် ဘယ်လုပ်ငန်းမှ မအောင်မြင်နိုင်ပါဘူး။ ဘယ်အစိုးရကမှ ပြည်သူလူထုရဲ့ ထောက်ပံ့မှုမရှိဘဲနဲ့ အောင်မြင်မှု မရနိုင်ပါဘူး။ ဘယ်လောက်ပဲ အတော်ဆုံးလူတွေနဲ့ ဖွဲ့စည်းထားတဲ့အစိုးရဖြစ်စေ ပြည်သူလူထုရဲ့ထောက်ပံ့မှု၊ ကူညီဝိုင်းဝန်းမှုနဲ့သာ အောင်မြင်မှု ရနိုင်ပါတယ်။ ဒါကြောင့် ဒီပြန်လည်ထူထောင်ရေးစခန်းဆိုတာကလည်း မြစ်ကြီးနား ပြည်သူလူထုရဲ့ ဝိုင်းဝန်းကူညီထောက်ခံမှုတွေနဲ့သာ မူးယစ်ဆေးဝါးဖြတ်ပေးသူများကို အကျိုးပြုနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်”ဟု ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမိုးဇော်ဦးက အဆောက်အအုံ ဆောက်လုပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းထံ အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jaroslav Dolecek ထံ ကျေးဇူးတင်လွှာ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျေးဇူးတင်စကား ပြောကြားပြီး မူးယစ်သံသရာ မလည်စေရန် ဆက်လက်ဆောင်ရွက်သွားမည့်စခန်း အခြေပြုလုပ်ငန်းစဉ်များနှင့် ရပ်ရွာအခြေပြုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းရပ်ကွက် အင်ဂျန်ဒုံနှစ်ခြင်း အသင်းတော် နေရပ်စွန့်ခွာပြည်သူများ ယာယီကယ်ဆယ်ရေးစခန်း၌ ကျင်းပသည့် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အင်ဂျန်ဒုံနှစ်ခြင်း အသင်းတော် ယာယီကယ်ဆယ်ရေး စခန်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားပေးစကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယာယီကယ်ဆယ်ရေးစခန်းမှ ကိုယ်စားလှယ်များထံ ငွေကျပ် ၃၇၇၇၅၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသမီး ဦးဆောင်မိသားစုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ၅ နှစ်အောက်ကလေးများ၊ မသန်စွမ်းများနှင့် အသက် ၈၅ နှစ်အထက် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေကျပ် ၁၈၅၀၀၀၀ ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က စာရေးကိရိယာများနှင့် ကျောပိုးအိတ်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ စခန်းတာဝန်ခံနှင့် ကျောင်းသား ကျောင်းသူလေးများက လက်ခံရယူကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စခန်းအတွင်းရှိ လူနေဆောင်များနှင့် ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အားပေးစကားပြောကြားရာ၌ “အဓိက ရည်ရွယ်ချက်ကတော့ အားလုံးက ကိုယ့်ရပ်ကိုယ့်ရွာမှာ ပြန်ပြီးတော့ အေးအေးချမ်းချမ်းနေနိုင်ဖို့ ဖြစ်ပါတယ်။ ဒီစခန်းတွေကို ထူထောင်ထားတဲ့ ပုဂ္ဂိုလ်တွေရော၊ ပံ့ပိုးနေတဲ့ အဖွဲ့အစည်းတွေရော အစိုးရအပါအဝင် အဓိက တာဝန်တစ်ခုကတော့ ဒီစခန်းမှာရှိတဲ့ ပြည်သူ ပြည်သားတွေ တစ်ချိန်တစ်ခါကျရင် မိမိတို့ရဲ့နေရပ်မှာ အေးအေးဆေးဆေး၊ ချမ်းချမ်းသာသာ တိုးတက်စွာ နေသွားနိုင်ဖို့ ပြင်ဆင်ပေးဖို့ ဖြစ်ပါတယ်။ ဒီလိုစခန်းတွေကိုလာတယ်ဆိုတာ တစ်ခဏပဲလို့ စိတ်ထဲမှာ ထားစေချင်တယ်။ တစ်ချိန်တစ်ခါမှာ တို့ရပ်ရွာတွေကို ပြန်လည်ပြီးတော့ ထူထောင်မယ်၊ ငြိမ်းချမ်းရေးအတွက် တည်တံ့ခိုင်မြဲရေးအတွက် ဖွံ့ဖြိုးရေးအတွက် ဝိုင်းလုပ်မယ်၊ အဲဒီလိုစိတ်တွေကို မွေးဖို့ အင်မတန်မှ အရေးကြီးပါတယ်။

“ဒီလိုစခန်းတွေမှာ ပညာရေးနဲ့ ကျန်းမာရေးကို ပိုပြီးအလေးထားပါတယ်။ ပညာရေးဆိုတာ စိတ်ပိုင်းဆိုင်ရာ ခွန်အားအတွက်၊ ကျန်းမာရေးဆိုတာ ရုပ်ပိုင်းဆိုင်ရာ ခွန်အားအတွက် ဘယ်သူမဆို လူသားတွေဖြစ်လာပြီဆိုရင် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာရော အင်အားပြည့်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။

“စခန်းထဲမှာရှိတဲ့ ပြည်သူတွေ အထူးသဖြင့် လူငယ်တွေကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အင်အားဖြည့်ဆည်းပေးဖို့ အလေးအနက်ထားပြီး လုပ်ဆောင်စေချင်တယ်။ လိုအပ်တဲ့ အကူအညီတွေကို အစိုးရအဖွဲ့ကို တောင်းစေချင်ပါတယ်။ ဒါကတော့ ရုပ်ပိုင်းဆိုင်ရာဘက်ကပါ။ နောက်ပြီး ရုပ်ပိုင်းဆိုင်ရာနဲ့ ပညာရေးဘက်နဲ့ နည်းနည်းဆက်စပ်နေတာကတော့ ကိုယ်လက်လှုပ်ရှားမှုပါ။ ကလေးများကို ကိုယ်လက်လှုပ်ရှားမှုဘက်မှာ အားပေးစေချင်ပါတယ်။ ဘယ်လိုပဲပြောပြော တတ်နိုင်တဲ့ဘက်ကနေပြီး အားပေးစေချင်ပါတယ်။

**အခွင့်အလမ်းတွေ ပေးဖို့လို**

“အားကစားဘက်တင်မကဘဲ အနုပညာ ဂီတဘက်ကိုလည်း အားပေးစေချင်ပါတယ်။ ကိုယ်ကျန်းမာဖို့လည်းလိုတယ်။ အနုပညာစိတ်ဓာတ်တွေလည်း ဖွံ့ဖြိုးအောင်လို့ အခွင့်အလမ်းတွေပေးဖို့ လိုပါတယ်။ စုပေါင်းပြီး သီချင်းဆိုတာတို့၊ စုပေါင်းပြီး တီးဝိုင်းတီးတာ၊ စုပေါင်းပြီးတော့ အနုပညာနဲ့ ပတ်သက်တဲ့ အလုပ်တွေ လုပ်တာတို့ဟာ အချင်းချင်းကိုလည်း ပိုပြီးသွေးစည်းစေတယ်။ စိတ်ချမ်းသာမှုလည်း ပေးပါတယ်။ ဒါအတွက်လည်း အလေးထားပြီး လုပ်ပေးစေချင်ပါတယ်။

“ဒီနေ့ ဒီမှာလာပြီးတော့ အားပေးစကားပြောတယ်ဆိုတာလည်း ကျွန်မရဲ့ စိတ်ထဲမှာရှိတာတွေ မျှဝေခဲ့တယ်လို့ ဒီလိုပဲ ခံစားပါတယ်။ ဒီလိုစခန်းတွေ လာတဲ့အခါကျမှ ကိုယ့်ရပ်ကိုယ့်ရွာစွန့်ပြီး ရွှေ့ပြောင်းလာရတဲ့ ပြည်သူ ပြည်သားတွေစိတ်ထဲမှာ ခံစားမှုတွေရှိသလဲ။ ဒီခံစားမှုတွေ ပျောက်ဖို့အတွက် ကျွန်မတို့ဟာ ဘယ်လိုလုပ်ဖို့ ကြိုးစားနေတယ်ဆိုတာ အဲဒါတွေကို မျှဝေတာပါ။ မျှဝေခြင်းအားဖြင့် ဒီပြဿနာတွေကို ပိုပြီးတော့ ထိထိရောက်ရောက် ဖြေရှင်းနိုင်မယ့် နည်းတွေကို တွေ့လာကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အမြဲပဲ ဝန်ကြီးဌာနတွေရော၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရတွေရော ပြည်သူလူထုနဲ့ ထိတွေ့မှု အမြဲရှိရမယ်ဆိုတာ အားပေးပါတယ်။ အများစုအတွက် သာယာမယ့်၊ လုံခြုံမယ့် လူ့အသိုင်းအဝိုင်းတစ်ခုကို ဖန်တီးဖို့၊ ပြုစုပျိုးထောင်ဖို့တို့ကို ဦးတည်တာပါ။

“ကျွန်မတို့အနေနဲ့ ဒီလိုနေရပ်စွန့်ခွာသွားတဲ့ ပြည်သူပြည်သားများ ဒီလိုစခန်းမှာ နေနေရတာကို လုံးဝမနှစ်မြို့

*စာမျက်နှာ ၈ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဂျန်ဒုံနှစ်ခြင်းအသင်းတော် နေရပ်စွန့်ခွာပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းအတွက် ဆန်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ထောက်ပံ့ငွေ ပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ထောက်ပံ့ငွေ ပေးအပ်စဉ်။ သတင်းစဉ်



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် ကျောပိုးအိတ်များ ထောက်ပံ့ပေးအပ်စဉ်။ သတင်းစဉ်

# တင်ဒါလုပ်ငန်းနှင့် ဥပဒေအမြင်



....... ဦးဟန်ညွန့် (ဥပဒေ) .......

နိဒါန်း

**အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းအား နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ဖြင့် ၁၀-၄-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်မည့်အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်"ကို ၉-၁-၂၀၁၄ နှင့် ၆-၉-၂၀၁၆ ရက်နေ့တို့တွင် ဆက်လက်ထုတ်ပြန်ခဲ့ပါသည်။**

ပြည်ထောင်စု၊တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

**တင်ဒါကော်မတီဖွဲ့စည်းခြင်း**

"**တင်ဒါကော်မတီ**"ဖွဲ့စည်းရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်မှ "**တင်ဒါကော်မတီ**" ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲများ ပါဝင်သော "**တင်ဒါကော်မတီ**" ကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ခေါ်ယူသည့် တင်ဒါများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများမှ "**တင်ဒါကော်မတီ**" ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဝယ်ယူမည့်တိုင်းဒေသကြီး၊ ပြည်နယ်ဌာန အကြီးအကဲများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ကိုယ်စားလှယ်များပါဝင်သော "**တင်ဒါကော်မတီ**" ကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ တင်ဒါခေါ်ယူခြင်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဝယ်ယူမည့်ဌာနနှင့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သော "**တင်ဒါကော်မတီ**" ကို ဖွဲ့စည်းရမည်။

"**တင်ဒါကော်မတီ**" အနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှု ရယူခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုဘဲ "**တင်ဒါကော်မတီ**" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ(၃)ခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်သည်။

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ် ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ(၂)ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာန အဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦး ပါဝင်ဖွဲ့စည်းရမည်။

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက်(၁)လ ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး(၁)လ ကြိုတင်ကြေညာရမည်။

(ဃ) နိုင်ငံတကာ တင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေ သုံးစွဲရမည့်ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူရမည်။

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင် ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး ဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေရမည်။

"**တင်ဒါကော်မတီ**"သည် ငှားရမ်းခြင်းနှင့်ရောင်းချခြင်းတင်ဒါများအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံး ကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းအောက်ဖြစ်ပါက "**တင်ဒါကော်မတီ**"မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာ ဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ် ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် ရက်သတ္တ (၂)ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသော ဆက်စပ်ဌာန၊ အဖွဲ့အစည်းများမှ အနည်းဆုံး(၃)ဦး ပါဝင်ဖွဲ့စည်းရမည်။

(ခ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေး တန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့်လုပ်ငန်း အမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁)လ ကြိုတင်ပြီး နိုင်ငံပိုင် သတင်းစာများ တွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် (၁)လ ကြိုတင်ကြေညာရမည်။

"**တင်ဒါကော်မတီ**" သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှု ရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ / မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေး အချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာ များအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက် လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဆ) "**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**" ကို တာဝန်ပေးအပ်ခြင်း၊

(ဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေး တင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင် ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

**တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း**

"**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**"သည် အကဲဖြတ်မှုအစီရင်ခံစာအား အကြံပြုချက်များနှင့်အတူပြုစု၍ "**တင်ဒါကော်မတီ**" ထံတင်ပြရမည်။ အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့် ရှင်းလင်းချက်များကို ဖော်ပြရမည်။ "**တင်ဒါကော်မတီ**" မှ တင်ဒါရွေးချယ်မှုအား သက်ဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာပြီး ကန်ထရိုက်အပ်နှင်းခြင်းကို ဆောင်ရွက်ရမည်။ ကော်မတီသည် အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သော တင်ဒါတင်သွင်းသူများအား တရားဝင်အကြောင်းကြားပြီး တင်ဒါအာမခံကြေးကို (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအာမခံကြေးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခုမှရယူ၍ တင်ဒါစာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း တင်သွင်းရမည်။ လုပ်ငန်းအာမခံကြေး တင်သွင်းပြီးပါက စာချုပ်တွင် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူ ပေးသွင်းထားသည့် တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးရမည်။ လုပ်ငန်းအာမခံကြေးသည် စာချုပ်တန်ဖိုး၏ (၁၀%) ဖြစ်သည်။ ဈေးနှုန်းအဆိုပြုလွှာ ခေါ်ယူခြင်းအတွက် လုပ်ငန်းအာမခံကြေး မလိုအပ်ပါ။

**လုပ်ထုံးလုပ်နည်းထုတ်ပြန်ခြင်း**

ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအမြင်တွင် သံသယကင်းရှင်းစေရန်အတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်သည့်အခါ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်/ကုမ္ပဏီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အကြီးအကဲများ၊ တိုင်းဒေသကြီး /ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရနှင့်လုပ်ငန်းအရ ပတ်သက်ခြင်းတို့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရပါမည်။ ထို့အပြင် တင်ဒါရွေးချယ်မှုကို မလျော်သြဇာသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုရှိစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**တိကျသေချာစွာ**

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် ၁/၂၀၁၇ အရ တင်ဒါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားပြီးဖြစ်ရာ သက်ဆိုင်သူများအနေနှင့် တိကျသေချာစွာ လေ့လာဖတ်ရှုပြီး လက်တွေ့လိုက်နာ ဆောင်ရွက်သင့်ပါသည်။

နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ အဓိက ဦးတည်ချက် ထားရှိပါသည်။ အဂတိလိုက်စားမှုမရှိစေရေး၊ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းမဖြစ်စေရေး၊ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး အထူးလိုအပ်လှပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**တင်ပြချက်**

တင်ဒါလုပ်ငန်းစဉ်တစ်ခုတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းကို ထိခိုက်နစ်နာဆုံးရှုံးလျှင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(က)(၂)အရ အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်သည့်အတွက် အရေးယူခံရနိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိနားလည်သင့်ပါကြောင်းနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာခြင်းဖြင့် အဂတိလိုက်စားမှုကျူးလွန်ခြင်း မပြုကြရေး နှိုးဆော်တိုက်တွန်းလျက် အကြံပြုတင်ပြအပ်ပါသည်။ ။

❑ **တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေး

❍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနှင့် မဟာဗျူဟာစီမံချက်လေးနှစ်စီမံကိန်း (၂၀၁၈ - ၂၀၂၁) ရည်မှန်းချက်များဖြစ်သည့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးမှုလျှော့ချနိုင်ရန်၊ အဂတိလိုက်စားမှုကျဆင်းစေရန်၊ အဂတိလိုက်စားမှု ထိန်းချုပ်နိုင်မှုကို သိသာထင်ရှားစွာ တိုးတက်လာစေရန် မဟာဗျူဟာအဖြစ် ချမှတ်ပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

❍ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရဌာနများမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဆက်စပ်ဆောင်ရွက်နိုင်ရန် အစီအမံများလည်း ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် လူပုဂ္ဂိုလ်တစ်ဦး၏ အခြေခံရပိုင်ခွင့်များ၊ နိုင်ငံသားများ၏ မူလအခြေခံ အခွင့်အရေးများ မဆုံးရှုံးရအောင် လူ့အခွင့်အရေးကို အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

❑ *ကျော်ဖုံးမှ*

အခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ် အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၈ ဖြင့် ၂၁-၉-၂၀၁၈ ရက်နေ့တွင် လုပ်ငန်းတာဝန် ၄ ရပ် ချမှတ်ကာ ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းများကို စနစ်တကျ တာဝန်ခွဲဝေပြီး အောင်မြင်စွာစီမံဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ထပ်မံဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

### မွန်မြတ်သည့် အလှူတော်

ကထိန်သင်္ကန်း အလှူသည် ဘုရားရှင်က ဝိနည်းသိက္ခာပုဒ်နှင့် ဆက်စပ်ခွင့်ပြုထားသည့် သံဃိကအလှူဖြစ်သလို ကထိန်ကာလကို သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ခွင့်ပြုထားသည်ကို မှတ်သားသိရှိရပါကြောင်း၊ ထို့ကြောင့် ကထိန်သင်္ကန်းအလှူသည် "တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ တစ်ကျောင်း၊ တစ်ကျောင်းမှာလည်း တစ်ကြိမ်" သာ လှူဒါန်းခွင့်ရသည့် ကာလဒါန အလှူတော်ဖြစ်သည့်အတွက် မွန်မြတ်သည့် အလှူတော်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ထူးခြားသည့် ကထိန်အလှူပွဲကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးပြီး ၂၀၁၂ ခုနှစ်ကစပြီး ကျင်းပခဲ့ရာမှာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း၊ သီတင်းမကျွတ်မီ ဝါတွင်းကာလမှာပင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူပြီး ကထိန်ဆိုင်ရာဝိနည်းတရားတော်နှင့် ညီညွတ်သော ကျောင်းတိုက်များကို ညှိနှိုင်းရွေးချယ်သတ်မှတ်ကာ သက်ဆိုင်ရာကျောင်းတိုက်ဆရာတော်များကိုလည်း လျှောက်ထားပြီးဖြစ်သည်ကို သိရှိရပါကြောင်း။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယခုပြုလုပ်သည့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအားလုံးက ဝိုင်းဝန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နှစ်စဉ်ကျင်းပပြုလုပ်နေသည့် အခမ်းအနားဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယခင်နှစ်များက အတွေ့အကြုံများကို အခြေခံ၍ တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ သက်ဆိုင်ရာကော်မတီများအနေဖြင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူကြမည့် ဆရာတော်ကြီးများကို ကြိုဆိုပင့်ဆောင်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးအတွက် လိုအပ်သည်များကို သေချာစွာ ကြိုတင်စီမံ ပြင်ဆင်ဆောင်ရွက်ရန်၊



ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။

တည်းခိုနေထိုင်မည့် ကျောင်းဆောင်များတွင် ရေ၊ မီး၊ သန့်ရှင်းမှု ကောင်းမွန်ရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်၊ ဆွမ်းနှင့် ဟင်းလျာများချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် စစ်ဆေးဆောင်ရွက်ပေးရန်၊ ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်အတွက် ဆေးခန်းများဖွင့်လှစ်ပေးနိုင်ရေးနှင့် Medical Check up ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

### ကြိုတင်စီမံဆောင်ရွက်

အခမ်းအနား ကျင်းပပြုလုပ်မည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း အခမ်းအနားပြင်ဆင်မှုကို ထည်ဝါစွာဆောင်ရွက်သွားရန်၊ ကထိန်ပဒေသာပင်များကိုလည်း လှပတင့်တယ်အောင် ပြင်ဆင်ဆောင်ရွက်ရန်၊ ပဒေသာပင်များကို သတ်မှတ်နေရာများသို့ အချိန်မီရောက်ရှိရေးနှင့် အခမ်းအနားပြီး၍ ကျောင်းတိုက်များသို့ ပို့ဆောင်ရာမှာလည်း စနစ်တကျရှိစေရေး ကြိုတင်စီမံဆောင်ရွက်သွားရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးမှာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြပေးကြရန်နှင့် လိုအပ်သည့် အကြံပြုချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

### အောင်မြင်စွာကျင်းပရေး

ထို့နောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆပ်ကော်မတီဖွဲ့စည်းထားရှိမှုများ၊ သံဃာတော်များ ပင့်ဆောင်မည့်အစီအစဉ်၊ ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်မည့်အစီအစဉ်နှင့် အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များ၊ လှူဖွယ်ပစ္စည်းပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက လည်းကောင်း၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များနှင့် သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက လည်းကောင်း၊ ပဒေသာပင်များ စီစဉ်ရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက လည်းကောင်း၊ ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က လည်းကောင်း၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေး ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လည်းကောင်း၊ ကျန်းမာရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးနှင့် နေပြည်တော် ခုတင် - ၁၀၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ပပက လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် အလှည့်ကျ သဘာပတိ ဦးထွန်းကြည်က လည်းကောင်း၊ လုံခြုံရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များကို အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်နှင့် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူတို့က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### တက်ရောက်

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုတင်ပြဆွေးနွေးချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကြည်မင်း၊ ဦးသာဦး၊ ဒေါက်တာထွန်းနိုင်၊ ဦးမောင်မောင်ဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

✤ *ကျော်ဖုံးမှ*

(က) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊

(ဃ) ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရန်အတွက် ကြိုတင်ဆန္ဒမဲပေးရန် အမှန်တကယ် လိုအပ်သူများ။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် သွားရောက်လေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❍ *ကျော်ဖုံးမှ*

ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံ အောင်လအန်ဆန်က " ဒီပြိုင်ပွဲအတွက် ကျွန်တော် ၁၀ ပတ်ကျော်ကျော် လေ့ကျင့်ထားပါတယ်။ အခု ကျွန်တော်နဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ပြိုင်ဘက်က တစ်ဖက်ပြိုင်ဘက်အပေါ် အားသာချက်တွေ အများကြီးရှိပါတယ်။ အဲဒါတွေကို သေချာလေ့လာထားပြီး သူ့ရဲ့အားသာချက်၊ အားနည်းချက်တွေအတွက် ပြင်ဆင်လေ့ကျင့်ထားပါတယ်။ ဒီပွဲမှာလည်း Stand Fight နဲ့ ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ ပြိုင်ဘက်ကို သုံးချီအတွင်း အပြီးယှဉ်ပြိုင်ထိုးသတ်မယ်လို့ ရည်ရွယ်ထားပါတယ်" ဟု ယနေ့ နံနက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ အောင်လအန်ဆန်သည် လာမည့် အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ(၁)၌ လက်ဘနွန်နိုင်ငံသား MMA နာမည်ကြီးကစားသမား ကရာကီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လဆန်ဆန် ယှဉ်ပြိုင်ထိုးသတ်ရမည့် ကရာကီသည် လက်ရှိတွင် MMA ပြိုင်ပွဲပေါင်း ကိုးပွဲယှဉ်ပြိုင်ထိုးသတ်ရာတွင် ပွဲအားလုံးအနိုင်ရရှိထားပြီး အထူးသဖြင့် ဂျူဂျစ်စုနည်းနှင့် နပန်းပညာရပ်တို့တွင် ကျော်ကြားသော MMA ကစားသမားတစ်ဦး ဖြစ်သည်။

"အရင်ပွဲတွေ လေ့ကျင့်တုန်းကတော့ အရပ်လည်းမြင့်၊ ဝိတ်လည်း ကိုယ့်ထက်ကြီးတဲ့ MMA နည်းပြဆရာတွေနဲ့ လေ့ကျင့်ခဲ့တယ်။ ဒီပွဲမှာ ကရာကီလို နပန်းအားသန်တဲ့ နည်းပြတွေနဲ့ လေ့ကျင့်ခဲ့ပါတယ်။ တစ်နေ့ကို သုံးကြိမ်အထိ လေ့ကျင့်ခဲ့ပြီး တစ်ပတ်ကို တစ်ရက်သာ လေ့ကျင့်မှုနားခဲ့ပါတယ်။ ဒီပြိုင်ပွဲက နည်းနည်းခက်ခဲမယ့်ပွဲထဲမှာတော့ ပါမယ်လို့ ထင်ပါတယ်။ အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင် ထိုးသတ်သွားမှာပါ" ဟု အောင်လအန်ဆန်က ဆက်လက်ပြောကြားသည်။

အောင်လအန်ဆန်သည် အောက်တိုဘာ ၂၆ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့် MMA မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲတွင် အောင်မြင်မှုရရှိပြီး တစ်ဖက်ပြိုင်ဘက်ကို သုံးချီအတွင်း အပြီးယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကာ ယခုပွဲသည် အောင်လ၏ ဒုတိယအကြိမ် ကာကွယ်ပွဲဖြစ်သည်။ ယင်းနေ့တွင် အဆိုပါ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ကာကွယ်ပွဲနှင့်အတူ ယှဉ်ပြိုင်ထိုးသတ်သွားမည့် တွဲဆိုင်းများမှာ ဖိုးသော်(မြန်မာ)နှင့် ဆူဘား(မလေးရှား)၊ ရာဖေးလ်(ဘရာဇီး)နှင့် မိုလစ်ဒ်(ရုရှား)၊ အီမီလို(အမေရိကန်)နှင့် ကာဇူကီ(ဂျပန်)၊ အီဗရာဟင်(မော်ရိုကို) နှင့် တာရစ်ခ်(မော်ရိုကို)၊ ဒီဂျေဒမ်မောင်း(ထိုင်း)နှင့် ဟာမန်းရှု(အိန္ဒိယ)၊ ဟန်ကျိုးဟွာ(တရုတ်)နှင့် ရိုင်ယန် (ဖိလစ်ပိုင်)၊ ရဲသွေးနီ(မြန်မာ)နှင့် မိုက်ရိုင်း(မြန်မာ)၊ လူးဝစ် (ဘရာဇီး)နှင့် ဒိုင်ချီ( ဂျပန်)၊ ဂျိုးဇက် (အီတလီ) နှင့် တိုနာ (ဩစတြေးလျ)၊ မာရှုဒေါင်(တရုတ်)နှင့် အာမက် (အာဖဂန် နစ္စတန်)၊ ရူဒီ( အင်ဒိုနီးရှား)နှင့် အစ္စလမ်(ဘင်္ဂလားဒေ့ရှ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

◆ *ကျော်ဖုံးမှ*

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ အကောင်းဆုံးဂိုးသမားဆုရရှိသော ကျောနံပါတ်(၁) ထွန်းထွန်းဝင်း (စစ်ကိုင်း) အားအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းထိုက်က လည်းကောင်း၊ နောက်တန်းအကောင်းဆုံးအားကစားသမားဆု ရရှိသော ကျောနံပါတ် (၄) စောထောနေမှူး (ပဲခူး)နှင့် အလယ်တန်း အကောင်းဆုံးအားကစားသမားဆု ရရှိသော ကျောနံပါတ်(၆) သူရိန်ဖြိုး (မန္တလေး) တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက လည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးအားကစားသမားဆု ရရှိသွားသော ကျောနံပါတ်(၁၀) ကောင်းဇင်မိုး (တနင်္သာရီ) နှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆု ရရှိသွားသော ကျောနံပါတ်(၁၆) မုန်ကိမ်းခိုင် (စစ်ကိုင်း) တို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက လည်းကောင်း၊ တတိယဆုရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူက လည်းကောင်း၊ ပထမဆုရရှိသွားသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များအပြင် အမျိုးသားတံခွန်စိုက်ဆုဖလားကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက လည်းကောင်း **(အောက်ပုံ)** ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



*စာမျက်နှာ ၅ မှ*

ပါဘူး။ အမြန်ဆုံး ကိုယ့်ရပ် ကိုယ့်ရပ်ရွာမှာ အေးအေးချမ်းချမ်း ဖွံ့ဖြိုးတိုးတက်စွာ နေနိုင်ဖို့အတွက်ပဲ လိုလားပါတယ်။ ဒီအတွက်လည်း အတတ်နိုင်ဆုံး ကြိုးစားသွားမှာပါ။ ကြိုးစားတဲ့နေရာမှာလည်း ကာယကံရှင်များကိုယ်တိုင်က ဝိုင်းဝန်းပြီး ကူညီပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

"ပြည်နယ်အစိုးရ ကလည်း အင်မတန်မှ အဓိကကျပါတယ်။ စခန်းတွေမှာ ပြဿနာတွေရှိရင် ပြည်နယ်အစိုးရကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေချင်ပါတယ်။ ပြဿနာရှိတာကို ဖုံးထားလို့လည်း ပြဿနာက ပျောက်သွားမှာ မဟုတ်ပါဘူး။ မကျေနပ်မှုတွေကို ဘာမှ မပြောဘဲနဲ့ ဖုံးထားလို့လည်း ပျောက်သွားမှာ မဟုတ်ပါဘူး။ ဒါကြောင့် လိုအပ်ချက်တွေရှိရင် ပြည်နယ်အစိုးရနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးပါ။ ဆွေးနွေးပြီးတော့ ဒီဟာတွေကို ဖြေရှင်းပေးလို့ရပါတယ်။

"ဒီမှာရောက်နေတဲ့ အချိန်ကာလမှာ နောင်ကိုယ့်ဘဝအတွက် နောင်ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်သွားရင် ကိုယ့်ရွာရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်နိုင်တဲ့အားတွေကို ဒီမှာယူပါ။ လုပ်နိုင်မယ့် အရည်အချင်းတွေကို ဒီမှာရအောင် လုပ်ပါ။ ကလေးတွေကိုလည်း ဒီဟာအတွက်ကို အားပေးစေချင်ပါတယ်။ ကျွန်မတို့ရဲ့ အနာဂတ်ဟာ ကလေးတွေပါပဲ။ လူငယ်တွေ၊ ကလေးတွေဟာ မှန်ကန်တဲ့စံနှုန်းထားတွေရှိမှ၊ ကိုယ့်ရပ်ကိုယ့်ရွာကို ကူညီချင်တဲ့စိတ်တွေရှိမှ ရေရှည်မှာ အေးချမ်းမယ်။ ရေရှည်မှာ ဖွံ့ဖြိုးတိုးတက်မယ်။ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းရေးအင်မတန်မှ မွတ်သိပ်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို အင်မတန်မှလိုအပ်နေတဲ့နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံ့ရေရှည် ဖွံ့ဖြိုးရေးအတွက် အဓိကအာဟာရက ငြိမ်းချမ်းရေးကို လိုလားတဲ့ စိတ်ဓာတ်ပါပဲ။ ဒီလိုစိတ်ဓာတ်တွေကို စခန်းတွေမှာ သင်ပေးမယ်လို့ မျှော်လင့်ပါတယ်။ စခန်းတွေကို အခြေခံပြီးတော့ တိုင်းရင်းသားများကြားမှာ ညီရင်းအစ်ကိုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေ ပွားများလာအောင်လို့ အင်မတန်မှ လုပ်ပေးချင်ပါတယ်။

"အစိုးရဆိုတာ ပြည်သူတွေကြားထဲမှာ ခွဲပြီးတော့ ဆက်ဆံလို့မရပါဘူး။ ကျောသားရင်သား မခွဲရဘူးဆိုတာ ဒါကိုပြောတာပါ။ ကျွန်မတို့ ခဏခဏ ပြောနေတဲ့ တရားဥပဒေစိုးမိုးရေးဆိုတဲ့ အဓိပ္ပာယ်ကတော့ တရားဥပဒေအရ၊ အစိုးရရဲ့ မူဝါဒအရ နိုင်ငံသူ နိုင်ငံသားတွေကြားမှာ ခွဲခြားပြီးတော့ မဆက်ဆံရဘူး။ အားလုံးကို တန်းတူညီတူ ဆက်ဆံရမယ်။ ကျွန်မတို့ ပြည်သူတစ်ဦးချင်း တစ်ဦးချင်းဟာ တန်ဖိုးရှိပါတယ်။ ပြည်သူတစ်ဦးချင်း၊ တစ်ဦးရဲ့တန်ဖိုးတွေ စုပေါင်းပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ တန်ဖိုးဖြစ်လာမှာပါ။

"ဒီစခန်းထဲမှာရှိတဲ့ ပြည်သူပြည်သားအားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ နေနိုင်ဖို့အတွက် အစိုးရအနေနဲ့လည်း ကြိုးစားသွားပါမယ်။ ပြည်သူပြည်သားတွေ အနေနဲ့လည်း ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ငြိမ်းချမ်းသာယာဖို့အတွက် တတ်နိုင်တဲ့ဘက်က နေပြီးတော့ ပံ့ပိုးပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် DW Akademie အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် DW Akademie ၏ Country Director ဖြစ်သူ Ms. Eva Mehl ဦးဆောင်သည့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

တွေ့ဆုံစဉ် DW Akademie မှ အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့်မီဒီယာ (PSB) ၏ လုပ်ငန်းသဘောသဘာဝများ၊ ဖွဲ့စည်းပုံ၊ အုပ်ချုပ်မှုအဖွဲ့ဝင်များ ရွေးချယ်ပုံနှင့် ဘဏ္ဍာငွေရယူသုံးစွဲပုံစနစ်များနှင့် ပတ်သက်၍ Power Point Presentation ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ (၆)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

**တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ (၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီ တွင် နေပြည်တော် အမရာဟိုတယ်၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်နေပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရားလွှတ်တော်ရှေ့နေတို့ ပါဝင်ဆွေးနွေးခဲ့သည့် တရားဥပဒေစိုးမိုးရေး စကားဝိုင်းများကို မကြာမီက ထုတ်လွှင့်ခဲ့ပါကြောင်း။

တရားဥပဒေစိုးမိုးရေးကို ပိုမိုအထောက်အကူပြုနိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးတို့အတွက် မဟာဗျူဟာတစ်ရပ် ရေးဆွဲနိုင်ရန်ရည်ရွယ်ပြီး မတ်လကကျင်းပခဲ့သည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် ပန်းတိုင် ၄ ရပ်၊ အကြောင်းအရာ ၆ ရပ်ဖြင့် ဆွေးနွေးခဲ့ကြပါကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့် အကြံပြုချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ကို ပြုစုခဲ့ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယနေ့ အစည်းအဝေးတွင် အဆိုပါ မဟာဗျူဟာစီမံကိန်းမူကြမ်းကို အတည်ပြုသွားမည်ဖြစ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့်အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်များကို လုပ်ငန်းအခြေအနေနှင့် လျော်ညီမှုရှိစေရန် အတွက်လည်း ပြန်လည်သုံးသပ်သွားမည် ဖြစ်ပါကြောင်း၊ အဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း အများပြည်သူတင်ပြမှုပေါင်း ၇၅၀ ခန့် လက်ခံရရှိခဲ့ပါကြောင်း၊ တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်အောင်မြင်လာသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းများထိရောက်အောင်မြင်ရေးအတွက် သက်ဆိုင်သည့်ဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြ စေလိုပါကြောင်း ဆွေးနွေးမှာကြားသည်။

တက်ရောက်လာကြသူများက မဟာဗျူဟာစီမံကိန်းအတည်ပြုခြင်း၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ခြင်း၊ လုပ်ငန်းအတွေ့အကြုံများ မျှဝေခြင်း၊ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးခြင်း၊ ဆက်လက်အကောင်အထည်ဖော်သင့်သည့်လုပ်ငန်းများ သတ်မှတ်ခြင်း စသည်တို့အပေါ် ဆွေးနွေးအကြံပြုခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အကြံပေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Eleven Media Group တို့မှ တာဝန်ရှိသူများ သီးခြားစီတွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Eleven Media Group တို့မှ တာဝန်ရှိသူများအား ဖိတ်ကြား၍ ယနေ့တွင် ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်း၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်က Eleven Media Group မှ အယ်ဒီတာချုပ် ကိုကျော်ဇောလင်း၊ တာဝန်ခံအယ်ဒီတာကိုနရီမင်းနှင့် သတင်းထောက်ချုပ် ကိုဖြိုးဝေဝင်းတို့အား အောက်တိုဘာ ၁၀ ရက်တွင် တာမွေမြို့နယ်တရားရုံးသို့ နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ)ဖြင့် တရားစွဲဆိုခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ယခုကဲ့သို့ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်၊ Eleven Media Group မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသိန်းမြင့်၊ ကိုဝေဖြိုး၊ ဒါရိုက်တာ မီးပွားတို့ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-MPC**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့်ရေမိုင် လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေ နယ်မြေရုံးကွပ်ကဲမှုအောက် မှတ်တိုင်(၄၈)ကင်းစခန်းမှ ဒုတိယရဲမှူး မြင့်မောင် ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Bhalukhaiya ကင်းစခန်းမှ Subedar Md. Abu Hanif ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ မှ ၁၂ နာရီအထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၈)မှ (၄၉)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က မောင်တောမြို့ နယ်မြေ(၃)၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းကင်းစခန်းမှ ရဲအုပ် ကြည်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေးရေယာဉ် အမှတ်(၀၀၂)ပါ နှစ်စင်းဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Subedar Shaik Adul Jalil ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ် (၁၅)၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ သဲချောင်းချောင်းဝအနီး ရေမိုင်အမှတ် (၁၈)သို့ နံနက် ၁၁ နာရီ ၁၅မိနစ်တွင်ရောက်ရှိပြီး ရေယာဉ်အမှတ်(၀၀၂)ပေါ်၌ နှစ်ဖက်ညှိနှိုင်းကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြန်မာ-မကာအို ခရီးသွားလာရေးမြှင့်တင်မှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် မြန်မာ-မကာအို ဝန်ကြီးအဆင့်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

မကာအိုအထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပသည့် (၂၃) ကြိမ်မြောက် မကာအို နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟောင်ကောင်မြို့သို့ ရောက်ရှိစဉ် ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအစိုးရ၏ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor နှင့် အောက်တိုဘာ ၁၆ ရက်တွင် တွေ့ဆုံခဲ့သည်။

**အတွေ့အကြုံဖလှယ်ရေး ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာအစိုးရမှ ဆောင်ရွက်လျက်ရှိသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အကူအညီပေးရေးနှင့်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပေးအပ်သွားရေး၊ အသက်မွေးဝမ်းကျောင်း ပညာလေ့ကျင့်ပေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားမြှင့်တင်ရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကဏ္ဍတွင် နှစ်ဖက်တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့်ပတ်သက်၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အတွေ့အကြုံဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက်တွင် မကာအိုဒေသ၌ မကာအို အုပ်ချုပ်ရေးမှူးချုပ်ဟောင်း၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ Mr. Edmund Ho Hau Wah နှင့် တွေ့ဆုံခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးခဲ့**

ထိုသို့တွေ့ဆုံစဉ် မကာအိုအထူးအုပ်ချုပ်ရေးဒေသ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံနှင့် မကာအိုဒေသအကြား ခရီးသွားလာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ၊ မကာအို၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခြင်းနှင့် ပေါ်တူဂီဘာသာစကားပြော နိုင်ငံများနှင့် ဆက်သွယ်ရန် စကြံတစ်ခုဖြစ်သည့် မကာအိုဒေသကိုအခြေပြု၍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေးပွဲကို ဟောင်ကောင်မြို့ Island Shangri-la ၌ ကျင်းပပြုလုပ်ခဲ့ရာ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအစိုးရ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွင်းဝန် (ဝန်ကြီး) Mr. Edward Yau Tang-wah နှင့် အခြားသော အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၊ ဟောင်ကောင်ကုန်ထုတ်လုပ်မှုကောင်စီ၊ ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် ဟောင်ကောင်အခြေစိုက် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည့် ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**လက်ခံတွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်**

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၈ ရက်တွင် (၂၃) ကြိမ်မြောက် မကာအို နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲ ဖွင့်ပွဲအခမ်းအနား၊ ပေါ်တူဂီစကားပြောနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုပြပွဲဖွင့်ပွဲအခမ်းအနား၊ မကာအို-အာဆီယံနိုင်ငံတကာကုန်သည်ကြီးများအသင်းမှ ကြီးမှူးကျင်းပသည့် အာဆီယံပြခန်းများ၏ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး မကာအိုအထူးအုပ်ချုပ်ရေးဒေသအစိုးရ၏ အုပ်ချုပ်ရေးမှူးချုပ် Mr. Fernando Chui Sai On မှ ညှော်သည်တော်ဝန်ကြီးများအား လက်ခံတွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညပိုင်းတွင် မကာအို ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဌာန ဥက္ကဋ္ဌမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း မကာအို လူမှုရေးနှင့်ယဉ်ကျေးမှုဌာန၊ အတွင်းဝန် (ဝန်ကြီး) Mr. Alexis Tam Chon Weng နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံနှင့် မကာအို ဒေသတို့အကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆွေးနွေးပွဲကို Macau Science Museum ၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့် မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးတို့ လိုက်ပါခဲ့ကြသည်။

**သတင်းစဉ်**

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတရုတ်ဖောင်ဒေးရှင်း ( မြန်မာနိုင်ငံရုံး)က ရေဘေးကြုံတွေ့ခဲ့ရသည့် ကျောင်းသား ကျောင်းသူများအား လွယ်အိတ်နှင့်ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတရုတ်ဖောင်ဒေးရှင်း (China Foundation for Poverty Alleviation-CFPA) (မြန်မာနိုင်ငံရုံး)မှ ဆွာမြို့ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် လွယ်အိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူခရိုင် ဆွာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**




ပြည်ထောင်စုဝန်ကြီးက ရေတာရှည်မြို့နယ် ဆွာဒေသတွင် ဩဂုတ် ၂၉ ရက်က ဆွာချောင်း ရေလျှောင်တမံကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ အခြေခံပညာကျောင်းပေါင်း ၂၆၂ ကျောင်း ပိတ်ခဲ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များအသီးသီးတို့က ထောက်ပံ့ကူညီပေးခဲ့ကြပါကြောင်း၊ ယခုအခါ ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်ပြီး သင်ကြားသင်ယူရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ယနေ့ CFPA Myanmar Office မှ အလှူရှင်များက ရေဘေးသင့်ဒဏ်ခံခဲ့ရသော အခြေခံပညာကျောင်းပေါင်း ၃၃ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀၀၈ ဦးအတွက် လွယ်အိတ်နှင့်စာရေးကိရိယာအစုံပေါင်း ၃၀၀၈ စုံ လှူဒါန်းသည့်အတွက် အထူးဝမ်းသာပီတိဖြစ်ရပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်း (မြန်မာနိုင်ငံရုံး)၏ တာဝန်ခံဒါရိုက်တာ မစ်လင်းယွမ်က လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် CFPA အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေတာရှည်မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းစန်းကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

**လက်ခံရယူ**

ယင်းနောက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်း (မြန်မာနိုင်ငံရုံး)မှ လှူဒါန်းသော လွယ်အိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ CFPA Myanmar Office မှ တာဝန်ခံဒါရိုက်တာ မစ်လင်းယွမ်နှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဦးကိုလေးဝင်းတို့က လှူဒါန်းပေးအပ်ရာ ရေဘေးတွေ့ကြုံရသော ကျောင်းသား ကျောင်းသူများက လက်ခံရယူသည်။

ထို့နောက် ဆွာရွာမ မူလွန်ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက ကျောင်းများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

**ထောက်ပံ့ပေးရန် စီစဉ်နေ**

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်း(China Foundation for Poverty Alleviation-CFPA) သည် ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်သည့် တရုတ်နိုင်ငံအခြေစိုက်အပြည်ပြည်ဆိုင်ရာ လူမှုကူညီထောက်ပံ့ရေးအသင်းအဖွဲ့တစ်ခုဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးကဏ္ဍများတွင် ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ် ၁၁ ခုတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၀၀ ကို "Paukphaw Scholarship Project" ပေါက်ဖော် ပညာသင်ဆုအဖြစ် လစဉ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာကဏ္ဍတွင် တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ဆင်းရဲနွမ်းပါးသော မူလတန်း ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများပါဝင်သည့် ကျောင်းလွယ်အိတ်များကို ထောက်ပံ့ပေးရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှေးဟောင်းဝတ္ထုပစ္စည်း အပ်နှံသူများအား ထိုက်တန်စွာ ဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သာစည်လမ်း ရတနာပုံရပ် နယ်မြေ ၁၁ အိမ်အမှတ် (၉၆)နေ ဦးမျိုးလှိုင်ဦးသည် ကျောက်ဆစ်ပုံမြောက်ရွာနှင့် ကံပြားရွာကြားရှိ မိမိ၏ခြံတွင် ငုံးမွေးမြူရန်အတွက် အဆောက်အအုံဆောက်လုပ်ရန် မြေကြီးတူးရာမှ အနက် နှစ်ပေခွဲတွင် ငွေခွက် (နှုတ်ခမ်းအောက်နားတွင် ဒီဇိုင်းပါ)သုံးခု၊ ငွေခွက် (ဒီဇိုင်းနှင့်စာပါ) သုံးခု၊ ရောင်စုံကျောက်ပုတီးစေ့များနှင့် ဆင်ရုပ်ပုတီးစေ့များအပါအဝင် စုစုပေါင်း ပုတီးစေ့ ၁၃၁ စေ့ တို့ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ စည်ပင်သာယာရပ်နေ ဦးခင်မောင်ဝင်းသည် ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ရွှေလည်ဆွဲတစ်ခုကိုလည်းကောင်း၊ နေပြည်တော် အ.ထ.က(၇) မှ ကျောင်းဆရာ ဦးကြာလှသည် မင်းကုန်းကျေးရွာအရှေ့ဘက် ရေသွယ်မြောင်းတူးဖော်ရာမှ ရရှိခဲ့သော ငွေဒင်္ဂါးသုံးပြားကို လည်းကောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ပည်းကျောက်စာဌာနခွဲသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြသည်။

**ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်**

၎င်းတို့အပ်နှံသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဦးစီးဌာနရှိ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီး မူလတန်ဖိုးအပြင် ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုး တွက်ချက်၍ အောက်တိုဘာ ၁၆ ရက်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကျင်းပရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပျူခေတ်ပစ္စည်းများဖြစ်သော ငွေခွက်ခြောက်ခုနှင့် ကျောက်ပုတီးစေ့များ အပ်နှံသူ ဦးမျိုးလှိုင်ဦးအား ဆုကြေးငွေ (မူလ တန်ဖိုး+ ခေတ်ကာလတန်ဖိုး + ခေတ်လက်ရာတန်ဖိုး + ထပ်ဆောင်း တန်ဖိုးအပါအဝင်) ငွေကျပ် ၆၀၂၆၂၇၈ ကိုလည်းကောင်း၊ ရတနာပုံခေတ်လက်ရာ ရွှေလည်ဆွဲတစ်ခုအပ်နှံသူ ဦးခင်မောင်ဝင်းအား ပေးအပ်ချီးမြှင့်ရမည့် ဆုကြေးငွေ (မူလတန်ဖိုး + ခေတ်လက်ရာတန်ဖိုးအပါအဝင်) ငွေကျပ် ၄၈၄၃၉၉၇ ကျပ်ကို လည်းကောင်း၊ ပျူခေတ်ငွေဒင်္ဂါသုံးပြား အပ်နှံသူ ဦးကြာလှအား တန်ဖိုးချီးမြှင့်ငွေ (မူလတန်ဖိုး+ ခေတ်ကာလတန်ဖိုး + ခေတ်လက်ရာတန်ဖိုး) အပါအဝင် ဒင်္ဂါးတစ်ခုလျှင် ငွေကျပ် ၅၂၀၀၀ နှုန်းဖြင့် တန်ဖိုးချီးမြှင့် ငွေကျပ် ၁၅၆၀၀၀ ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရွှေထည်ပစ္စည်းများအပ်နှံသူများကလည်း ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စုဆောင်းထိန်းသိမ်းလျက်ရှိ**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားမှ တွေ့ရှိသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို တာဝန်သိသိလာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

**လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်မှာ ပါဝင်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းတစ်ဦးက သူဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို သူ့ကိုယ်စားဆောင်ရွက်ပေးဖို့ ဥပဒေနဲ့အညီ ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ရွေးကောက်ပွဲကိုယ်စားလှယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။**

လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဦး

# ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ဥပဒေစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ဥပဒေစကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဦး၊ ဦးစီးအရာရှိ ဒေါ်ခင်မြင့်မြတ်နှင့် ဒေါ်ဇင်ဇင်ဝင်းတို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**ဦးမြင့်နိုင်။** ။ ရွေးကောက်ပွဲကျင်းပတဲ့ အချိန်အခါမှာ ရွေးကောက်ပွဲမှာ ပါဝင်ပြီးတော့ တာဝန်ထမ်းဆောင်ရတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ရှိတဲ့သူတွေ၊ ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ နိုင်ငံရေးပါတီတွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေ ဒါတွေက အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြတယ်။

ရွေးကောက်ပွဲကိုယ်စားလှယ်တွေဆိုတဲ့ အခန်းကဏ္ဍလည်း အရေးပါပါတယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်တွေက လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ လုပ်ငန်းတွေကို တာဝန်ထမ်းဆောင်ရတယ်။ သူ့မှာ ဘယ်လို အခွင့်အရေးရှိသလဲ။ သူဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေက ဘာတွေလဲ။ ဒါတွေလည်းပဲ သိသင့်သိထိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီနေ့ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

ဒီတော့ ပထမဆုံးအနေနဲ့ ဦးကျော်စိုးဦးက ရွေးကောက်ပွဲကိုယ်စားလှယ်ဆိုတာ ဘာကို ခေါ်တာလဲဆိုတာ အကျဉ်းချုပ်လေးပြောပြပေးပါဦး။



**ဦးကျော်စိုးဦး။** ။ ဟုတ်ကဲ့ပါ။ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်မှာ ပါဝင်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းတစ်ဦးက သူဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို သူ့ကိုယ်စားဆောင်ရွက်ပေးဖို့ ဥပဒေနဲ့အညီ ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ရွေးကောက်ပွဲကိုယ်စားလှယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။ သူ့မှာ ဘယ်လိုအရည်အချင်းတွေရှိသလဲ။ ကန့်သတ်ထားတာရှိသလား။

**ဦးကျော်စိုးဦး။** ။ ရွေးကောက်ပွဲကိုယ်စားလှယ်ဆိုတာ သူ့ကို ခန့်အပ်တာဝန်ပေးမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးရှိရမယ့် ဥပဒေအရ သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီပြည့်စုံရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်အပ်မယ်ဆိုရင် မဲစာရင်းမှာ ပါရှိရုံ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိရုံတင် မဟုတ်ဘဲ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈ မှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းတွေနဲ့ပါ ပြည့်စုံရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။ ခန့်ထားတဲ့အခါမှာ ဘယ်လိုနည်းလမ်းတွေနဲ့ ခန့်သလဲဆိုတာ သိပါရစေ။

**ဦးကျော်စိုးဦး။** ။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဟာ ကိုယ့်ကိုယ်ကိုယ်ဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိပါတယ်။

ပထမတစ်ချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းဟာ သူကိုယ်တိုင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မယ်ဆိုရင်တော့ ဒီလို ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းကို အမည်စာရင်းတင်သွင်းလွှာ ပုံစံ (၆) ရဲ့ စာပိုဒ် (၁၄)၊ စာပိုဒ်ခွဲ (င) မှာ ဖော်ပြရပါမယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ(၇) မှာ ဖြည့်သွင်းပြီးတော့ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲကို တင်ပြရမှာဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းဟာ အခြားသူတစ်ဦးဦးကို ကိုယ့်ရဲ့ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားမယ်ဆိုရင်တော့ ရွေးကောက်ပွဲ ကိုယ်စားလှယ်ခန့်စာပုံစံ (၇-က) မှာ ဖြည့်သွင်းပြီး တင်ပြရမှာဖြစ်ပါတယ်။ ဒီလိုခန့်တဲ့နေရာမှာ ခန့်ထားခြင်းခံရတဲ့သူက သဘောတူညီကြောင်းခန့်စာမှာ လက်မှတ် ရေးထိုးရမှာဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။ ကိုယ်စားလှယ်လောင်းက သူကိုယ်တိုင်လည်းပဲ ရွေးကောက်ပွဲ ကိုယ်စားလှယ်လုပ်လို့ရတယ်။ တကယ်လို့ သူကိုယ်တိုင် ရွေးကောက်ပွဲကိုယ်စားလှယ် မလုပ်တော့ဘူးဆိုရင် အခြားသူတစ်ယောက်ကို သူခန့်ထားလို့ရတယ်။ လာမယ့် နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာလည်းပဲ ရွေးကောက်ပွဲကိုယ်စားလှယ်တွေ ဘယ်လောက်ခန့်ထားသလဲ။

**ဦးကျော်စိုးဦး။** ။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူ့လွှတ်တော် လစ်လပ်မဲဆန္ဒနယ် လေးနယ်ရှိပါတယ်။ ဒီမဲဆန္ဒနယ် လေးနယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၉ ဦး တင်သွင်းခဲ့ပြီးတော့ ရွေးကောက်ပွဲကိုယ်စားလှယ်ခြောက်ဦးခန့်ထားခဲ့ပါတယ်။ အမျိုးသားလွှတ်တော် လစ်လပ်မဲဆန္ဒနယ်တစ်နယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး အမည်စာရင်းတင်သွင်းခဲ့ပြီးတော့ ရွေးကောက်ပွဲ ကိုယ်စားလှယ်လေးဦးခန့်ထား ဆောင်ရွက်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လစ်လပ်မဲဆန္ဒနယ် ရှစ်နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၄ ဦး အမည်စာရင်း တင်သွင်းခဲ့ပြီးတော့ ရွေးကောက်ပွဲကိုယ်စားလှယ် ၂၀ ခန့်ထားခဲ့ပါတယ်။ စုစုပေါင်းအနေနဲ့ ပြောရမယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၉ ဦး အမည် စာရင်းတင်သွင်းခဲ့ကြပြီးတော့ ရွေးကောက်ပွဲကိုယ်စားလှယ် ၃၀ ခန့်ထား ဆောင်ရွက်ကြပါတယ်။ ကျန်တဲ့ ၃၉ ဦးကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ကိုယ်တိုင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ခန့်ထားခြင်းခံရတဲ့သူတွေကတော့ ရွေးကောက်ပွဲကိုယ်စားလှယ်ရဲ့ တာဝန်တွေကို ဆောင်ရွက်မှာပါ။ ခန့်ထားခြင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းပဲ သူက လွှတ်တော်ကိုယ်စားလှယ်လောင်း တာဝန်လည်း ဆောင်ရွက်မယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်တွေ ဆောင်ရွက်မယ့် တာဝန်တွေကိုလည်းပဲ သူကိုယ်တိုင်ပဲဆောင်ရွက်မယ်။ အခုကာလဆိုရင် မဲဆွယ်စည်းရုံးရေးကာလဖြစ်တဲ့အတွက်ကြောင့် သူ့ရဲ့တာဝန်တွေက အင်မတန်အရေးကြီးပါတယ်။ တာဝန်တွေကလည်းများလှပါတယ်။ ဒါကြောင့် ဒီအခါမျိုးမှာ ရွေးကောက်ပွဲ ကိုယ်စားလှယ်တွေအကြောင်း ဆွေးနွေးရတာ ကောင်းပါတယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်ကတော့ သူ့ရဲ့ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းတဲ့အချိန်က စပြီးတော့ ရွေးကောက်ပွဲတစ်လျှောက်လုံး မဲဆွယ်စဉ်ကာလ၊ မဲပေးတဲ့ကာလ၊ မဲပေးပြီး ပြီးဆုံးတဲ့အခါမှာလည်းပဲ သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကန့်ကွက်လွှာ တင်သွင်းဖို့ရှိလာရင်လည်းပဲ သူကဆောင်ရွက်ရတယ်။

သူ့ရဲ့ကိုယ်စားလှယ်လောင်း အနိုင်ရလို့ ယှဉ်ပြိုင်ဘက်က ကန့်ကွက်လာရင်လည်းပဲ သူက ထုချေဖြေရှင်းရမှာပါ။ အဲဒီတာဝန်တွေထဲက အဓိကကျတဲ့ ငွေစာရင်းနဲ့ ပတ်သက်လို့ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ ဒေါ်ခင်မြင့်မြတ်က ပြောပြပါဦး။

**ဒေါ်ခင်မြင့်မြတ်။** ။ ရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ရွေးကောက်ပွဲ အသုံးစရိတ်နဲ့ပတ်သက်ပြီး သူ့မှာတာဝန်တွေရှိပါတယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်ဟာ ငွေစာရင်းစာအုပ်တွေကို စနစ်တကျထားရှိပြီးတော့ အကြမ်းအားဖြင့် အချက်သုံးချက်ကို မှန်ကန်စွာ ဖြည့်သွင်းပေးရပါမယ်။

ပထမတစ်ချက်အနေနဲ့ ဒီလွှတ်တော်ဥပဒေတွေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်းပဲ ငွေကျပ်သိန်းတစ်ရာမကျော်တဲ့ ရွေးကောက်ပွဲကုန်ကျစရိတ်နဲ့ ဒုတိယအချက်အနေနဲ့ ဒီလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့ ရွေးကောက်ပွဲ ကုန်ကျစရိတ်အတွက် သူ့ရဲ့ကိုယ်ပိုင်ငွေ ဒါမှမဟုတ်ရင် ပြည်တွင်းရှိနိုင်ငံသားတစ်ဦးချင်းစီက ဖြစ်စေ၊ ကုမ္ပဏီ၊ ကုမ္ပဏီအစုအဖွဲ့တွေက ဖြစ်စေ တရားဝင်ရရှိထားတဲ့ ငွေကြေးတွေထဲက ထည့်ဝင်လှူဒါန်းထားတဲ့ငွေ သို့မဟုတ် သူ့ရဲ့သက်ဆိုင်ရာပါတီက ထောက်ပံ့ထည့်ဝင်ငွေအဖြစ် ကျခံထားတဲ့ ကုန်ကျစရိတ်တွေ နောက်ဆုံးအချက်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းပေးရန်ရှိတဲ့ အကြွေးတွေဆိုပြီး အချက်သုံးချက်ကို မှန်ကန်စွာ ဖြည့်သွင်းပေးရပါမယ်။ ဒါတင်မကသေးပါဘူး။ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးက ရွေးကောက်ပွဲပြီးသွားတဲ့အခါမှာလည်းပဲ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀) နဲ့ ရေးသွင်းရပါမယ်။ ပြီးတော့ မိတ္တူတစ်စောင်ကူးယူပြီး မူရင်းနဲ့အတူတူ ရွေးကောက်ပွဲ ရလဒ်တွေကို ကြေညာပြီးတဲ့နေ့ကစပြီး ရက်ပေါင်း ၃၀ အတွင်းမှာ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲကို တင်သွင်းရပါမယ်။

**ဦးမြင့်နိုင်။** ။ ဒီရွေးကောက်ပွဲကုန်ကျစရိတ်တွေကို သုံးစွဲတဲ့နေရာမှာ သတ်မှတ်ချက်နဲ့မညီဘဲ သုံးစွဲတာတွေ၊ သတ်မှတ်ချက်နဲ့အညီ ရေးသွင်းဖြည့်သွင်းခြင်းမရှိတာတွေ၊ မမှန် မကန်သုံးစွဲတာတွေ၊ မမှန်မကန် ငွေစာရင်းလုပ်တာတွေ အဲဒီလိုလုပ်ခဲ့လို့ရှိရင် ကိုယ့်ရဲ့လွှတ်တော်ကိုယ်စားလှယ်လောင်းက အနိုင်ရသွားရင်တောင်မှ တစ်ဖက်က ဒီအကြောင်းပြချက်တွေနဲ့ ကန့်ကွက်လို့ရပါတယ်။ ဒါကြောင့် ဒါတွေက အရေးကြီးပါတယ်။

ငွေစာရင်းကို သေသေချာချာသတ်မှတ်ထားတဲ့အတိုင်း စနစ်တကျ ရေးသွင်းရမယ်။ စနစ်တကျသုံးစွဲရမယ်။ ရွေးကောက်ပွဲပြီးရင်လည်း ပုံစံ(၂၀) နဲ့တင်ရမှာပါ။ မတင်ဘူးဆိုရင် သူက အရည်အချင်း ပျက်ယွင်းသူအဖြစ် သတ်မှတ်ခံရမှာပါ။ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်ကလည်းပဲ တင်သွင်းရမယ်။ ရွေးချယ်တင်မြှောက်ခံရခြင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းပဲ တင်သွင်းရမှာဖြစ်တယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်မှာ ဘယ်လိုအခွင့်အရေးတွေရှိသလဲဆိုတာ ဒေါ်ဇင်ဇင်ဝင်းက ဆွေးနွေးပေးပါဦး။

**ဒေါ်ဇင်ဇင်ဝင်း။** ။ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနဲ့ စပ်လျဉ်းပြီးတော့ ရွေးကောက်ပွဲကိုယ်စားလှယ် အခွင့်အရေးတွေကတော့ နံပါတ်တစ်အချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို တင်သွင်းနိုင်ခွင့် ရှိပါတယ်။

နံပါတ်နှစ်အချက်အနေနဲ့ကတော့ အမည်စာရင်းတင်သွင်းလွှာကို စိစစ်ဖို့ သတ်မှတ်ထားတဲ့ နေ့ရက်၊ အချိန်နဲ့ နေရာကို လာရောက်နိုင်ခွင့်ရှိပါတယ်။ နံပါတ်သုံး အချက်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းက အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုတဲ့အခါမှာလည်း ရုပ်သိမ်းလွှာပုံစံဖြစ်တဲ့ ပုံစံ (၉) နှစ်စောင်ကို သတ်မှတ်ထားတဲ့ကာလအတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြပေးရမှာဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အမည်စာရင်းတင်သွင်းတဲ့အခါကျတော့ ငွေကျပ် သုံးသိန်း သွင်းရပါတယ်။ အာမခံအဖြစ်သွင်းထားတဲ့ ငွေကျပ်သုံးသိန်းနဲ့ ပတ်သက်လို့လည်း ရွေးကောက်ပွဲကိုယ်စားလှယ်အနေနဲ့က ဘယ်လိုဆောင်ရွက်ပိုင်ခွင့်တွေ နောက်ပိုင်းမှာ ဖြစ်ပေါ်လာနိုင်သလဲဆိုတာ ဆွေးနွေးပေးပါဦး။

**ဦးကျော်စိုးဦး။** ။ ရွေးကောက်ပွဲကိုယ်စားလှယ်က ကိုယ့်ရဲ့ ကိုယ်စားလှယ်လောင်း ပေးသွင်းထားတဲ့ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကျပ် သုံးသိန်းနဲ့ ပတ်သက်ပြီးတော့ အခု ကျွန်တော်ဖော်ပြမယ့် အချက်သုံးချက်ထဲက တစ်ခုခုနဲ့ကိုက်ညီလို့ရှိရင် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံကနေ ပြန်လည်ထုတ်ယူခွင့်ရှိပါတယ်။

နံပါတ်တစ်အချက်ကတော့ ကိုယ်စားလှယ်လောင်းတင်သွင်းထားတဲ့ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေနဲ့ပတ်သက်ပြီးတော့ ကိုယ့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားတဲ့ အမည်စာရင်းကို ပယ်ချခံရလို့ရှိရင် ဒါမှမဟုတ် ကိုယ့်ရဲ့ကိုယ်စားလှယ်လောင်းက ရွေးကောက်ပွဲစတင် မကျင်းပမီမှာ ကွယ်လွန်သွားခဲ့လို့ရှိရင် ဒါမှမဟုတ် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်လို့ရှိရင် အာမခံငွေကို ပြန်လည်ထုတ်ယူခွင့်ရှိပါတယ်။ ဒါကတော့ ရွေးကောက်ပွဲ မကျင်းပမီ အခြေအနေပါ။

**“ပထမတစ်ချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းဟာ သူကိုယ်တိုင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မယ်ဆိုရင်တော့ ဒီလိုဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းကို အမည်စာရင်းတင်သွင်းလွှာ ပုံစံ (၆) ရဲ့ စာပိုဒ် (၁၄)၊ စာပိုဒ်ခွဲ (င) မှာ ဖော်ပြရပါမယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ(၇) မှာ ဖြည့်သွင်းပြီးတော့ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲကို တင်ပြရမှာ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းဟာ အခြားသူတစ်ဦးဦးကို ကိုယ့်ရဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားမယ်ဆိုရင်တော့ ရွေးကောက်ပွဲ ကိုယ်စားလှယ် ခန့်စာပုံစံ (၇-က) မှာ ဖြည့်သွင်းပြီး တင်ပြရမှာဖြစ်ပါတယ်”**

စာမျက်နှာ ၁၁ သို့

# မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်း**

**(၂၀၁၈ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)**

**၁၃၈၀ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး ရက်ပေါင်း ၆၀ ပြည့်မြောက်ပြီးသည့် နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဝိုင်ယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍ သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ခါတ် ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဂ) **ကော်ပိုရေးရှင်း** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အသုံးချဝန်ဆောင်မှု လုပ်ငန်းကို ဆိုသည်။

(င) **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက် အကူပြုပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြု ပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါ ကွန်ရက်အထောက်အကူပြုပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။

(စ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန်ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်းမပါဝင်။

(ဆ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ကွန်ရက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဇ) **ဆက်သွယ်ရေးပစ္စည်း** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဈ) **ကွန်ရက်အထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံ အဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကို သော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကို သော်လည်းကောင်း ဆိုသည်။

(ည) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးသော လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဋ) **ဆက်သွယ်ရေးအခြေစိုက်စခန်းများ** ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအတွက် အသုံးပြုသည့် အခြေစိုက်ဆက်သွယ်ရေးလုပ်ငန်းဌာနများ၊ တယ်လီဖုန်းအိတ်ချိန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသောဌာနများနှင့် ဆက်သွယ်ရေး စခန်းများကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်း၏ စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဎ) **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း** ဆိုသည်မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဆိုသည်။

(ဏ) **အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ ကော်ပိုရေးရှင်း၏ အကြီးအမှူးကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုစေရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်သော ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကော်ပိုရေးရှင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့တို့အား လုပ်ပိုင်ခွင့်များ အပ်နှင်းရန်၊

(ဂ) ကော်ပိုရေးရှင်း၏ လုပ်ငန်းနှင့် ငွေကြေးသုံးစွဲမှုစနစ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း တည်ဆဲဥပဒေနှင့် အညီ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**

**မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဖွဲ့စည်းခြင်း**

၅။ (က) မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ကနဦးတည်ထောင်ထားရှိရမည်။

(ခ) ကော်ပိုရေးရှင်းသည် ဤဥပဒေအရ သတ်မှတ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်ပိုရေးရှင်းဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၆။ ကော်ပိုရေးရှင်းသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပိုင်ဆိုင်သော ငွေကြေးများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန် တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

(ဂ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်မှ လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိနေသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်ခံရမည်။

(င) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရရှိထားသော လုပ်ငန်းလိုင်စင်၊ အသုံးပြုခွင့်နှင့် ခွင့်ပြုချက်များကို ဆက်ခံရမည်။

(ဆ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပဋိညာဉ်စာချုပ် သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ ကုန်ဝယ်အမှာစာ (Purchase Order) ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(ဇ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

၇။ ကော်ပိုရေးရှင်းသည် ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့် မိမိ၏ ရည်မှန်းချက်များ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်ပါက လက်ရှိဖွဲ့စည်းပုံကို ပိုမိုသင့်လျော်သည့် ဖွဲ့စည်းပုံအဖြစ် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**

**စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၈။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပြုနိုင်ရန်နှင့် စီမံခန့်ခွဲမှုပြုနိုင်ရန် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနက တာဝန်ပေး အပ်ခြင်းခံရသူ | ဥက္ကဋ္ဌ |
| (၂) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (၃) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနက တာဝန်ပေးအပ်ခြင်း ခံရသူတစ်ဦး | အဖွဲ့ဝင် |
| (၄) | စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၅) | စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၆) | ဥပဒေဆိုင်ရာကျွမ်းကျင်သူ တစ်ဦး | အဖွဲ့ဝင် |
| (၇) | ဆက်သွယ်ရေးဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် စီမံခန့်ခွဲရေးအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) စီမံခန့်ခွဲရေးအဖွဲ့ဝင်များထဲမှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ခ) လိုအပ်ပါက စီမံခန့်ခွဲရေးအဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်တာဝန်ပေးနိုင်သည်။

၁၀။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ စီမံခန့်ခွဲရေးအဖွဲ့ကို ပထမအကြိမ်ဖွဲ့စည်းရာတွင် အမှုဆောင်အရာရှိချုပ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးကို တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်သည့် အမှုဆောင်အရာရှိချုပ်၏ ရာထူးသက်တမ်းကုန်ဆုံးသည့်အခါဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် ယင်း၏ ရာထူးနေရာ လစ်လပ်သည့်အခါဖြစ်စေ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးအဖွဲ့က ထောက်ခံတင်ပြသည့် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးကို အမှုဆောင်အရာရှိချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည်-

*(ဆက်လက်ဖော်ပြပါမည်)*

---

*စာမျက်နှာ ၁၀ မှ*

ရွေးကောက်ပွဲကျင်းပပြီးတဲ့ နောက်ပိုင်းမှာ ဒုတိယအချက်အနေနဲ့ကိုယ့်ရဲ့ကိုယ်စားလှယ်လောင်းဟာ ရွေးကောက်တင်မြှောက်ခံရလို့ ရှိရင်လည်း ရွေးကောက်ပွဲ ဝင်ခွင့်အာမခံငွေကို ပြန်လည်ထုတ်ယူခွင့်ရှိပါတယ်။ နောက်တတိယအချက်အနေနဲ့ ကတော့ ကိုယ့်ရဲ့ ကိုယ်စားလှယ်လောင်းဟာ ရွေးကောက်တင်မြှောက်ခြင်း မခံရသော်လည်းပဲ ခိုင်လုံတဲ့ ဆန္ဒမဲရှစ်ပုံတစ်ပုံနဲ့ အထက်ရရှိရင်လည်းပဲ အာမခံငွေကို ပြန်လည်ထုတ်ယူခွင့်ရှိပါတယ်။

ဒီလိုရွေးကောက်ပွဲဝင်ခွင့် အာမခံငွေပြန်လည်ထုတ်ယူခြင်းဆိုင်ရာ နည်းလမ်းနဲ့ ပတ်သက်ပြီးတော့လည်းပဲ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ (၃၇) နဲ့ (၃၈)မှာ အတိအလင်း ပြဋ္ဌာန်းထားတာရှိပါတယ်။

**ဦးမြင့်နိုင်။** ။ ရွေးကောက်ပွဲကျင်းပတော့မယ့် ကာလပါ။ ရွေးကောက်ပွဲကိုယ်စားလှယ်က ဘယ်လို အခွင့်အရေးတွေ သူ့မှာ ရှိသလဲ။

**ဒေါ်ခင်မြင့်မြတ်။** ။ ရွေးကောက်ပွဲနေ့နဲ့ စပ်လျဉ်းပြီးတော့ ဒီရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦးဟာ သူ့မှာ ရသင့် ရထိုက်တဲ့ အခွင့်အရေးတွေ အကြမ်းအားဖြင့် ပြောရရင် ငါးချက်ရှိပါတယ်။ ပထမအချက်အနေနဲ့ကတော့ သူဟာ ဆန္ဒမဲစတင်ပေးတဲ့ အချိန်ကစပြီး ဆန္ဒမဲပေးခြင်းပြီးဆုံးတဲ့အချိန်ထိ မဲရုံထဲကို ဝင်ခွင့်ရှိပါတယ်။ အလားတူပဲ ဆန္ဒမဲပေးတဲ့နေ့မှာ မဲရုံကို ဆန္ဒမဲလာရောက်မပေးနိုင်တဲ့ အသက်အရွယ်ကြီးရင့်နေသူတွေ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်မှာ ရောဂါဝေဒနာခံစားနေရသူ၊ နေအိမ်မှာ မီးဖွားနေသူနဲ့ မသန်စွမ်းသူ၊ အချုပ်ခံနေရသူ၊ ဆေးရုံ တက်ရောက်ကုသနေတဲ့ အတွင်းလူနာတွေ ဒါမှမဟုတ် မဲစာရင်းပါဒေသမှ မဲဆန္ဒနယ်ပြင်ပကိုရောက်နေတဲ့ ခရီးသွားဖို့ ရှိတဲ့သူ၊ မဲစာရင်းပါဒေသက ကျော်လွန်ပြီးတော့ အခြားဒေသကို သွားရောက် တာဝန်ထမ်းဆောင်ရမယ့် တပ်မတော်သား၊ ဝန်ထမ်း သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တွေထံကို သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တွေက ကြိုတင်ဆန္ဒမဲသွားရောက်ကောက်ယူတဲ့အခါမှာလည်း ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးအနေနဲ့ လိုက်ပါကြည့်ရှုခွင့် ရှိပါတယ်။

ဆန္ဒမဲပေးခြင်း ပြီးဆုံးသွားတဲ့အခါမှာ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ ဆန္ဒမဲလက်မှတ်တွေ ရေတွက်တဲ့အခါမှာ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကြည့်ရှုခွင့်ရှိပါတယ်။ မဲဆန္ဒနယ်ပြင်ပရောက်ရှိနေတဲ့ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူတွေက ကြိုတင်ဆန္ဒမဲပေးပြီး ပေးပို့လာတဲ့ စာအိတ်တွေကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လက်ခံရရှိတဲ့အခါမှာ လက်ခံရရှိတဲ့ အမှတ်စဉ်၊ နေ့ရက်နဲ့ အချိန်တွေကို ဖော်ပြရပါမယ်။ စာအိတ်တွေကို ပုံစံ (၁၈-၁) မှာလည်း ရေးသွင်းရပါမယ်။

ရေးသွင်းထားတဲ့ ဒီကြိုတင်ဆန္ဒမဲလက်မှတ်ပါတဲ့ စာအိတ်တွေကို ချိပ်ပိတ်ထားတဲ့ မဲပုံးထဲသို့ ထည့်တဲ့အခါမှာလည်းပဲ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကြည့်ရှုခွင့်ရှိပါတယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ ရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦးဟာ ရွေးကောက်ပွဲကျင်းပတဲ့ ညနေ ၄ နာရီထိုးတာနဲ့ တစ်ပြိုင်နက်တည်း ဒီကြိုတင်ဆန္ဒမဲလက်မှတ်ပါတဲ့ စာအိတ်တွေကို ချိပ်ပိတ်ထားတဲ့ မဲပုံးတွေထဲကဖွင့်ပြီး ရေတွက်တဲ့အခါမှာလည်းပဲ ကြည့်ရှုခွင့်ရှိပါတယ်။

**ရှင်မင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# အုန်းတောချေကျေးရွာ ကယ်ဆယ်ရေးစခန်း၌ မီးလောင်မှုဖြစ်၍ ခြောက်ဦးသေဆုံး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

စစ်တွေ အောက်တိုဘာ ၁၉

**ရခိုင်ပြည်နယ် စစ်တွေမြို့ ဆေးသမားကျေးရွာအုပ်စု အုန်းတောချေကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် အောက်တိုဘာ ၁၈ ရက် ည ၁၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားသဖြင့် လူ ခြောက်ဦးသေဆုံးပြီး ရှစ်ခန်းတွဲ ၁၅ ဆောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ အဆိုပါကယ်ဆယ်ရေးစခန်း အဆောင်(၁၂) အခန်း(၁)နေ နော်ဆူမှူာ၏နေအိမ် မီးဖိုရှိမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက်လောင်ခဲ့ခြင်းဖြစ်ပြီး မှန်စီရဲစခန်းမှ ဒုရဲအုပ် အောင်ကျော်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ စစ်တွေမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများက မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခန့်တွင် မီးထိန်းနိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ရှစ်ခန်းတွဲ လူနေအိမ်ခန်း ၁၅ ဆောင် မီးလောင်သွားပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီး ငါးဦး သေဆုံးကာ မီးဘေးသင့်အိမ်ထောင်စု ၁၄၁ စု၊ လူဦးရေ စုစုပေါင်း ၈၂၂ ဦးတို့အား ကယ်ဆယ်ရေးစခန်းများတွင် ယာယီနေရာချထားလျက်ရှိကြောင်း သိရသည်။

မီးလောင်ပြင်နေရာသို့ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့အစည်းများ လာရောက်၍ မီးဘေးသင့်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်သော ကူညီထောက်ပံ့မှုများ ပေးခဲ့သည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း သေဆုံးသူ ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်းထောက်ပံ့ပေးခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စု ၁၄၁ စုအတွက် လိုအပ်သည့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကျော်သူဝင်း၊ အောင်ရဲသွင်၊ ဓာတ်ပုံ-အောင်ကျော်ဦး**



ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ မီးလောင်ပြင်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၁၀-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၅ - News Watch TV
- ၁၁း၂၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း-၁၇)
- ၁၁း၃၅ - ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၁၁)
- ၁၃း၅၀ - ဟိုတုန်းက…ကက်ဆက် ဇာတ်လမ်းများ "သုံးပင်လိမ်" ထက်နေချမ်း၊ ခိုင်သဇင်၊ A-3 (ဒါရိုက်တာ-သီတာလင်း)

**ညပိုင်း**

- ၁၆း၃၅ - "ဝါလကင်းလွတ် သီတင်းကျွတ်"
- ၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၃၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **၂၀၁၈ ခုနှစ် ၊ ကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "ကချင်ဒီမိုကရက်တစ်ပါတီ"**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေ ၆ နာရီခန့်က မံစီမြို့နယ် ဟန်ထက်-မံစီသွားကားလမ်းတွင် ရွှေလင်းထွန်း (ခ)ဘိုတိုး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀ နှင့် ငွေကျပ် ၅၁၀၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲက မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ မမိုးမိုးအောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅၀ နှင့် ငွေကျပ် ၃၀၀၀၀ ကို လည်းကောင်း။

အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီ ၃၅ မိနစ်တွင် မူဆယ်မြို့နယ် မုံးကိုးမြို့ မန်ဂျက်ကျေးရွာပျက်အနီးတွင် ဝွေယို့ဖွမောင်းနှင်လာသည့် ဆိုင်ကယ်ကို တပ်မတော်မှ ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၆၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၈ ပြားတို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အထောက်အထားမဲ့ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၃၂ စီး၊ သွင်းကုန် ၄၂၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၆၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၀၁၀ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒမသ ၅၈၉ သန်း စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၅၉၉ သန်းခန့်ကို ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်နှစ်စီး၊ ယာဉ်ငယ် ကိုးစီးတို့ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်၊ စားသောက်ကုန်နှင့် လျှပ်စစ်ပစ္စည်း ၁၄ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၀၁၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လွယ်ဂျယ်၌ ဖဲကြွေးမဆပ်နိုင်၍ သုံးလသားအရွယ် သားဖြစ်သူအား မိခင်က ရောင်းစားမှုဖြစ်

**လွယ်ဂျယ် အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ အောက်တိုဘာ ၁၈ ရက်က ဖဲကြွေးမဆပ်နိုင်သဖြင့် သုံးလသားအရွယ် သားဖြစ်သူအား မိခင်အရင်းက တရုတ်ယွမ် ၅၀၀၀ ဖြင့် ရောင်းစားခဲ့၍ လွယ်ဂျယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွယ်ဂျယ်မြို့ ရပ်ကွက်(၁)နေ ဦးအေးမင်းသည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခန့်က လွယ်ဂျယ်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၂)ရုံးသို့ ရောက်ရှိလာကြောင်း၊ ၎င်းက သူ၏နေအိမ်အောက်ထပ်၌ ငှားရမ်းနေထိုင်သည့် ကျောက်ဆည်မြို့နယ် ကလေးကျေးရွာနေ မမိုးမိုး(၂၇နှစ်)သည် သုံးလသားအရွယ် သားအရင်းဖြစ်သူအား တရုတ်-မြန်မာ နယ်စပ်ရှိ ရှမ်းရွာတစ်ရွာတွင် တရုတ်ယွမ် ၅၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း အသိဖြစ်သူက ဖုန်းဖြင့် အကြောင်းကြားမှုအရ သိရှိရကြောင်း၊ မမိုးမိုးအား ကလေးဘယ်မှာလဲဟု မေးမြန်းကြည့်ရာ ကလေးမှာ တရုတ်နိုင်ငံတွင် တရုတ်အမျိုးသမီးတစ်ဦးက လုယူထွက်ပြေးသွားကြောင်း လိမ်ညာပြောဆိုခဲ့ပြီး နောက်တစ်ရက်တွင် ထွက်ပြေးသွားကြောင်း လာရောက်တိုင်တန်းခဲ့သည်။

တိုင်တန်းချက်အရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၂) လွယ်ဂျယ်မှ ဒုတိယ ရဲအုပ်ထွန်းနိုင်လင်းက လွယ်ဂျယ်-ဗန်းမော်သွားလမ်းရှိ စိန်လုံ ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ဆက်သွယ်အကြောင်းကြားခဲ့ရာယင်းနေ့ ညနေပိုင်းတွင် ခရီးသည်တင်ယာဉ်ပေါ်၌ မမိုးမိုးအား ဖမ်းဆီးရမိခဲ့သည်။

မမိုးမိုး၏ ထွက်ဆိုချက်အရ ၎င်းသည် မြန်မာ-တရုတ်နယ်စပ်ရှိ တုန်ဟုန်း(ရှမ်း)ရွာတွင် ဖဲရိုက်လောင်းကစားရာမှ ဖဲကြွေးမဆပ်နိုင်သဖြင့် ယင်းကျေးရွာတွင် နေထိုင်သည့် လင်မယားနှစ်ဦးထံ ကလေးကို တရုတ်ယွမ် ၅၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ ရောင်းစားခံခဲ့ရသည့် သုံးလသားအရွယ် မောင်သုတအောင်အား ပြန်လည်ကယ်တင်နိုင်ရန်အတွက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၂)လွယ်ဂျယ်ရုံးမှ တာဝန်ရှိသူများက တရုတ်နိုင်ငံ လားရင်းမြို့ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ တုန်ဟုန်းကျေးရွာမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ နောင်ဟုန်းမြို့တွင် ဆွေးနွေးညှိနှိုင်းကာ ယင်းနေ့ ညနေ ၅ နာရီတွင် မောင်သုတအောင်အား မြန်မာနိုင်ငံဘက်သို့ ပြန်လည်ခေါ်ဆောင်လာပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၂)လွယ်ဂျယ်ရုံးမှ တပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူး အောင်လှိုင်က မောင်သုတအောင်အား ဖခင်ဖြစ်သူ ဦးအောင်သူမင်းထံသို့ ပြန်လည်အပ်နှံပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မမိုးမိုးအား လွယ်ဂျယ်နယ်မြေရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## နမ့်ဆန်မြို့နယ်တွင် နှစ်ရက်ဆက်တိုက် မိုင်းနင်းမိပေါက်ကွဲ၍ နှစ်ဦးထိခိုက်ဒဏ်ရာရ

**နမ့်ဆန် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်(အောက်) မန်ကန်ကျေးရွာတွင် အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီခန့်က ဦးစိုင်းနွမ်(၅၃နှစ်)နှင့်ဇနီး ဒေါ်အေးတင် (၄၅ နှစ်)တို့သည် လက်ဖက်သီးခူးရန် လက်ဖက်ခြံသို့သွားစဉ် နမ့်ဆန်-လီလု မိုင်တိုင် ၁၂ မိုင် ၅ ဖာလုံ မန်ကန် - လုံတောက်လမ်းခွဲသွားရာလမ်း လမ်းဘေးတွင် ထောင်ထားသော မြေမြှုပ်မိုင်းနင်းမိ၍ ဦးစိုင်းနွမ်တွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အလားတူ အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီခန့်က နမ့်ဆန်မြို့နယ် ဟိုချောင်းကျေးရွာ (ပျားအုံ)ရပ်ကွက်နေ မောင်ဝင်းထွေး (၂၃နှစ်)သည် မြို့ပေါ်သို့ ဆိုင်ကယ်ဖြင့် ဈေးဝယ်ရန်သွားရာမှ လမ်းတွင် မသမာသူများ ထောင်ထားသော တိုက်မိုင်းကို နင်းမိ၍ ပေါက်ကွဲရာ မောင်ဝင်းထွေးတွင် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းပေါက်ကွဲပြီး ဒဏ်ရာရရှိသည့် လူနာများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကရုဏာရှင်လူမှုကူညီရေးအသင်းတို့က သွားရောက်ကူညီ၍ ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိပြီး နမ့်ဆန်မြို့နယ်တွင် မကြာခဏ မိုင်းပေါက်ကွဲမှုကြောင့် ပြည်သူများ စိုးရိမ်ထိတ်လန့်နေကြကြောင်း သိရသည်။

**နမ့်ဆန် (ပြန်/ဆက်)**

## ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(စတုတ္ထ)ပွဲစဉ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Mottama Holdings Ltd., ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၈ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ (စတုတ္ထ)ပွဲစဉ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရဲမွန်တပ်မြို့ရှိ ရဲမွန်ကျွန်းသာယာ ဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် အားကစားသမားများက ဖွင့်ပွဲကျင်းပသည့် အမှတ်(၁)တီခုံပေါ်တွင် နေရာယူကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ Mottama Holdings Ltd., ဥက္ကဋ္ဌ ဦးရန်ဟော်တို့က အလှည့်ကျ ဂေါက်သီးရိုက်ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင်ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့် ပြိုင်ပွဲ၌ ၂၈ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲ၌ ၁၁၁ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၌ ၁၅ ဦး စုစုပေါင်းအားကစားသမား ၁၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

၂၀၁၈ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို MWD Bank, INNWA Bank, Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (myanmar) Mottama Holdings Ltd.,နှင့် Myanmar Zwe Mann Co.,Ltd တို့မှ အဓိက ကူညီပံ့ပိုးထားပြီး ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ) ပွဲစဉ်ကို အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ သွားလာမှုအဆင်ပြေစေရန်အတွက် ရွှေမန်းသူယာဉ်လိုင်းမှ နေ့စဉ် ရန်ကုန်မှ ရဲမွန်ကျွန်းသာယာ ဂေါက်ကွင်းသို့ အသွား၊ အပြန် ကြိုပို့ယာဉ်ကြီးတစ်စီးဖြင့် အခမဲ့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## ဂုတ်တွင်းလမ်းပိုင်း၌ တွဲယာဉ်တစ်စီးလဲကျ၍ လမ်းပိတ်ဆို့

**သီပေါ အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ-နောင်ချို ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၈၃/၄) ကုလားမကွေ့၌ ယနေ့ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်က ပလတ်စတစ်ဖြတ်စ(ကော်ဖြတ်စ)များ တင်ဆောင်၍ မန္တလေးမှမူဆယ်သို့သွားမည့် ယာဉ်မောင်း စိုးညွန့်ဝင်း မောင်းနှင်သည့် တွဲယာဉ်အမှတ် 6k/----သည် နောက်တွဲလဲသွားပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်ကြောင့် အတက်၊ အဆင်းယာဉ်များ လမ်းပိတ်ဆို့မှုဖြစ်ခဲ့ရာ ကျောက်မဲခရိုင် အမှတ် (၁၂၂) ယာဉ်ထိန်းတပ်စိတ်မှ ရဲအုပ်ခင်မောင်မြင့်နှင့်တပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ နောင်ပိတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၏ပူးပေါင်းကူညီမှုဖြင့် ဂုတ်တွင်းလမ်းပိုင်း အမြန်ပွင့်ရေး ဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် လမ်းပြန်ပွင့်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားဦးကြီးများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ရာသီအလိုက် ထုတ်ချေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တစ်ဧက ချေးငွေနှုန်းထားများကို အောက်ပါအတိုင်း တိုးမြှင့် ထုတ်ချေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း အခြားသီးနှံ တစ်ဧက နှုန်းထားကို ကျပ် ၅၀၀၀၀/- မှ ကျပ် ၁၀၀၀၀၀/- သို့ တိုးမြှင့်ထုတ်ချေးသွားမည် ဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | သီးနှံအမျိုးအစား | တစ်ဧကချေးငွေနှုန်းထား(ကျပ်) |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | စပါး | ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ |
| (ခ) | ၂၀၁၇-၂၀၁၈ | အခြားသီးနှံ | ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ |
| (ဂ) | ၂၀၁၈-၂၀၁၉ | အခြားသီးနှံ | ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ |

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ် ၂၀၁၈ မိုးချေးငွေ ထုတ်ချေးသကဲ့သို့ပင် **"တောင်သူ တစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင် အာမခံသောစနစ်"** ဖြင့် လွယ်ကူရှင်းလင်းစွာ ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို အောက်ပါအတိုင်း ထုတ်ချေးပေးမည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၈ ခုနှစ် ဆောင်းချေးငွေ | ၂၀၁၈ ခုနှစ် | အောက်တိုဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ |
| (ခ) | ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေ | ၂၀၁၉ ခုနှစ် | ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လကုန်အထိ |
| (ဂ) | ၂၀၁၉ ခုနှစ် မိုးချေးငွေ | ၂၀၁၉ ခုနှစ် | မေလ (၂) ရက်နေ့မှ စက်တင်ဘာလကုန်အထိ |

၄။ သို့ပါ၍ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# မက္ကဆီကိုနိုင်ငံက ဒုက္ခသည်စီးဝင်မှုကို မပိတ်ဆို့နိုင်ပါက တောင်ဘက်နယ်စပ်ကို ပိတ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတပြော

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အကယ်၍ မက္ကဆီကိုနိုင်ငံအနေဖြင့် အမေရိကအလယ်ပိုင်းမှ ဒုက္ခသည်စီးဝင်မှုကို မပိတ်ဆို့နိုင်ပါက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် အမေရိကန်ပြည်ထောင်စု၏ တောင်ဘက်နယ်စပ်ကို ပိတ်ဆို့ရန် တပ်ဖွဲ့ဝင်များ စေလွှတ်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ခြိမ်းခြောက်ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ သမ္မတသက်တမ်း ထက်ဝက်မတိုင်မီ ဒီမိုကရက်များကို ပြစ်တင်ဝေဖန်မှုများ တွစ်တာပေါ်၌ မကြာခဏပြုလုပ်လေ့ရှိသည်။

နိုဝင်ဘာ ၆ ရက် ဆန္ဒမဲပေးမှု၌ ထရမ့်၏ ရီပတ်ဘလစ်ကန်များက ကွန်ဂရက်ကို လွှမ်းမိုးနိုင်ရေးနှင့် ဆင်းရဲမွဲတေသည့် ဟွန်ဒူးရပ်စ်နိုင်ငံသားများ ဂွါတီမာလာကိုဖြတ်သန်းပြီး မြောက်ပိုင်းတစ်လျှောက် အမေရိကန်ပြည်ထောင်စုသို့ ချီတက်လာခြင်းကို တားဆီးရေး ကြိုးစားမှုနှင့်အတူ အမေရိကန်သမ္မတ ထရမ့်၏ ယခုလိုဝေဖန်မှုများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်နှင့် အယ်လ်ဆာဗေဒိုနိုင်ငံများက ဒုက္ခသည်များ မိမိနိုင်ငံအပေါ် ကျူးကျော်ဝင်ရောက်လာခြင်းကို ဒီမိုကရက်ပါတီ၏ ဦးဆောင်မှုဖြင့် မည်သို့မည်ပုံ ထိန်းသိမ်းဆောင်ရွက်မည်ဆိုသည့်အပေါ် မိမိအနေဖြင့် စောင့်ကြည့်လိုကြောင်း (အဘယ်ကြောင့်ဆိုသော် ဒီမိုကရက်များသည် နယ်စပ်ကို ဖွင့်ပေးချင်ပြီး ခိုင်မာမှုမရှိသော ဥပဒေများကို အလေးထားနေသောကြောင့်ဖြစ်ကြောင်း) အမေရိကန်သမ္မတ ထရမ့်က ပြောခဲ့သည်။

ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်နှင့် အယ်လ်ဆာဗေဒိုနိုင်ငံ ခေါင်းဆောင်များက ဥပဒေချိုးဖောက်သူများ အများအပြား ပါဝင်သော ဒုက္ခသည်အမြောက်အမြားစီးဝင်မှုအပေါ် ရပ်တန့်ရန် အနည်းငယ်မျှသာ ကြိုးစားမှုပြုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါနိုင်ငံများသို့ ငွေကြေးထောက်ပံ့မှုများ ရပ်ဆိုင်းလိုက်မည်ဆိုလျှင် အဆိုပါနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များက ၎င်းတို့၏ လူဦးရေကို ထိန်းချုပ်သွားမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဒုက္ခသည်အမြောက်အမြားစီးဝင်မှုကို တားဆီးရန် မက္ကဆီကိုနိုင်ငံကို တိုက်တွန်းပြောကြားခြင်းဖြစ်ကြောင်း၊ အကယ်၍ ထိုသို့ မလုပ်နိုင်ပါက မိမိအနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တောင်ဘက်နယ်စပ်ကို ပိတ်ရန် အမိန့်ပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



# တာလီဘန်များက ကန်ထိပ်တန်းဗိုလ်ချုပ်ကြီးကို အဓိကပစ်မှတ်ထားလုပ်ကြံခဲ့သော်လည်း လွတ်မြောက်ခဲ့

**ကဘူးလ် အောက်တိုဘာ ၁၉**

တာလီဘန်များက အမေရိကန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး စကော့မီလာကို အဓိက ပစ်မှတ်ထားလုပ်ကြံသော်လည်း တကယ့်ပစ်ခတ်လုပ်ကြံခံရမှုတွင် သေဆုံးသူ အနည်းဆုံး သုံးဦးရှိပြီး ၎င်းသေဆုံးသူများတွင် ဩဇာတိက္ကမကြီးမားသည့် အာဖဂန်ရဲချုပ်တစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

စစ်သွေးကြွအုပ်စု၏ သဲကြီးမဲကြီး လုပ်ကြံပစ်ခတ်မှုတွင် အမေရိကန်ထိပ်တန်းဗိုလ်ချုပ်ကြီး စကော့မီလာသည် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိခဲ့ဘဲ ရည်ရွယ်မထားသည့် အခြားသူ ၁၂ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများတွင် အမေရိကန်သုံးဦး၊ ပြည်နယ်မြို့တော်ဝန်တစ်ဦး၊ နေတိုးနှင့် အာဖဂန်အရာရှိများ ပါဝင်ကြောင်း သိရသည်။

ပစ်ခတ်မှုဖြစ်ပွားပြီးနောက် တောင်ပိုင်းကန်ဒါဟာမြို့တစ်ခုလုံးတွင် လုံခြုံရေးတပ်ဖွဲ့များက ခြေချင်းလိမ်နေအောင် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ အဆိုပါပစ်ခတ်မှုကြောင့် ပြည်သူများ ထိတ်လန့်တုန်လှုပ်ခဲ့ကာ ဈေးဆိုင်များကို ပိတ်ထားခဲ့ကြောင်း သိရသည်။

တာလီဘန်များက လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာ၌ မီလာနှင့် အသတ်ခံရသည့် ကန်ဒါဟာပြည်နယ် ရဲချုပ် ရဲဗိုလ်ချုပ်ကြီး အဗ္ဗဒူရာဇစ်တို့ကို ဦးတည်ချက်ထားကာ သဲကြီးမဲကြီး လုပ်ကြံပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

တိုက်ခိုက်မှုတွင် ရဲဗိုလ်ချုပ်ကြီး ရာဇစ်၊ ပြည်နယ် အင်န်ဒီအက်စ် (စုံစမ်းထောက်လှမ်းရေးအေဂျင်စီ) အကြီးအကဲတို့ သေဆုံးခဲ့ကြောင်း၊ မြို့တော်ဝန်ကိုယ်တိုင် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း အစိုးရအဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတွင် နိုင်ငံပိုင်မီဒီယာအတွက် အလုပ်လုပ်ကိုင်နေသူ အာဖဂန်သတင်းထောက်တစ်ဦးလည်း သေဆုံးခဲ့ကြောင်း မီဒီယာထောက်ပံ့ရေးအုပ်စုဖြစ်သည့် အင်န်အေအိုင်က ကြေညာချက်တွင် ဖော်ပြခဲ့သည်။

မြို့တော်ဝန်၏ လုံခြုံရေးတပ်ဖွဲ့များထဲမှ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်ကြီး ရာဇစ်၏ ကိုယ်ရံတော် ခြောက်ဦးနှင့် စုံစမ်းထောက်လှမ်းရေးအေဂျင်စီတပ်ဖွဲ့ဝင် နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအဆင့်မြင့် အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ပစ်ခတ်လုပ်ကြံသူလည်း သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မီလာအပါအဝင် အရာရှိများ အစည်းအဝေးခန်းမမှ ထွက်ခွာစဉ် ယခုလို ပစ်ခတ်လုပ်ကြံမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်လုံခြုံရေးအရာရှိတစ်ဦးက ပြောခဲ့သည်။

**အေအက်ဖ်ပီ**



# ထရမ့်၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ကြီးထွားလာခြင်းကို အန်တုရန် ဥရောပနှင့် အာရှခေါင်းဆောင်များ ရင်းနှီးမှုတည်ဆောက်

**ဘရပ်ဆဲလ် အောက်တိုဘာ ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးထားသည့် ဝါဒကြီးထွားလာခြင်းကို ရင်ဆိုင်အန်တုရန် ဥရောပခေါင်းဆောင်များက အာရှခေါင်းဆောင်များနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခဲ့ကြောင်း သိရသည်။

အီးယူ ၂၈ နိုင်ငံမှ ခေါင်းဆောင်များသည် ဘရပ်ဆဲလ်၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေးသို့ အာရှခေါင်းဆောင် ၂၀ ကျော်လည်း တက်ရောက်ခဲ့ရာ ၎င်းတို့ထဲတွင် တရုတ်ဝန်ကြီးချုပ် လီခချန်၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရုရှားဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်လည်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးဆိုင်ရာ အခွန်တိုးမြှင့်ကောက်ခံမှုနှင့် ပတ်သက်ပြီး တင်းမာမှုဖြစ်ပွားနေချိန်တွင် နှစ်ရက်ကြာကျင်းပနေသော အစည်းအဝေးသို့ တက်ရောက်လာသော ခေါင်းဆောင်များက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို မထိခိုက်ပြုလျက် ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ကျားကန်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

စည်းမျဉ်းစည်းကမ်းမရှိသည့် ကမ္ဘာကြီးဆိုသည်မှာ ပရမ်းပတာဖြစ်နေသည့် ကမ္ဘာကြီးပင်ဖြစ်ကြောင်း အီးယူကောင်စီ ဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော အစည်းအဝေးသည် ဘက်ပေါင်းစုံပါဝင်သည့် စနစ်တစ်ခုကို အကောင်အထည်ဖော်နိုင်ရန်ဖြစ်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တိုက်ခိုက်ရန်မဟုတ်ကြောင်း အီးယူသံတမန်အကြီးအကဲ ဖယ်ဒယ်ရီကာ မိုဂါရီနီက အလေးအနက် တိုက်တွန်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်း နှေးကွေး

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံ၏ စီးပွားရေးသည် လွန်ခဲ့သည့် ကိုးနှစ်တာကာလမှစ၍ ယခုနှစ် တတိယကာလအပိုင်းအခြားသို့ ရောက်ရှိလာသည်အထိ အနှေးဆုံးနှုန်းဖြင့် တဖြည်းဖြည်းချင်း တိုးတက်လာခဲ့ကြောင်း၊ ကြွေးမြီများ ထူပြောလာခြင်းနှင့် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကလည်း ယင်းအပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးသည် ဇူလိုင်လမှ စက်တင်ဘာလအထိ တစ်နှစ်ပြီးတစ်နှစ် တိုးလာရာ ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက်က တရုတ်စာရင်းအင်းဆိုင်ရာဗျူရိုမှ ထုတ်ပြန်ခဲ့သော တရားဝင်ဂျီဒီပီစာရင်းဇယားများအရ သိရသည်။ ယင်းရာခိုင်နှုန်းပမာဏသည် ပထမနှင့် ဒုတိယကာလအပိုင်းအခြားတွင် တိုးတက်ဖြစ်ပေါ်ခဲ့သည့် ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၇ ရာခိုင်နှုန်းထက် လျော့နည်းကြောင်း သိရသည်။ သို့သော်လည်း စီးပွားရေးတိုးတက်မှုနှုန်းသည် အကြမ်းဖျင်းအားဖြင့် ၆ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိသင့်ကြောင်း တရုတ်စီးပွားရေးဥပဒေ ဖော်ဆောင်သူများက ပြောခဲ့သည်။

ပြည်ပတွင်လည်း ရှုပ်ထွေးသည့်စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် ပြည်တွင်းတွင်လည်း ပြုပြင်ပြောင်းလဲရေးများ အကောင်အထည်ဖော် ဆောင်ရွက်နေသောကြောင့် တရုတ်နိုင်ငံ၏စီးပွားရေးသည် တဖြည်းဖြည်းချင်း တိုးတက်ရခြင်းဖြစ်ကြောင်း သို့မဟုတ် တိုးတက်မှုနှေးကွေးရခြင်းဖြစ်ကြောင်း တရုတ်စာရင်းအင်းဆိုင်ရာဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူ မာရှမ်းယောက်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့မှုကို အီရန်နိုင်ငံခြားရေးဝန်ကြီး အပြစ်တင်

**တီဟီရန် အောက်တိုဘာ ၁၉**
အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်သည် အီရန်နိုင်ငံအပေါ် အမေရိကန်၏ ပိတ်ဆို့မှုများကို မကြာသေးမီက ပြစ်တင်လိုက်ကြောင်း သိရသည်။

အီရန်တော်လှန်ရေး အစောင့်တပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိသော စစ်သွေးကြွအုပ်စု ဘတ်စ်ဂျီကိုထောက်ပံ့ပေးနေသော ကုမ္ပဏီများနှင့် ဘဏ်ပေါင်း ၂၀ ကျော်တို့ကို အမေရိကန်ဘက်မှ ပိတ်ဆို့မှု ပြုလုပ်လိုက်ကြောင်း အင်္ဂါနေ့တွင် အမေရိကန်ဘဏ္ဍာရေးဌာနက ကြေညာလိုက်သည်။ ဘတ်စ်ဂျီအုပ်စုသည် လူသတ်စုဆောင်းခြင်း၊ ကလေးစစ်သားများကို စုဆောင်းကာ အတင်းအကျပ်တိုက်ပွဲဝင်စေခြင်း အစရှိသည်တို့ကို လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် ထိုသို့ ပိတ်ဆို့လိုက်ရခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဌာနက ပြောသည်။ အခု ပြုလုပ်လိုက်သော ပိတ်ဆို့မှုမှာ အပြည်ပြည်ဆိုင်ရာတရားရုံးက အမိန့်ချမှတ်ထားသော အမိန့်ဖြစ်သည့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများတွင် ပိတ်ဆို့မှုများ မပြုလုပ်ရဆိုသော တားမြစ်ချက်ကို ဖောက်ဖျက်ရာရောက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် တွစ်တာပေါ်၌ ရေးသားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### တန်ဇန်းနီးယားရှိ စာသင်ကျောင်းတစ်ကျောင်းကို မိုးကြိုးပစ်ခတ်ရာ ကျောင်းသား ခြောက်ဦးထက်မနည်းသေဆုံး

**တန်ဇန်းနီးယား အောက်တိုဘာ ၁၉**
တန်ဇန်းနီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဂီတာဒေသရှိ မူလတန်းကျောင်းတစ်ကျောင်းကို အောက်တိုဘာ ၁၈ ရက်က မိုးကြိုးပစ်ခတ်ခဲ့ရာ ကျောင်းသားခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြား ၂၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တောင်ထူထပ်သောဒေသရှိ အီမာကိုဗီးရှင်း မူလတန်းကျောင်းအား အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက မိုးကြိုးပစ်ခတ်ခဲ့ရာ ကလေးခြောက်ဦး သေဆုံးခဲ့ကြောင်း ဂီတာဒေသဆိုင်ရာ ပညာရေးမှူး ယီစီကန်ယူမင်န်က ပြောခဲ့သည်။ မိုးကြိုးပစ်ခံရသောကျောင်းသည် ဂီတာမြို့မှ လေးကီလိုမီတာအကွာတွင် တည်ရှိပြီး မူကြိုကျောင်းသားများ အပါအဝင် ကျောင်းသား ၅၉၉ ဦး ပညာသင်ကြားလျက်ရှိကြောင်း ဂီတာဒေသရဲမင်းကြီး ဂျိုစ်ဖက်မာဂန်ဂါကပြောခဲ့သည်။

မိုးကြိုးသည် ၂ တန်းနှင့် ၃တန်းကျောင်းသားများ၏ စာသင်ခန်း ခေါင်မိုးကို ပစ်ခဲ့ရာ ကျောင်းသား ခြောက်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။ **ဆင်ဟွာ**

# သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေတဲ့ ဂါဇာကမ်းမြောင်ဒေသမှ ပဋိပက္ခများ

**ထွန်းသစ်စ**



လွန်ခဲ့တဲ့ရက်သတ္တပတ် အတော်ကြာက ပါလက်စတိုင်းပိုင်နက်နယ်မြေက ပစ်လိုက်တဲ့ ပထမဆုံး ဒုံးကျည်တစ်စင်းဟာ အစ္စရေးမြို့ကို ထိမှန်ပြီးနောက်မှာ အစ္စရေး စစ်လေယာဉ်များဟာ ဂါဇာကမ်းမြောင်ဒေသကို အောက်တိုဘာ ၁၇ ရက်က တိုက်ခိုက်ခဲ့တယ်လို့ သိရပါတယ်။

### တာဝန်ကင်းမဲ့တဲ့ လုပ်ရပ်တွေကို ငြင်းဆို

ဂါဇာအစ္စလာမ္မစ် စည်းမျဉ်းခံအုပ်ချုပ်သူတွေဖြစ်တဲ့ ဟားမားစ်တို့ကတော့ ဒုံးကျည်ပစ်ခတ်ခြင်းနဲ့ ပက်သက်ပြီး ငြင်းဆိုခဲ့ကြပါတယ်။ သူတို့ဟာ ငြိမ်းချမ်းရေးသဘောတူညီမှုအသစ်ကို ချိုးဖြတ်နိုင်တဲ့၊ တာဝန်ကင်းမဲ့တဲ့ လုပ်ရပ်တွေအကုန်လုံးကို ငြင်းဆိုကြောင်း ပြောခဲ့ပါတယ်။

သို့သော်လည်း အစ္စရေးတို့က ပါလက်စတိုင်း ပိုင်နက်နယ်မြေက ပစ်ခတ်လိုက်တဲ့ ဘယ်လို ဒုံးကျည်ပစ်ခတ်မှုမျိုးမဆို ဟားမားစ်တွေရဲ့ လက်ချက်လို့ ထင်နေကြပါတယ်။ ထို့အပြင် အစ္စရေးတို့ဟာ ဂါဇာကမ်းမြောင်ဒေသကို ဦးတည်ပြီး အကြိမ် ၂၀ ခန့် တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ ပါလက်စတိုင်းတစ်ဦးသေဆုံးခဲ့တယ်လို့ ဟားမားစ်ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့ပါတယ်။

### ရန်ကိုရန်ချင်းတုံ့နှင်း

ရန်ကိုရန်ချင်း တုံ့နှင်းတဲ့အနေနဲ့ အစ္စရေးတို့ဟာ ဂါဇာနဲ့ ထိစပ်နေတဲ့ နယ်စပ်ဒေသတွေကို ပိတ်လိုက်ပါတယ်။ ဂါဇာကမ်းမြောင်ဒေသရဲ့ အခြေအနေဟာ ရန်သူတွေဝိုင်းထားတဲ့ မြို့လိုဖြစ်နေပြီး အထဲမှာတော့ တကယ့်ကို ဆိုးရွားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေပါတယ်။

ဂါဇာစစ်သွေးကြွတွေဟာ အရုဏ်မတက်ခင်မှာ အစ္စရေးကို ဦးတည်ပြီး ဒုံးကျည်နှစ်စင်းနဲ့ တိုက်ခိုက်ခဲ့ပါတယ်။ အဲဒုံးကျည်နှစ်စင်းထဲက တစ်စင်းဟာ ၄၀ ကီလိုမီတာဝေးကွာတဲ့ အစ္စရေးတောင်ပိုင်းမြို့ ဘီယာရှီဘာမှာရှိတဲ့ မိသားစုတစ်စုရဲ့အိမ်ကို ထိမှန်ခဲ့တယ်လို့ အစ္စရေးတပ်ဖွဲ့က ပြောပါတယ်။

အဲဒီမိသားစုမှာရှိတဲ့ ကလေးငယ်သုံးဦးဟာ ကံကောင်းစွာနဲ့ပဲ အသက်ဘေးက သီသီလေး လွတ်မြောက်ခဲ့ပါတယ်။ အကြောင်းကတော့ သူ့မိခင်ဟာ သူတို့ကို ဘေးကင်းတဲ့ အခန်းတစ်ခုထဲမှာ ပုန်းအောင်းခိုင်းလိုက်လို့ပဲဖြစ်ပါတယ်။ အဲဒီဒုံးကျည်မှန်တဲ့အိမ်ဟာ တစ်အိမ်လုံး ရစရာမရှိအောင် ပျက်စီးသွားပါတယ်လို့ အစ္စရေးတပ်ဖွဲ့က ပြောပါတယ်။

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးကို ဒုံးကျည်နဲ့ ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်က ပစ်လိုက်တဲ့အချိန်ကတည်းက စပြီး ဘီယာရှီဘာမှာရှိတဲ့ ဒေသခံတွေဟာ ဗုံးခိုကျင်းတွေထဲမှာ ဝင်ရောက်ပုံးခိုနေကြရပါတယ်လို့ အစ္စရေးတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့ပါတယ်။

နောက် ဒုံးကျည်တစ်စင်းကတော့ ဂါဇာကမ်းမြောင်ဒေသမှ ၄၅ မိုင်လောက်ဝေးတဲ့ တယ်လ်အဗစ် ကမ်းလွန်ကို ကျရောက်ခဲ့ပါတယ်လို့ အစ္စရေးတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့ပါတယ်။

### ထိရောက်တဲ့တုံ့ပြန်မှုတွေ လုပ်ဆောင်သွားမယ်

လုံခြုံရေးဆိုင်ရာ အရာရှိကြီးတွေနဲ့ အောက်တိုဘာ ၁၇ ရက်က တွေ့ဆုံစကားပြောကြားပြီး နောက်မှာတော့ အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင် နေတန်ယာဟုက ထိရောက်တဲ့တုံ့ပြန်မှုတွေ လုပ်ဆောင်သွားမှာဖြစ်ကြောင်း ကတိပေး ပြောကြားခဲ့ပါတယ်။

အစ္စရေးတို့ကတော့ ဂါဇာကမ်းမြောင်ဒေသကနေပြီး တိုက်ခိုက်တဲ့ အခုတိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး သူတို့ရဲ့ တိုင်းပြည်ကို ထိပါးတိုက်ခိုက်တယ်လို့ ယူဆထားပုံရပါတယ်။ ထို့အတူပဲ ဂါဇာမှာလည်း လပေါင်းအတော်ကြာ ဆန္ဒပြမှုတွေ ဖြစ်ပွားနေခဲ့ပါတယ်။

"အကယ်၍ တိုက်ခိုက်မှုတွေက မရပ်သွားဘူးဆိုရင် ကျွန်တော်တို့က ရပ်တန့်ပေးရလိမ့်မယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ပြောချင်တာကတော့ အစ္စရေးဟာ အခုဖြစ်ရပ်နဲ့ပတ်သက်ပြီး တကယ့်ကိုပြင်းထန်တဲ့ အရေးယူမှုတွေ လုပ်ဆောင်သွားမှာ ဖြစ်တယ်"ဟု အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင် နေတန်ယာဟုက ပြောခဲ့ပါတယ်။

ဟားမားစ်တို့နဲ့ မဟာမိတ် အကြမ်းဖက်အုပ်စုဖြစ်တဲ့ အစ္စလာမ္မစ် ဂျီဟတ်အုပ်စုက ယခုတိုက်ခိုက်မှုနဲ့ပတ်သက်ပြီး တာဝန်မဲ့တဲ့ လုပ်ရပ်အဖြစ် ပြစ်တင်ဝေဖန်ခဲ့ကြပါတယ်။

သူတို့က မည်သို့ပင်ဆိုစေ အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂျွန်နသန်ကတော့ သူတို့ရဲ့ငြင်းဆိုမှုတွေကို ပယ်ချခဲ့ပါတယ်။ ဂါဇာကို လတ်တလော အုပ်ချုပ်နေသူတွေဟာ ဟားမားစ်တွေဖြစ်တဲ့အတွက် ဒီကိစ္စဟာ သူတို့မှာ အပြည့်အဝတာဝန်ရှိတယ်လို့ သူက ဆိုပါတယ်။

### နှစ်ဖက်တင်းမာမှုတွေဖြစ်

နှစ်ဖက် တင်းမာမှုတွေကြောင့် နိုင်ငံတကာဖိအားတွေ များလာနေတဲ့ အစ္စရေးဟာ ဂါဇာဒေသမှာ ဆိုးရွားလာတဲ့ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုအခြေအနေတွေကို ဖြေရှင်းဖို့ လုပ်ဆောင်ရတော့မှာပဲ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက အစ္စရေးတို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် တစ်စုံတစ်ရာ ပြုလုပ်ဖို့ ဆန္ဒရှိပုံမပေါ်သေးကြောင်းနဲ့ အစ္စရေးဟာ ပိုပြီးအတင့်ရဲလာတာဖြစ်နိုင်ကြောင်း ဥရောပသမဂ္ဂနိုင်ငံတကာဆက်ဆံရေး ညဏ်ကြီးရှင်အဖွဲ့မှ ဟုဂ်ျလိုဗက်က ပြောပါတယ်။

တယ်လ်အဗစ်တက္ကသိုလ် အမျိုးသားလုံခြုံရေးဆိုင်ရာ လေ့လာရေးအင်စတီကျုမှ မာ့ခ်ဟယ်လာက ဘာပြောခဲ့လဲဆိုတော့ နိုင်ငံတွင်းမှာ လက်ယာစွန်းအများစု ကြီးစိုးနေတဲ့ အစ္စရေးအစိုးရဟာ အပြင်ဘက်က ဖိအားတွေကို ခုခံတွန်းလှန်မှာဖြစ်တယ်လို့ ဆိုပါတယ်။

ပိတ်ဆို့မှုတွေဖြေလျှော့ဖို့ တောင်းဆိုသံတွေ ကျယ်ကျယ်လောင်လောင်ကြားနေရသော်လည်း အစိုးရဟာ ဘာမှလုပ်ပေးလိမ့်မယ်မဟုတ်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ၎င်းတို့အနေနဲ့ ဟားမားစ်တို့ကို ငြိမ်းချမ်းရေးမိတ်ဖက်အနေနဲ့ မသုံးသပ်တဲ့အတွက်ကြောင့် ဖြစ်ကြောင်း သူကဆက်ပြောခဲ့ပါတယ်။

### စစ်ပွဲသုံးကြိမ်ဖြစ်ခဲ့

၂၀၀၈ ခုနှစ်ကတည်းက အစ္စရေးနဲ့ ဟားမားစ်တို့ရဲ့ကြားမှာ စစ်ပွဲတွေ သုံးကြိမ်တောင် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလိုစစ်ပွဲတွေဖြစ်ပွားခဲ့တာဟာ ဂါဇာဒေသကို ပျက်စီးမှုကိန်းဆိုက်စေတာပါ။ အဲဒီစစ်ပွဲတွေကြောင့် အစ္စရေးတို့ဘက်မှာလည်း ပျက်စီးမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် မပြောပလောက်တဲ့ ပမာဏလောက်ပဲ ဖြစ်ပါတယ်။

ဟားမားစ်တို့ရဲ့ ဆန္ဒပြ အငြင်းပွားမှုတွေဟာ ငြိမ်းချမ်းရေးအတွက် ဖြစ်တယ်ဆိုတာ ပြောခဲ့ပါတယ်။ အစ္စရေးတပ်ဖွဲ့ဝင်တွေက မေ ၁၄ ရက်က ဆန္ဒပြမှုဖြစ်ပွားတဲ့နေရာတစ်ခုကို ပစ်ခတ်ခဲ့သလို ဆန္ဒပြသူတွေကလည်း မီးလောင်ဗုံးတွေနဲ့ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေကို အသုံးပြုခဲ့ကြောင်း အစ္စရေးတို့ဘက်က ဆိုပါတယ်။ ဆန္ဒပြသူတွေကလည်း ဘယ်တော့မှ မပြီးဆုံးနိုင်တဲ့ ဆန္ဒပြမှုတွေမှာ သူကလည်း ကိုယ့်ကိုယ်အပြစ်တင်လိုက်၊ ကိုယ်ကလည်းသူ့ကို အပြစ်တင်လိုက်နဲ့ အပြန်အလှန်အကြောင်းပြချက်တွေ အမျိုးမျိုးပေးနေကြတာကို တွေ့ရပါတယ်။

မတ်လ ၃၀ ရက်ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုမှာ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးသာ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အကြမ်းဖက်ဆန္ဒပြမှုတွေဟာ မေ ၁၅ ရက်မှာ ပြီးဆုံးတော့မလို ဖြစ်ပေမယ့်လည်း မပြီးဆုံးသေးဘဲ မကြာခဏ ဆက်လက်ဖြစ်ပွားနေတာကို တွေ့ရပါတယ်။ ဟားမားစ်တို့ဟာ နောက်ထပ်စစ်ပွဲအသစ်တွေကို ဖန်တီးနေတာမျိုး မဟုတ်ဘဲ အကယ်၍ နောက်ထပ်စစ်ပွဲအသွင်မျိုးဆောင်ခဲ့ရင် လက်ရှိ ဒုက္ခခံစားနေရတဲ့ သူတွေဟာ ဒီထက်ဆိုးရွားတဲ့ ဆိုးကျိုးတွေကိုသာ ခံစားရမှာဖြစ်တယ်ဆိုတာ သိပါတယ်ဆိုပြီး တချို့လေ့လာဆန်းစစ်သူတွေကလည်း ဆိုပါတယ်။ သို့သော်လည်း ဟားမားစ်တို့ဟာ အလံဖြူကိုတော့ ဝှေ့ယမ်းဖို့ အားမစိုက်တာကို တွေ့ရပါတယ်။ တကယ်လို့သာ အစ္စရေးနဲ့ ဟားမားစ်တို့သာ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြမယ်ဆိုလို့ရှိရင် ဂါဇာဟာ ငြိမ်းချမ်းမှုနဲ့ ဝေးသထက်ဝေးကွာလာမှာ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အေအက်ဖ်ပီ**

> **"အစ္စရေးတို့က ပါလက်စတိုင်းပိုင်နက်နယ်မြေက ပစ်ခတ်လိုက်တဲ့ ဘယ်လိုဒုံးကျည်ပစ်ခတ်မှုမျိုးမဆို ဟားမားစ်တွေရဲ့လက်ချက်လို့ ထင်နေကြပါတယ်။ ထို့အပြင် အစ္စရေးတို့ဟာ ဂါဇာကမ်းမြောင်ဒေသကို ဦးတည်ပြီး အကြိမ် ၂၀ ခန့် တိုက်ခိုက်ခဲ့"**

# သံဖြူဇရပ်ရထားလမ်း ၇၅ နှစ်မြောက် အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ၁၁ နိုင်ငံမှ သံအမတ်များ တက်ရောက်

**သံဖြူဇရပ် အောက်တိုဘာ ၁၉**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်မတော်က စစ်ရေးအတွက်အရေးပါသည့် မီးရထားလမ်းဖြစ်သော မြန်မာနိုင်ငံ သံဖြူဇရပ်မှ ထိုင်းနိုင်ငံသို့ ရထားလမ်းကို မဟာမိတ်စစ်သုံ့ပန်းနှင့် ချွေးတပ်သားများ၏ လုပ်အားဖြင့် မြန်မာဘက်နှင့် ထိုင်းဘက်ခြမ်းတွင် ၁၉၄၁ ခုနှစ်က တစ်ပြိုင်တည်း ဖောက်လုပ်ခဲ့ရာ နှစ်ဖက်မှဖောက်လုပ်သော မီးရထားလမ်းကို ၁၉၄၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ချိတ်ဆက်နိုင်ခဲ့သည်။

ယခု ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှာ ရထားလမ်း ချိတ်ဆက်ဖောက်လုပ်ပြီးစီးသည့် ၇၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ အထိမ်းအမှတ်နေ့ အခမ်းအနားကို သံဖြူဇရပ်မြို့နေသဟာယစစ်သင်္ချိုင်းတွင် ကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိတို့နှင့်အတူ မြန်မာ၊ ဩစတေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဗြိတိသျှ၊ ကနေဒါ၊ အိန္ဒိယ၊ နယ်သာလန်၊ နယူးဇီလန်၊ ပါကစ္စတန်၊ ထိုင်းနှင့် အမေရိကန် စသည့်နိုင်ငံ ၁၁ နိုင်ငံမှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် သံတမန်ဆိုင်ရာ အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်းသိရသည်။



အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဒုတိယကမ္ဘာစစ်ကာလတွင် ဂျပန်စစ်တပ်သည် မြန်မာနိုင်ငံ သံဖြူဇရပ်မှ ဘုရားသုံးဆူတောင်ကြားလမ်းအတိုင်း ယိုးဒယားနိုင်ငံအထိ မိုင် ၂၅၀ ကျော်ရှည်သည့် အရေးပါသော မီးရထားလမ်းကို စစ်သုံ့ပန်းအင်အားနှင့် ချွေးတပ်သားများအင်အားကို အသုံးပြုပြီး ၁၉၄၁ ခုနှစ်တွင် ဖောက်လုပ်ခဲ့ရာ ၁၉၄၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့တွင် ပြီးစီးချိတ်ဆက်နိုင်ခဲ့ကြောင်း၊ ရထားလမ်းဖောက်လုပ်ခဲ့ရာတွင် ယခု အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ စစ်သုံ့ပန်းများနှင့် မြန်မာနိုင်ငံမှ ချွေးတပ်သားများ၏ အသက်ပေါင်းမြောက်မြားစွာကို စတေးခံခဲ့ရသဖြင့် ယခုအခမ်းအနားကို ၎င်းတို့အတွက် အမှတ်တရအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ မဟာမိတ်တပ်မှ သေဆုံးသူများအတွက် အထိမ်းအမှတ် စစ်သင်္ချိုင်းကို သံဖြူဇရပ်မြို့တွင် ထားရှိခြင်းကြောင့် ရောက်ရှိလေ့လာသူများအနေဖြင့် စစ်၏အနိဋ္ဌာရုံနှင့် ဆိုးကျိုးများကို နားလည်ခံစားနိုင်ပြီး ကမ္ဘာပေါ်တွင် စစ်ပွဲများမဖြစ်ပွားစေရေးနှင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် စသည်ဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် သံအမတ်ကြီးများ၊ စစ်သံမှူးများက သေဆုံးသူများအားရည်စူး၍ သံဖြူဇရပ်စစ်သင်္ချိုင်းတွင် ပန်းခွေချ အလေးပြုကြပြီးနောက် သံအမတ်ကြီးများနှင့် စစ်သံမှူးများအဖွဲ့သည် ဒုတိယကမ္ဘာစစ်အတွင်းက သံဖြူဇရပ်ဘူတာရုံနေရာဟောင်းကို လည်းကောင်း၊ သေမင်းတမန်မီးရထားလမ်းပြတိုက်သို့လည်းကောင်း ဝင်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အမေရိကန်သံအမတ်ကြီး တွေ့ဆုံဆွေးနွေး



**ဘားအံ အောက်တိုဘာ ၁၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်သော ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr.Scot Marciel နှင့်အဖွဲ့တို့သည် အောက်တိုဘာ ၁၆ ရက်က ဘားအံမြို့ပြည်ထောင်စုရိပ်သာရှိ ပဒိုဒေးဗစ်တောခန်းမ၌ တွေ့ဆုံ၍ ကရင်ပြည်နယ်အတွင်း နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်နယ်၏အခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယခုနှစ်အတွင်း ကရင်ပြည်နယ်၌ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေး ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ထိခိုက်ဆုံးရှုံးမှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုအခြေအနေများ၊ USAID မှ အကူအညီပေးရေးအစီအစဉ်၊ ဒေသ၏လိုအပ်ချက်များ၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် မြန်မာ-ထိုင်းနယ်စပ် ဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ၏ အရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် အမေရိကန်နိုင်ငံသံရုံးမှ စစ်သံမှူး၊ ပထမအတွင်းဝန်နှင့် ဒုတိယအတွင်းဝန်များ တက်ရောက်ခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျောက်ကြီးမြို့ ငြိမ်းချမ်းရေးအထောက်အကူပြုစီမံကိန်းဆွေးနွေးပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ကျောက်ကြီး အောက်တိုဘာ ၁၉**

အောက်တိုဘာ ၁၈ ရက်က တောင်ငူခရိုင် ကျောက်ကြီးမြို့ ခရစ်ယာန်သာသနာခန်းမတွင် ကျင်းပသော ငြိမ်းချမ်းရေးအထောက်အကူပြုစီမံကိန်း၏ ပါဝင်ပတ်သက်နေသူများ တွေ့ဆုံဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်ကာ ငြိမ်းချမ်းရေးဆိုင်ရာများ မှာကြားဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းပြည်တစ်ခု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးသည် ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တစ်ဘက်နှင့်တစ်ဘက်၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ယုံကြည်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယုံကြည်မှုရှိရန်အတွက် တစ်ဦးနှင့်တစ်ဦး ကူးလူးပေါင်းသင်းဆက်ဆံနိုင်မည့် လမ်းပန်းဆက်သွယ်ရေးလည်း လိုအပ်မည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများကို စုစည်းပြီး အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်သည့် အလေ့အထများရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ အဓိကရည်မှန်းချက်သည် ငြိမ်းချမ်းရေးရရှိရေးပင်ဖြစ်ကြောင်းနှင့် ယခုလို (၂၁)ရာစုပင်လုံနှင့်အတူ ပေါက်ဖွားလာသည့် ရရှိပြီး ငြိမ်းချမ်းရေးအသီးအပွင့်များ တည်မြဲခိုင်မာအောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် KNU ဗဟိုမှ တာဝန်ရှိသူများ၊ KNU ညောင်လေးပင်ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်တို့က အမှာစကားပြောကြားကြပြီး CIDKP ညွှန်ကြားရေးမှူးနှင့် စီမံကိန်းတာဝန်ခံ စောဘယ်ထူးက ငြိမ်းချမ်းရေးအထောက်အကူပြုစီမံကိန်း၏ ပါဝင်ပတ်သက်နေသူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများ၏ မေးမြန်းချက်များကို တက်ရောက်လာသည့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ တွေ့ဆုံနွေးဆွေးပွဲ ကျင်းပခြင်းမှာ ယခင်က ငြိမ်းချမ်းရေးမရရှိခဲ့၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုဘဝအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုနောက်ကျခဲ့ခြင်းကို ပြန်လည်ကုစားပေးနိုင်ရန်နှင့် အဖွဲ့အစည်းအချင်းချင်းကြား ယုံကြည်မှုတည်ဆောက်၍ ဒေသခံပြည်သူများအတွက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**




## သထုံမြို့နယ်အတွင်းမှ ဖမ်းဆီးရမိထားသော တရားမဝင်ငါးဖမ်းပိုက်များကို မီးရှို့ဖျက်ဆီး

**သထုံ အောက်တိုဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ငါးဖမ်းရေပြင်များမှ သိမ်းဆည်းရမိထားသည့် တစ်လက်မအောက် ငါးဖမ်းပိုက်(ဒေသအခေါ် သံဇကာပိုက်)များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ကမ်းနီးငါးဖမ်းရေပြင်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ပွဲကို သထုံမြို့ရှိ ပြည်နယ်ငါးလုပ်ငန်းစခန်းတွင် အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးနှင့် မုတ္တမပင်လယ်ကွေ့စီမံချက် စီမံကိန်းမန်နေဂျာ ဦးသန်းထိုက်အောင်တို့က အမှာစကားများပြောကြားပြီး စစ်တောင်းမြစ်ဝှမ်းရှိ ကျိုက်ထို၊ ဘီးလင်း ကမ်းနီးငါးဖမ်းလုပ်ငန်း ရေပြင်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသူများအား ပြည်နယ်ငါးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ဖမ်းဆီးရမိခဲ့သော တစ်လက်မအောက်ပိုက် ပိုက်အစုံ ၆၀(အရှည်ပေ ၃၀၀၀၀ ကျော်) ကာလတန်ဖိုး ကျပ်သိန်း ၂၅၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။

မွန်ပြည်နယ်အတွင်း တရားမဝင်ငါးဖမ်းပိုက်များဖြင့် ငါးဖမ်းဆီးမှုမရှိစေရေးအတွက် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ် စက်တင်ဘာလမှစတင်ကာ ပြည်နယ်ငါးလုပ်ငန်းကော်မတီဝင်များ၊ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ရေလုပ်သားများပါဝင်သော ပူးပေါင်းအဖွဲ့တို့ဖြင့် ပင်လယ်ပြင်အထိ ကွင်းဆင်းစစ်ဆေးခြင်းများကို ပြုလုပ်နေပြီး လက်ရှိအချိန်အထိ ပညာပေးကာလအဖြစ်သတ်မှတ်ကာ တရားမဝင်ငါးဖမ်းပိုက်များကို သိမ်းယူခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းသာ ပြုလုပ်နေသော်လည်း နောက်ပိုင်းတွင် ဥပဒေအရ တရားစွဲဆိုအရေးယူခြင်းများကိုပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းကော်မတီမှ သိရသည်။ **သက်ဦး(သထုံ)**



## ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၁၉**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/ ၂၀၁၈) ကို အောက်တိုဘာ ၁၆ ရက်က လွိုင်ကော်မြို့ရှိ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုကောင်းရန်၊ ဘဏ္ဍာရေးအလေအလွင့်မရှိစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်၊ စနစ်တကျဆောင်ရွက်ရန်၊ အရည်အသွေးသတ်မှတ်ချက်ပြည့်မီရန်၊ အများပြည်သူဝေဖန်ခံရမှုအနည်းဆုံးဖြစ်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ စနစ်တကျမလေ့လာ မပြင်ဆင်ဘဲ လုပ်ငန်းများဆောင်ရွက်သည့်အတွက် ပြည်သူများ၏ အထင်အမြင်သေးခံရခြင်းနှင့် စီမံခန့်ခွဲမှုညံ့ဖျင်း၍ မလိုလားအပ်သော မသင့်တော်သည့်လုပ်ငန်းအချို့ ပါဝင်နေခြင်းကြောင့် ပြည်သူများ၏ ဝေဖန်မှုကိုလည်း ခံနိုင်ရမည်ဖြစ်ကြောင်း၊ INGO၊ NGO များနှင့် လက်တွဲလုပ်ကိုင်ရာတွင် ကိုယ့်ဌာန၊ ရည်မှန်းချက်နှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ရန်နှင့် ကိုက်ညီမှုမရှိပါက ခွင့်မပြုရန်လိုကြောင်း၊ တင်ဒါစည်းမျဉ်းစည်းကမ်းများကို ပြည်သူများသို့အသိပေးဆောင်ရွက်ရန်၊ အဂတိလိုက်စားမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာအောင် စည်းရုံးဆောင်ရွက်ကြရန်လည်းလိုအပ်ပြီး တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် စေတနာထား ဆောင်ရွက်ပေးကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူးက ပြီးခဲ့သည့် အစည်းအဝေး အမှတ်စဉ်(၄/ ၂၀၁၈)မှ ဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖတ်ကြားတင်ပြခဲ့ပြီး ဌာနဆိုင်ရာများက လယ်ယာမြေနှင့်ပတ်သက်သည့်ကိစ္စ၊ ရင်နှီးမြှုပ်နှံမှုများဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ကုမ္ပဏီများက တင်ဒါစည်းမျဉ်းစည်းကမ်းများ လိုက်နာမှုအားနည်းသည့်အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြကာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကဏ္ဍအလိုက် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**ထွန်းလေး**

# ဖေ့စ်ဘုတ်၏ လုံခြုံရေးကျိုးပေါက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ mmCERT က အရေးပေါ်သတင်းထုတ်ပြန်ထား



အောက်တိုဘာ ၁၃ ရက်က သန်း ၃၀ သော ဖေ့စ်ဘုတ်သုံးစွဲသူများ၏ အချက်အလက်များ ပေါက်ကြားမှုဖြစ်စဉ်နှင့် ပတ်သက်သော စုံစမ်းတွေ့ရှိချက်များကို ဖေ့စ်ဘုတ်က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် မြန်မာနိုင်ငံ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန မြန်မာနိုင်ငံ ကွန်ပျူတာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (mmCERT)ကလည်း အသုံးပြုသူများအတွက် အရေးပေါ်ထုတ်ပြန်ချက်ကို အောက်တိုဘာ ၁၃ ရက်ကပင် ထုတ်ပြန်ကြေညာခဲ့သည်။

mmCERT မှ ထုတ်ပြန်ချက်တွင် "စက်တင်ဘာ ၂၅ ရက်က ဖေ့စ်ဘုတ်၏ တွေ့ရှိချက်အရ ဟက်ကာများသည် ဖေ့စ်ဘုတ်၏ လုံခြုံရေးအားနည်းချက်သုံးခုကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖေ့စ်ဘုတ်အနေဖြင့် တိုက်ခိုက်ခံရရန် အလားအလာရှိသော ဟက်ကာများက Access token ရရှိသွားသည်ဟု ယူဆရသော အကောင့်ပေါင်း သန်း ၉၀ ကို ဟက်ကာများ၏ အချက်အလက်ခိုးယူခြင်းမှ ကာကွယ်ရန်အတွက် log out လုပ်ပစ်ခဲ့ကြောင်း၊ သုံးစွဲသူများအနေဖြင့် မိမိတို့၏ လက်ရှိသုံးနေသော စကားဝှက်များကိုမူ ပြောင်းရန်မလိုကြောင်း၊ စက်တင်ဘာ ၂၈ ရက်က အသုံးပြုသူများ၏ အကောင့်များကို ထွက်ခိုင်းခဲ့ကြောင်း၊ ထိုအချက်အလက်ပေါက်ကြားမှုအခြေအနေကို ဖေ့စ်ဘုတ်က စတင်အသိပေးခဲ့သည့်အချိန်၌ ဖေ့စ်ဘုတ်အနေဖြင့် စုံစမ်းစစ်ဆေးဆဲဖြစ်၍ ဟက်ကာများက မည်သည့်အချက်အလက်များကို ရရှိသွားသည်ကို မသိရှိသေးကြောင်း" စသည့် ဖေ့စ်ဘုတ်၏ ကနဦးသတင်းထုတ်ပြန်ချက်ကို ဖော်ပြထားသည်။

ထို့နောက် ဟက်ကာများ၏ တိုက်ခိုက်မှုဖြစ်စဉ်တွင် ဟက်ကာများအနေဖြင့် ဖေ့စ်ဘုတ်သုံးစွဲသူများ၏ အောက်ပါအချက်အလက်များကို ရရှိသွားကြောင်းကို အောက်တိုဘာ ၁၃ ရက်တွင် ထပ်မံထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ (၁) နာမည်၊ (၂) Primary e-mail လိပ်စာ၊ (၃) နောက်ဆုံး ဖြည့်ထားသော ဖုန်းနံပါတ် စသည်တို့နှင့်အတူ သုံးစွဲသူ၏ အမည်၊ မွေးနေ့၊ ကျား-မ (လိင်)၊ ဖေ့စ်ဘုတ်ကို ဝင်ရောက်ရာတွင် အသုံးပြုခဲ့သော device များအားလုံး (ဖုန်းအမျိုးအစားများနှင့် ကွန်ပျူတာ browser အမျိုးအစားများ)၊ ဖေ့စ်ဘုတ်ကိုအသုံးပြုရာတွင် ရွေးချယ်ထားသော ဘာသာစကား(မြန်မာ၊ အင်္ဂလိပ် စသည်)တို့ကို ရရှိသွားကြောင်း ဖော်ပြထားသည်။

ထို့အပြင် သုံးစွဲသူများအနေဖြင့် Facebook account နှင့်သက်ဆိုင်သော အချက်အလက်များဖြစ်သည့် Relationship အခြေအနေ၊ ကိုးကွယ်သည့်ဘာသာ၊ ဇာတိ၊ လက်ရှိနေထိုင်သည့်မြို့၊ အလုပ်အကိုင်၊ ပညာရေး၊ မိမိ၏ ဝက်ဘ်ဆိုက်၊ မကြာသေးခင်က သွားရောက်ခဲ့သည့် နေရာ ၁၀ ခု သို့မဟုတ် အခြားမိတ်ဆွေများ၏ TAG တွဲခြင်းခံရသော နေရာ ၁၀ ခု၊ Facebook ၏ search box တွင် နောက်ဆုံးရှာဖွေခဲ့သော အကြောင်းအရာ ၁၅ ခု၊ Follow လုပ်ထားသော လူများ သို့မဟုတ် Page များစသည်တို့ကိုလည်း ဖြည့်စွက်ထားခဲ့လျှင် ဟက်ကာများက ရရှိသွားမည်ဖြစ်ကြောင်း သိရသည်။ ဟက်ကာများအနေဖြင့် အသုံးပြုသူများ၏ အကောင့်စကားဝှက်များနှင့် ငွေပေးချေခြင်းနှင့် ပတ်သက်သည့် ကတ်များ သို့မဟုတ် ကတ်တွင် ဖော်ပြထားသော အချက်အလက်များကိုမူ ရရှိသွားခြင်းမရှိကြောင်း ဖေ့စ်ဘုတ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖေ့စ်ဘုတ်ကို ဟက်ကာများ၏တိုက်ခိုက်မှုနှင့်ပတ်သက်၍ mmCERT (ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ထိုက်က "နိုင်ငံအလိုက် ပစ်မှတ်ထားတိုက်ခိုက်တာလားဆိုတာကိုတော့ ဖေ့စ်ဘုတ်က ဖော်ပြထားခြင်းမရှိလို့ မသိပါဘူး။ သေချာတာကတော့ မြန်မာနိုင်ငံက အကောင့်တော်တော်များများ ပါသွားပါတယ်။ Password ကိုတော့ ဟက်ကာတွေက လုံးဝမရသွားပါဘူး၊ သူတို့က Access token ရသွားပြီး အဲဒီ access token ယူသွားပြီး အဲဒါနဲ့ဝင်ပြီး အချက်အလက်တွေ အားလုံး ဒေါင်းလုပ်လုပ်သွားတာပါ၊ ရှိသမျှအချက်အလက်တွေအားလုံး ပါသွားတာပါ၊ ရသွားတဲ့ဒေတာတွေနဲ့ ပတ်သက်ပြီးတော့ leak လုပ်ခြင်းတော့ မရှိပါဘူး။ Messenger မှာ ကိုယ်ပြောခဲ့တဲ့စကားတွေ၊ ဓာတ်ပုံတွေတော့ မရသွားပါဘူး၊ သူက ကိုယ့်အကောင့်နဲ့ log in ဝင်လို့ရတဲ့အထိအခြေအနေ မရသွားပါဘူး၊ ကိုယ့်အကောင့်နဲ့ ဝင်လို့ရခဲ့ရင်တော့ Download Your Information ကိုနှိပ်တာနဲ့ အားလုံးပါသွားမှာပါ"ဟု ပြောသည်။

ယခု ဖေ့စ်ဘုတ်ဆာဗာလုံခြုံရေးကျိုးပေါက်မှုမှာ ဆာဗာဘက်ကို တိုက်ခိုက်ခြင်းဖြစ်၍ ပြည်တွင်းမှသုံးစွဲသူများထံ တိုက်ရိုက်ထိခိုက်မှုနည်းနိုင်သော်လည်း အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များကို အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် mmCERT က အောက်ပါအချက်လေးချက်ကို ပြည်တွင်းမှ အသုံးပြုသူများထံ အကြံပြုသတိပေးထားသည်။

(၁) သင်မသိရှိသောသူမှ ဖုန်းခေါ်ခြင်း၊ message ပို့ခြင်း၊ အီးမေးလ်ပို့ခြင်းကို သတိထားရန်၊
(၂) သင်၏ ဖုန်းနံပါတ်နှင့် အီးမေးလ်တို့ကို ရရှိသွားသည့်အတွက် သင့်ဆီ spam မေးလ်များပို့ခြင်း၊ Phishing လုပ်ရန် ကြိုးစားခြင်းမျိုးရှိလာနိုင်သည်။
(၃) အကယ်၍ ဖေ့စ်ဘုတ်မှ message ပို့ခြင်း၊ email ပို့ခြင်းများ ရှိခဲ့လျှင် Facebook မှ တရားဝင် ပို့ခြင်းဟုတ်၊ မဟုတ် (Facebook အယောင်ဆောင်၍ ပို့ခြင်းမျိုး ဟုတ်၊ မဟုတ်) ကို စစ်ဆေးရန်။ (Facebook မှ facebook mail.com နှင့်သာ မေးလ်ပို့ပါသည်။)
(၄) သင့်ကို ရိုက်စားလုပ်ရန်၊ သင့်ဆီ ပုဂ္ဂိုလ်ရေးဆိုင်ရာမေးလ်များ၊ စာတိုများ ပို့ရန်အတွက် အခြားသော အချက်အလက်များကိုလည်း အသုံးပြုနိုင်ပါသည်။

ဖေ့စ်ဘုတ်အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှုနှင့်ပတ်သက်၍ ဦးမျိုးမြင့်ထိုက်က အသုံးပြုသူများအနေဖြင့် ဖေ့စ်ဘုတ်၏ Setting ထဲမှ Security and Login ကိုဝင်ကြည့်ပြီး ကိုယ်အသုံးပြုခဲ့သည့်နေရာ သို့မဟုတ် အသုံးပြုခဲ့သည့် device များကိုစစ်ဆေးကာ မသုံးဖူးသောနေရာများ၊ Device များကို ပြနေပြီဆိုပါက ကိုယ့်အကောင့်ကို တခြားသူကသုံးရန် ကြိုးစားနေပြီဆိုသည်ကို သတိပြုပြီး Log Out လုပ်ပစ်ရန်၊ Two-Step Verification ကို အသုံးပြုရန်နှင့် account လုံခြုံရေးအတွက် ဖေ့စ်ဘုတ်က ပြုလုပ်ပေးထားသော Trusted Contacts စာရင်းတွင် လူသုံးဦးပုံမှန်ထားသည့်အစား ငါးဦးအထိထားရန် စသည့်အချက်များကို အကြံပြုပြောကြားထားသည်။

**သူရဖြိုး**

**"နိုင်ငံအလိုက် ပစ်မှတ်ထားတိုက်ခိုက်တာလားဆိုတာကိုတော့ ဖေ့စ်ဘုတ်က ဖော်ပြထားခြင်းမရှိလို့ မသိပါဘူး။ သေချာတာကတော့ မြန်မာနိုင်ငံက အကောင့်တော်တော်များများ ပါသွားပါတယ်။ Password ကိုတော့ ဟက်ကာတွေက လုံးဝမရသွားပါဘူး၊ သူတို့က Access token ရသွားပြီး အဲဒီ access token ယူသွားပြီး အဲဒါနဲ့ဝင်ပြီး အချက်အလက်တွေအားလုံး ဒေါင်းလုပ်လုပ်သွားတာပါ"**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၁၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၁ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၆၅ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၆ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၂ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၅၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ · ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၂၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

## MPT က FTTH ဝန်ဆောင်မှုကို အစီအစဉ်အသစ်များအဖြစ် ပြန်လည်ပြင်ဆင်ပြီး မြန်နှုန်းငါးဆအထိမြှင့်တင်

**ရန်ကုန် အောက်တိုဘာ ၁၉**

ဆက်သွယ်ရေးအော်ပရေတာ MPT က ၎င်း၏ Fiber-To-The-Home (FTTH) ဝန်ဆောင်မှုကို မြန်နှုန်းငါးဆအထိ တိုးမြှင့်လိုက်ပြီး အမြန်နှုန်းတိုးသော်လည်း ဈေးနှုန်းမှာ ယခင်အတိုင်း မပြောင်းလဲဘဲ အသုံးပြုသူများအနေဖြင့် အောက်တိုဘာ ၁၅ ရက်မှစတင်၍ ရယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြောင်းလဲလိုက်သည့် အမြန်နှုန်းများမှာ ယခင် 2Mbps ကို 10Mbps အထိ၊ ယခင် 5Mbps ကို 25 Mbps အထိနှင့် ယခင် 10Mbps ကို 50Mbps အထိ အမြန်နှုန်းများကို ငါးဆစီ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ အဆိုပါ FTTH ဝန်ဆောင်မှုကို အသစ်စတင်သုံးစွဲမည့်သူများအနေဖြင့် အသစ်ပြောင်းလဲပြင်ဆင်လိုက်သည့် မြန်နှုန်းအမြင့်ဆုံး 50Mbps အထိ ရရှိမည့်ပက်ကေ့ချ်အသစ်များကို စတင်ရယူအသုံးပြုနိုင်မည်ဖြစ်ကာ လက်ရှိအသုံးပြုနေသည့် သုံးစွဲသူများသည်လည်း အောက်တိုဘာ ၁၅ ရက်မှစ၍ အသစ်ပြောင်းလဲပြင်ဆင်လိုက်သည့် အစီအစဉ်အသစ်များကို အလိုအလျောက်အသုံးပြုနိုင်ကြောင်း သိရသည်။

MPT ၏ အဆိုပါ FTTH ဝန်ဆောင်မှုကို လက်ရှိအချိန်တွင် ရန်ကုန်မြို့တွင်း မြို့နယ်များဖြစ်သော ပန်းဘဲတန်း၊ လမ်းမတော်၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ လသာ၊ စမ်းချောင်း၊ မင်္ဂလာတောင်ညွန့်၊ ကျောက်မြောင်းနှင့် ယုဇနပလာဇာအနီးတစ်ဝိုက်တွင် ဖြန့်ကြက်ထားနိုင်ပြီးဖြစ်ကာ မန္တလေးတိုင်းဒေသကြီးတွင်လည်း ချမ်းအေးသာစံမြို့နယ်၌ အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ MPT အနေဖြင့် ကျန်ရှိနေသေးသည့် ဒေသများဆီသို့ ဆက်လက်ဖြန့်ကြက်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ဂီတဖန်တီးသူများအား မူပိုင်ခွင့်ကာကွယ်ပေးမည့် ဥပဒေလိုအပ်



မျက်နှာ၊ နှင်စေရင်၊ ဝန်ခံပါ၊ အဆင်ပြေပါစေ၊ နေချင်တာမင်းအနား၊ မင်းစိတ်တိုင်းကျစသည့် သီချင်းများအပြင် တေးသီချင်း အေးအေးလေးများနှင့် ပရိသတ်ကို ဖမ်းစားနိုင်ခဲ့သူ လူငယ်အဆိုတော် ပူစူးက ဂီတလောကတွင် ရပ်တည်လာခဲ့သည်မှာ ယခုဆိုလျှင် ဂီတသက်တမ်း ၁၀ နှစ်နီးပါးရှိပြီဟု သိရသည်။ ထို့သို့ ဖြတ်သန်းလာသည့် ဂီတခရီးတစ်လျှောက်တွင် ကိုယ်တိုင်ဖန်တီး၊ ကိုယ်တိုင်ရေးသားခဲ့သော သီချင်းခွေ သုံးခွေရှိသွားပြီဖြစ်ကာ ထပ်မံထွက်ရှိမည့် စတုတ္ထမြောက်စီးရီးအတွက် အခက်အခဲများရှိနေကြောင်း သိရသည်။

"အခက်အခဲကတော့ တခြားမဟုတ်ပါဘူး၊ ထုံးစံအတိုင်း ပရိုဂျူဆာတွေကလည်း အရင်ကလို မရင်းရဲကြတော့ဘူး၊ ခေတ်ရဲ့အခြေအနေကိုက ဂီတလောက က ခိုးကူးကြောင့် ဒုက္ခရောက်ခဲ့ရတယ်၊ အခု တက်သစ်စအဆိုတော် တော်တော်များများကလည်း ကိုယ်တိုင်အားစိုက်ဖန်တီးထားတဲ့ သီချင်းတွေကို ခွင့်ပြုချက်မယူဘဲ ဆိုကြတယ်၊ အဲဒီလိုဆိုကြတဲ့အခါ ကျွန်တော့်အနေနဲ့ပြောချင်တာက စီးပွားဖြစ်ဆိုမယ်ဆိုရင်လည်း မူရင်းအဆိုရှင်ကို ခွင့်ပြုချက်တောင်းကြပါ၊ လေးစားမှုနဲ့ပေါ့ဗျာ၊ အထူးသဖြင့် ဂီတပြိုင်ပွဲအချို့မှာ အများဆုံးတွေ့နေရတယ်၊ သူတို့က မူရင်းအဆိုရှင်ကို ခွင့်မတောင်းဘဲ ပုံစံတွေပြောင်းပြီးဆိုကြတယ်၊ ပြီးတော့ နယ်ရှိုးတွေရောက်တယ်၊ ပိုက်ဆံယူတဲ့ပွဲတွေမှာ မူရင်းအဆိုတော်ကြီး ရှေ့မှာငုတ်တုတ်ရှိနေတာတောင် လေးစားမှုမထား၊ ခွင့်မတောင်းဘဲ သူကိုယ်တိုင်ပဲ ဝယ်ထား၊ ဖန်တီးထားသလို ပုံစံမျိုးနဲ့ တက်ဆိုကြတယ်၊ ဒါတွေကလည်း မူရင်းဖန်တီးကြတဲ့ အဆိုတော်တွေအတွက် အင်မတန်ကို စိတ်ပျက်စရာတစ်ခုပါပဲ၊ ပရဟိတပွဲမျိုးဆိုရင်လည်း မပြောလိုပါဘူး၊ ဆိုပါ၊ ရပါတယ်၊ အခကြေးငွေယူပြီးဆိုတဲ့ပွဲဆိုရင်တော့ ခွင့်ပြုချက်လေး တောင်းသင့်တယ်ထင်တယ်၊ အဲ့ဒီတော့ ကိုယ်ပိုင်ဖန်တီးသူ မူရင်းအဆိုတော်တွေရဲ့ဂီတကို ကာကွယ်တဲ့ ဥပဒေတစ်ခု ရှိစေချင်တယ်လို့ ပြောပါရစေ"ဟု ပူစူးက ပြောသည်။


၎င်းအနေဖြင့် ပရိသတ်အတွက် ထပ်မံပြီး ဂီတဖန်တီးမှုများ တင်ပြရန် ပြင်ဆင်နေသော်လည်း တစ်ကိုယ်တော်အခွေထုတ်ရန်အတွက် လတ်တလော မဖြစ်နိုင်သေးကြောင်း၊ ထို့ကြောင့် ကိုယ်တိုင်ရေးသားသီဆိုထားသော တောင်ကြီးတန်ဆောင်တိုင်ဟု အမည်ပေးထားသည့် တေးသီချင်းတစ်ပုဒ်ကို အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသသွားရန်ရှိကြောင်း သိရသည်။

"ပရိုဂျူဆာမရှိ၊ ကိုယ်တိုင်ထုတ်ဖို့ဆိုတာကလည်း မလွယ်ဘူးလေ၊ အခွေတစ်ခွေဆို သိန်းက ရာချီကုန်တာဗျ၊ ကိုယ်သုံးရင်သုံးသလောက် ကုန်တယ်လေ၊ ကြော်ငြာစရိတ်တို့၊ အခွေကာဗာဒီဇိုင်းတွေက အစပေါ့၊ အရင်ကဆို သီချင်းတွေက အခုခေတ်လိုမဟုတ်ဘူး၊ အွန်လိုင်းကလည်း ခေတ်မစားသေးတော့ အခွေရောင်းအားက မဆိုးဘူးပြောရမယ်၊ ခိုးကူးရှိနေတာတောင် အသင့်အတင့် ရောင်းရတယ်၊ ခိုးကူးကြောင့် ပရိသတ်နဲ့ ပိုရင်းနှီးခွင့်ရပြန်ရော၊ အခွေမရောင်းရတောင် နယ်ပွဲတွေလိုက်ဆိုတာနဲ့ ရှေ့ဆက်လို့ရသေးတယ်၊ အခုက အွန်လိုင်းကနေ ဒေါင်းလိုက်တာနဲ့ သီချင်းတွေက အလွယ်တကူရနေတော့ အခွေက ထင်သလောက်ကို မဖြစ်တော့ဘူးဗျာ၊ အဲ့ဒါကြောင့် ကျွန်တော်ဆို အခု သီချင်းတွေ ဖန်တီးထားတာ အများကြီးရှိတယ်၊ ထုတ်ပေးမယ့်သူမရှိတော့ လေးခွေမြောက်ကို မထုတ်နိုင်သေးဘူး၊ အွန်လိုင်းကနေ တစ်ပုဒ်ချင်းစီပဲ ပရိသတ်နားဆင်လို့ရအောင် အရင်တင်နေမယ်ဗျာ၊ တောင်ကြီးတန်ဆောင်တိုင်ကတော့ ရှမ်းအိုးစည်နဲ့တီးထားတဲ့ သီချင်းလေးတစ်ပုဒ်ပါ၊ တောင်ကြီးမှာ နှစ်တိုင်းပြုလုပ်တဲ့ တန်ဆောင်တိုင်ပွဲတော်ကို အခြေခံပြီး ရေးစပ်ထားတဲ့ သီချင်းလေးပါ"ဟု ပြောသည်။

**ကိုလင်း**

# တောင်ကြီးသား အဆိုတော်ရှစ်ဦး၏ ချယ်ရီနွေဦးစီးရီး ထွက်ရှိမည်

The Sun Music တေးထုတ်လုပ်ရေးမှ ဖြန့်ချိပြီး တောင်ကြီးသားအဆိုတော်များဖြစ်ကြသည့် ဘိုဖြူ၊ လှိုင်ဦးမော်၊ ဟန်ထွန်း၊ သအို ၊ ပူစူး၊ အယ်နောင်းနှင့် ကိုအောင်တို့ ပါဝင်သီဆိုထားသည့် ချယ်ရီနွေဦးဟု အမည်ပေးထားသော တေးစီးရီးသစ်ကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။





"ဒီအခွေလေးက ကျွန်တော်တို့ တောင်ကြီးသားတွေချည်းပဲ သီးသန့်သီဆိုထားတဲ့၊ သီချင်းသစ်တွေ ပါဝင်တဲ့ အခွေတစ်ခွေပါ၊ ဒီအခွေလေးထဲက သီချင်းတွေအကုန်လုံး သီချင်းသစ်တွေပါပဲ၊ ဒီအချိန်မှာ သီချင်းကောင်း တစ်ပုဒ်ရဖို့ဆိုတာ အင်မတန်ကို ရှားပါတယ်၊ တစ်နှစ်အတွင်း မြန်မြန်ပြီးအောင် စီစဉ်ကြရတာဖြစ်တာမို့ သီချင်းတွေ ဖန်တီးတဲ့အခါ အခက်အခဲတော့ရှိတာပေါ့၊ အကြောင်းအရာလေးတွေ ရှာကြတဲ့အခါ ကိုယ့်စိတ်ကြိုက်ပုံစံမျိုးဖြစ်အောင် တစ်ယောက်ချင်းစီတိုင်းက လုပ်ရတာဖြစ်ပါတယ်၊ ကိုယ်ပိုင်သံစဉ်သီချင်းတွေဖြစ်တာမို့ ပရိသတ်နဲ့ နည်းနည်းစိမ်းနေတယ်ထင်ရပေမယ့် နားဆင်ရကျိုးနပ်မှာပါ၊ ကျွန်တော်တို့ ဒီအခွေလေးစလုပ်ကတည်းက ငွေရေးကြေးရေး မြတ်စွန်းလိုမှု မပါဝင်ပါဘူး၊ စိတ်တူကိုယ်တူ ညီအစ်ကိုတွေ တစ်စုတစ်စည်းတည်းလုပ်ချင်ခဲ့တာမို့ လုပ်ခဲ့တာပါ၊ ဒီခေတ်ဒီအခါမှာ အခွေတစ်ခွေထွက်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ ပရိသတ်အနေနဲ့က ပထမဆုံးထွက်ခဲ့တဲ့ Audio CD တုန်းက ကြိုက်ကြတယ်ဆိုလို့ လိုက်ဆိုနိုင်အောင် ထပ်ပြီး DVD အဖြစ် ထုတ်လိုက်တာပါ"ဟု အဆိုတော် ဘိုဖြူက ပြောသည်။ အဆိုပါတေးစီးရီးတွင် တောင်ကြီးသား အဆိုတော် ရှစ်ဦး၏ တေးသီချင်း ၁၀ ပုဒ်ပါဝင်ကြောင်း သိရသည်။

**ကိုလင်း**

# အရှေ့တောင်အာရှ၏ အကြီးဆုံး EDM ပွဲကြီး ရန်ကုန်၌ ကျင်းပမည်

Brave Entertainment က ကြီးမှူးကျင်းပမည့် Waterzonic Myanmar 2018 ပွဲနှင့် Don't Let Daddy Know Myanmar EDM ပွဲကို မြန်မာနိုင်ငံတွင် တတိယအကြိမ် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Waterzonic (EDM) ပွဲသည် ထိုင်းနိုင်ငံ တွင် နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိသော အရှေ့တောင်အာရှ၏ အကြီးဆုံး EDM ပွဲကြီးတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

"Waterzonic EDM ပွဲက အခြား EDM ပွဲများနဲ့မတူဘဲ တစ်ကွင်းလုံးကို ရေတွေပက်ဖျန်းပြီး ရေများကြားမှာ ပျော်ရွှင်ရတဲ့ပွဲဖြစ်တဲ့အတွက် လူငယ်များအနေနဲ့ရော EDM ကို ချစ်မြတ်နိုးသူများအတွက်ပါ ထူးခြားတဲ့ပွဲလည်းဖြစ်ပါတယ်၊ လူငယ်များနဲ့ EDM ကို နှစ်သက်သူများအတွက် ရည်ရွယ်ပြုလုပ်တဲ့ ဒီ Waterzonic Myanmar EDM ပွဲကြီးကို မြန်မာနိုင်ငံမှာကျင်းပနိုင်အောင် ခေါ်ဆောင်ပေးလာသူကတော့ Brave Entertainment က ဖြစ်ပါတယ်၊ Waterzonic Myanmar 2018 ပွဲကြီးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ပြုလုပ်ခဲ့တဲ့အတိုင်း ကျင်းပပြုလုပ်မှာပါ၊ လက်မှတ်ဈေးနှုန်းတွေကတော့ ရိုးရိုးတန်း ၂၅၀၀၀ နဲ့ VIP တန်း ၆၀၀၀၀ ဖြစ်ပါတယ်"ဟု Brave Entertainment မှ ကိုစိုးလှိုင်က ပြောသည်။

အဆိုပါ EDM ပွဲကို နိုဝင်ဘာ ၁၀ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏရှိ The One Entertainment Park ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ နာမည်ကြီး DJ အနုပညာရှင်များဖြစ်သည့် Supporting DJ၊ Sick Individuals, Third Party တို့နှင့်အတူ ပြည်တွင်းမှ နာမည်ကျော် DJ ပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# အယ်လ်ဘေးနီးယား၌ပြုလုပ်မည့် The Miss Globe 2018 ပြိုင်ပွဲသို့ မြန်မာကိုယ်စားပြုအလှမယ် မြတ်အိန္ဒြေထက် သွားရောက်ယှဉ်ပြိုင်

ကမ္ဘာ့အကြီးဆုံး Miss ပြိုင်ပွဲများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ယခုနှစ်တွင် အယ်လ်ဘေးနီးယားနိုင်ငံ Tirana မြို့၌ အောက်တိုဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိသော (၄၅) ကြိမ်မြောက် The Miss Globe 2018 ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် အလှမယ် မြတ်အိန္ဒြေထက်က သွားရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အလှမယ်ပြိုင်ပွဲကြီးတွင် နိုင်ငံပေါင်း ၆၀ ကျော်မှ ပြိုင်ပွဲဝင်အလှမယ်များ လာရောက်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အလှမယ် မြတ်အိန္ဒြေထက်က ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ "ညီမက Miss Globe ကို လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ဆုရရှိခဲ့တာပါ။ ဒါပေမယ့် ဗီဇာအခက်အခဲအမျိုးမျိုးကြောင့် သွားရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပါဘူး။ အားလုံးပြင်ဆင်ပြီးမှ ကပ်လွဲခဲ့ရတယ်။ ဒီခရီးက ညီမအတွက် ပထမဆုံးသော မြန်မာနိုင်ငံကိုယ်စားပြု ခရီးစဉ်ဖြစ်သလို အကြီးဆုံးသော ပြိုင်ပွဲတစ်ခု ဖြစ်တဲ့အတွက် အလွန်ကို စိတ်လှုပ်ရှားရတဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ဒီပွဲကို ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြုသွားရမှာဖြစ်တဲ့အတွက် ဟိုရောက်ရင် အသုံးပြုမယ့်ပစ္စည်းတွေကအစ မြန်မာ့ရိုးရာလက်မှုပညာနဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းတွေကိုပဲ အသုံးပြုဖို့ ပြင်ဆင်သွားတယ်။ Talent ပိုင်းအတွက်ဆိုရင်လည်း ညီမက ငယ်ငယ်ကတည်းက ဆိုကရေးတီးပြိုင်ပွဲတွေမှာဝင်ပြိုင်ပြီး ဆုတွေလည်း အများကြီးရထားတာဆိုတော့ မြန်မာအကထဲက ထိုင်မသိမ်းအကကို တီးလုံးသုံးမျိုးနဲ့ရောစပ်ပြီး ကပြမှာပါ။ National costume ကိုတော့ အော်ဂနိုက်ဇေးရှင်းနဲ့ ပေါင်းပြီး မြန်မာ့လက်ဇွေ့နဲ့ ထိုးကွင်းကို ဖော်ထုတ်ပြဖို့စိတ်ကူးနဲ့ ဝတ်စုံဖန်တီးသွားပါတယ်" ဟု ပြိုင်ပွဲအတွက် ပြင်ဆင်ခဲ့မှုများကို မြတ်အိန္ဒြေထက်က ပြောသည်။





"ညီမက ဒီနှစ်မှစပြီး ဒီပွဲကို ယှဉ်ပြိုင်ရမှာဖြစ်တော့ ကိုယ့်နိုင်ငံကို လူအများသိအောင်အားထုတ်ရမှာပါ။ ပတ်ဝန်းကျင်အသစ်တစ်ခုကို ငါတည်ဆောက်ရမယ် ဆိုတဲ့စိတ်နဲ့ သွားတာပါ။ အနိုင်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အကောင်းဆုံးကြိုးစားသွားမယ်။ မြန်မာလူမျိုးတွေ ဘယ်လောက်ကြိုးစားတယ်။ ဘယ်လောက်တော်တယ်ဆိုတာ သိအောင်တော့ အစွမ်းကုန် ကြိုးစားမှာပါ။ နောက်တစ်ခုက ညီမတို့ပွဲက ပိုက်ဆံနဲ့ဝယ်ပြီး Vote ရတာဆိုတော့ ကိုယ့်မြန်မာပရိသတ်တွေဆီက အားလျော့မယ်ဆိုတာသိပေမယ့် ရှိသလောက် အားအင်အပြည့်နဲ့ ပြိုင်ပွဲကိုဝင်မှာပါ။ ပရိသတ်တွေရဲ့ မေတ္တာကိုလည်း အများကြီး မျှော်လင့်နေပါတယ်"ဟု မြတ်အိန္ဒြေထက်က ဆက်ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ကီရာနိုက်တလေက သမီးဖြစ်သူကို ဒစ္စနေးဇာတ်ကားများ ကြည့်ရှုခွင့်မပေးဟုဆို

ရုပ်ရှင်မင်းသမီးချော ကီရာနိုက်တလေကတော့ သမီးဖြစ်သူကို ဒစ္စနေးရုပ်ရှင်တွေ ပေးမကြည့်ဘူးလို့ ပြောလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ ဒစ္စနေးရုပ်ရှင်တွေမှာ အချို့သောအကြောင်းအရာတွေဟာ ခေတ်မမီတော့ဘူးလို့ Ellen Show စကားပြောခန်းမှာ ပြောကြားသွားခဲ့ပါတယ်။

"အိမ်မှာဆိုရင် စင်ဒရဲလားကို ကြည့်ခွင့်မပေးဘူး။ ဘာလို့လဲဆိုတော့ စင်ဒရဲလားဟာ ကိုယ်တိုင်လွတ်မြောက်ဖို့ မကြိုးစားဘဲ ချမ်းသာတဲ့ မင်းသားလေးလာကယ်မှာကို စောင့်ဆိုင်းနေတယ်။ ဒါကြောင့် ကြည့်ခွင့်မပေးတာ" လို့ ကီရာနိုက်တလေက ပြောပါတယ်။ ဒ့ါအပြင် The Little Mermaid ဇာတ်ကားကိုလည်း သမီးလေးကို ကြည့်ခွင့်ပေးမထားဘူးလို့ ပြောပါတယ်။ ကီရာနိုက်တလေဟာ သူ့သမီးလေးကို ဒစ္စနေးရုပ်ရှင်တွေအားလုံးကို ကြည့်ခွင့်မပေးတာမဟုတ်ဘဲ Frozen၊ Moana၊ Finding Dory အစရှိတဲ့ ဇာတ်ကားတွေကိုတော့ ကြည့်ခွင့်ပေးထားတယ်လို့ အင်တာဗျူးမှာ ဖြေခဲ့ပါတယ်။ ပရိသတ်တွေကတော့ ကီရာနိုက်တလေရဲ့အင်တာဗျူးကိုကြည့်ပြီး ဝေဖန်ချက်တွေ အမျိုးမျိုးပေးကြပါတယ်။

ပရိသတ်တစ်ယောက်ကဆိုရင် သူဟာ ငယ်ငယ်တုန်းက ဒစ္စနေးရုပ်ရှင်တွေအားလုံး ကြည့်တာပဲ။ ဒါပေမယ့်လည်း စင်ဒရဲလားလို မင်းသားလေးလာကယ်မှာကို စောင့်မနေခဲ့ပါဘူး။ ကီယာနိုက်တလေဟာ ကလေးအပေါ် အကဲပိုလွန်းတယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် အချို့သော ကလေးအမေတွေကတော့ ကီရာနိုက်တလေကို ထောက်ခံကြပါတယ်။

ဟယ်လို



# ဆိုရှယ်မီဒီယာမသုံးတော့ဘူးဟု အာရီယာနာဂရန်ဒီ ကြေညာ

ဆိုရှယ်မီဒီယာကနေ အနားယူတော့မယ်လို့ အာရီယာနာဂရန်ဒီက ကြေညာခဲ့ပါတယ်။ လတ်တလောမှာ ချစ်သူနဲ့ လမ်းခွဲခဲ့တဲ့အတွက် အခုလိုကြေညာတာလည်း ဖြစ်တယ်လို့ အရိပ်အမြွက် ပြောထားပါတယ်။ ဆိုရှယ်မီဒီယာပေါ်မှာ ရေးသားထားပြီးနောက် သူပြန်ဖျက်ခဲ့တဲ့စာသားမှာ "ဒါဟာ ဝမ်းနည်းဖို့ကောင်းတဲ့ အခြေအနေတစ်ခုပါ။ ကျွန်မတို့နှစ်ဦးသားဟာ အရင်အတိုင်းပြန်သွားဖို့ အတော်လေးကို ကြိုးစားယူရမှာပါ" လို့ ရေးသားထားပါတယ်။

အဆိုတော်တစ်ဦးဖြစ်တဲ့ အာရီယာနာနဲ့ ဟာသသရုပ်ဆောင် ပီတီဒေးဗစ်ဆင်တို့ဟာ ငါးလကြာတွဲခဲ့ပြီးနောက် ယခုသီတင်းပတ်အစပိုင်းမှာမှ စေ့စပ်ထားတာကို ဖျက်သိမ်းလိုက်ပါတယ်။ အသက် ၂၅ နှစ်အရွယ် အာရီယာနာဟာ သူတို့နှစ်ဦးရဲ့အချစ်ရေးအကြောင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိပါဘူး။ အာရီယာနာလိုပါပဲ သူ့ချစ်သူ ဒေးဗစ်ဆင်ကလည်း သူ့ရဲ့အင်စတာဂရမ်ပေါ်က အကောင့်ကို ဖျက်သွားခဲ့ပါတယ်။ ဒ့ါအပြင် ဗုဒ္ဓဟူးနေ့မှာ ပြုလုပ်မယ့်ပွဲကိုလည်း ဖျက်လိုက်ပါတယ်။

သူတို့စုံတွဲဟာ ၂၀၁၈ ခုနှစ် မေလကစပြီး တွဲခဲ့ကြတာပါ။ နောက်ပြီး အချိန်တိုတိုလေးအတွင်းမှာ စေ့စပ်ခဲ့ကြပါတယ်။ အခုအခါမှာ အာရီယာနာဟာ ဒေါ်လာကိုးသောင်းကျော်တန်ဖိုးရှိ စေ့စပ်လက်စွပ်ကို ဒေးဗစ်ဆင်ထံ ပြန်ပေးလိုက်တယ်ဆိုတဲ့ အတည်မပြုနိုင်သေးတဲ့ သတင်းတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

ဘီဘီစီ



ချိုး



# စကားလုံးနှင့် အနက်အဓိပ္ပာယ်(၅)

မောင်ခင်မင် (ဓနုဖြူ)

"အရင်အပတ်က ပြောခဲ့တဲ့ 'ဝက်အူ' တို့၊ 'ကမ်းနဖူး' တို့ ဝန်ချီစက်ကို crane လို့ ခေါ်တာတို့ဆိုတဲ့ စကားလုံးတွေဟာ ဥပစာတင်စားပြီး အနက်အဓိပ္ပာယ်ချဲ့သုံးတဲ့ စကားလုံးတွေဆိုတာ သမီးသိပြီနော်။ တစ်ခုရှိတာက အဲဒီစကားလုံးတွေကို စသုံးတုန်းကတော့ ဥပစာတင်စားတာဖြစ်ပေမယ့် အခုအခါမှာတော့ ဥပစာရဲ့အာနိသင် မရှိတော့ဘူး။ တကယ်ခေါ်တဲ့စကားလုံးတွေ ဖြစ်နေပြီ။ အဲဒီစကားလုံးတွေကို အသက်ကုန်သွားတဲ့ ဥပစာတွေလို့ ခေါ်ကြတယ်ကွဲ့"

"ဟင်... အသက်ကုန်သွားတယ်ဆိုတာ ဘယ်လိုမျိုးလဲ ဘဘ"

"ဝက်ရဲ့အူကလေးနဲ့ တူလို့ အဲဒီသံချောင်းကလေးကို 'ဝက်အူ' လို့ ဥပစာတင်စားခေါ်ခဲ့တာပဲ။ ဒါပေမယ့် အဲဒီသံချောင်းကလေးကို အခုဝက်အူလို့ပဲ တကယ်ခေါ်နေပြီလေ။ တင်စားခေါ်တာ မဟုတ်တော့ဘူး။ ဥပစာရဲ့ အစွမ်းအာနိသင် ကုန်သွားပြီ။ တခြားစကားလုံးတွေလည်း ဒီသဘောပဲ"

"ဒါဆိုရင် အသက်မကုန်သေးတဲ့ ဥပစာတွေလည်း ရှိမှာပေ့ါနော်"

"ရှိတာပေ့ါ။ သမီးတို့အလုပ်ပြီးအောင် တက်ညီလက်ညီ ကြိုးစားကြလို့ ပြောရင် ဘယ်လိုနားလည်သလဲ"

"ညီညီညွတ်ညွတ်ကြိုးစားပြီး လုပ်ကြလို့ ပြောတာပါ ဘဘ"

"အဲဒီမှာ 'တက်ညီလက်ညီ' ဆိုတာ လှေလှော်ရာမှာ တက်တွေကို တစ်ညီတည်းကိုင်ပြီးလှော်တာကို ပြောတာလေ။ ဒါက မူရင်းအဓိပ္ပာယ်ပေ့ါ။ ဒီစကားကို လှေလှော်တာနဲ့ မဆိုင်တဲ့ကိစ္စမှာလည်း 'တက်ညီလက်ညီ လုပ်ကြကိုင်ကြ' လို့ ပြောင်းပြီး သုံးတာက ဥပစာတင်စားတာပေ့ါ။ ဒါပေမယ့် တကယ်လှေလှော်ဖို့ပြောတာ မဟုတ်ဘူးလေ။ 'တက်ညီလက်ညီ' ဆိုတဲ့ စကားဟာ ညီညီညွတ်ညွတ်က လှော်တယ်ဆိုတဲ့ အဓိပ္ပာယ်ရော၊ ညီညီညွတ်ညွတ်ဆောင်ရွက်တယ်ဆိုတဲ့ အဓိပ္ပာယ်ရော ရတယ်မဟုတ်လား။ ဒီတော့ ဥပစာအာနိသင်မကုန်သေးဘူးပေ့ါကွယ်"

"သြော်... ဟုတ်ကဲ့"

"ဥပစာအာနိသင်မကုန်တဲ့ တင်စားပုံတွေ အများကြီးပါ။ ဆိုပါတော့။ သမီးက သူငယ်ချင်းဖိတ်တဲ့အလှူကို မသွားဖြစ်ရင် သူနဲ့တွေ့တဲ့အခါ မျက်နှာပူတယ် မဟုတ်လား"

"မျက်နှာပူတယ်ဆိုတာ သမီးမျက်နှာ တကယ်ပူလာတာလား"

"မဟုတ်ပါဘူး ဘဘ။ သူ့ကိုတွေ့ရမှာ အားနာနေတာကို ပြောတာပါ"

"ဟုတ်ပါတယ်။ ဒီတော့ မျက်နှာပူတယ်ဆိုတာ မျက်နှာတကယ်ပူတာမဟုတ်တဲ့အတွက် ဥပစာတင်စားပြီးပြောတယ်ဆိုတာ ထင်ရှားတာပေ့ါ"

"ဟုတ်ကဲ့ပါ"

"အများကြီးပါ။ ပရမ်းပတာစကားပြောရင် 'အိုးနင်းခွက်နင်းပြောတယ်' လို့ ဆိုတယ်။ တကယ်အိုးတွေ ခွက်တွေကို နင်းတာမဟုတ်ဘူးလေ။ 'ဒီသတင်းက တော်တော်ဂယက်ရိုက်သွားတယ်' လို့ ပြောရင်လည်း မြစ်ထဲချောင်းထဲမှာ လှိုင်းဂယက်တွေ ရိုက်တာမဟုတ်ဘူးလေ။ အရှိန်ပျံ့နှံ့သွားတာကို ပြောတာ မဟုတ်လား"

"အခုပြောတဲ့ဥပစာတင်စားတာတွေက အကြောင်းအရာချင်းတူတာကို မူတည်ပြီး တင်စားတာတွေလေ။ အဲ...အကြောင်းအရာချင်း ဆက်စပ်နေရင်လည်း တင်စားသုံးတတ်တယ်ကွဲ့"

"ပြောပြပါဘဘ"

"ဆိုပါစို့။ ဘုရင်တစ်ပါးထီးနန်းရတယ်ဆိုတဲ့ စကားဟာ မူရင်းအဓိပ္ပာယ်အတိုင်း ဆိုရင်တော့ အဲ့ဒီဘုရင်ဟာ ထီးကြီးတစ်လက်နဲ့ နန်းတော်ကြီးတစ်ဆောင်ကို အပိုင်ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေ့ါ။ တကယ်သုံးတာက အဲဒီလိုဟုတ်လို့လား"

"မဟုတ်ပါဘူး ဘဘ။ တိုင်းပြည်ကို ဘုရင်အဖြစ် သိမ်းပိုက်ရရှိတယ်လို့ဆိုတာပါ"

"ဟုတ်တယ်။ ဘုရင်ဖြစ်ရင် ထီးနန်းရတာဆိုတော့ ဘုရင်ဖြစ်တာနဲ့ထီးနန်းရတာ ကြောင်းကျိုးဆက်စပ်နေတာပေ့ါ။ ဒါကြောင့် ဘုရင်ဖြစ်တာကို ထီးနန်းရတယ်လို့ တင်စားသုံးတာပေ့ါကွယ်"

"ဘဘ နန်းတက်တယ်ဆိုတာလည်း အဲဒီအဓိပ္ပာယ်ပဲပေ့ါနော်"

"ဟုတ်ပါတယ်။ နန်းတက်တယ်ဆိုတာ နန်းတော်ပေါ်တက်တဲ့ အဓိပ္ပာယ်တင် မဟုတ်ဘူးလေ။ ဘုရင်ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်အထိ ရောက်တာပေ့ါ"

"နောက်သာဓကတစ်ခုပြောဦးမယ်။ ဘောလုံးပွဲမှာ ရန်ကုန်တိုင်းဒေသကြီးက အနိုင်ရတယ်ဆိုတဲ့စကားမျိုး ပြောကြတယ်နော်"

"ဟုတ်ကဲ့ပါ"

"အဲဒါတကယ်ဟုတ်ရဲ့လား။ ရန်ကုန်တိုင်းဒေသကြီးဆိုတာ အသက်ရှိတဲ့လူမှ မဟုတ်ဘဲ။ သက်မဲ့နေရာဒေသကြီးလေ။ အဲဒီသက်မဲ့ နေရာဒေသကြီးက ဘယ်လိုလုပ်ပြီးဘောလုံးပွဲနိုင်မှာလဲ"

"ဘဘ- ရန်ကုန်တိုင်းက ကစားတဲ့ ဘောလုံးအသင်းသားတွေ အနိုင်ရတာ မဟုတ်လား"

"အေး... အဲဒါပြောတာပါ။ တကယ်ဘောလုံးပွဲနိုင်တာက ဘောလုံးကန်တဲ့ သက်ရှိလူတွေလေ။ ဒါပေမယ့် အဲဒီလူတွေ နေတဲ့နေရာကို ညွှန်းပြီး 'ရန်ကုန်တိုင်းဒေသကြီးနိုင်တယ်' လို့ တင်စားသုံးလိုက်တာပေ့ါ။ 'နေရာ' ကို 'လူ' အဖြစ် တင်စားတာလို့ ဆိုရမှာပေ့ါ။ 'လူ' လို့ အဓိပ္ပာယ် ကောက်ရတယ်လေ"

"နားလည်ပါပြီ ဘဘ။ 'ဒါဆိုရင် သတင်းစာတွေမှာပါတဲ့ မူးယစ်ဆေးဝါးများဖမ်းမိတယ်' ဆိုတာလည်း အဲဒီသဘောပဲပေ့ါနော်"

"ဟုတ်တယ်။ မူးယစ်ဆေးဝါးက အသက်မှမရှိတာ။ ဖမ်းတယ်ဆိုတာ သက်ရှိနဲ့ပဲဆိုင်တာလေ။ ဒါကြောင့် မူးယစ်ဆေးဝါးကို ဖမ်းမိတယ်ပြောပေမယ့်၊ မူးယစ်ဆေးဝါးရှိတဲ့လူ၊ သယ်တဲ့လူကို ဖမ်းတာလို့ အဓိပ္ပာယ်ကောက်ရတာပေ့ါ"

"ရှင်းပါပြီဘဘ"

"နောက်တစ်မျိုးကတော့ တခြားဘာသာစကားထဲက မွေးစားယူထားတဲ့ စကားလုံးရဲ့အဓိပ္ပာယ်တိုးပွားလာတာမျိုးပေ့ါ။ သာဓကတစ်ခုပြမယ်၊ အခုသုံးနေကြတဲ့ 'ဂမ္ဘီရ' ဆိုတဲ့ စကားလုံးကို သမီးကြားဖူးမှာပေ့ါ"

"ကြားဖူးပါတယ် ဘဘ"

"ဘယ်လိုအဓိပ္ပာယ်နဲ့ သုံးတာပါလိမ့်"

"လျှို့ဝှက်ဆန်းကြယ်တယ်ဆိုတဲ့ အဓိပ္ပာယ်လို့ ထင်ပါတယ် ဘဘ"

"ဟုတ်တယ်။ 'ဂမ္ဘီရ မဂ္ဂဇင်း' ဆိုရင် လျှို့ဝှက်ဆန်းကြယ်တဲ့ အဖြစ်အပျက်တွေပါတဲ့ မဂ္ဂဇင်းလို့ နားလည်ကြတယ်။ လျှို့ဝှက်ဆန်းကြယ်တာကို 'တော်တော်ဂမ္ဘီရဆန်တယ်' လို့ သုံးနေကြတယ်"

"ဟုတ်ကဲ့"

"တကယ်တော့ 'ဂမ္ဘီရ' ဆိုတဲ့ ပါဠိစကားဟာ နက်နဲခြင်း၊ လေးနက်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဘာသာတရားနဲ့ ပတ်သက်လို့ အသုံးများတယ်။ နက်နဲတဲ့ဉာဏ်ကို 'ဂမ္ဘီရဉာဏ်' လို့ စာပေတွေမှာ သုံးတယ်။ အခုသုံးနေကြတာက အဲဒီအဓိပ္ပာယ်အပြင် လျှို့ဝှက် ဆန်းကြယ်တယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ပါ သုံးနေတော့ အနက်အဓိပ္ပာယ်ကျယ်လာတဲ့ သဘောပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ...ဘဘကြုံဖူးတဲ့ ဖြစ်ရပ်ကလေးတစ်ခုအကြောင်း ပြောရဦးမယ်။ တော်တော်တော့ကြာပါပြီ။ နှစ် ၄၀ ကျော်လောက်ကပေ့ါ။ ဘဘက နယ်ကောလိပ်တစ်ခုမှာ တာဝန်ကျတော့ အဆောင်မှာ ကျောင်းသားတွေနဲ့အတူတူနေတယ်။ တစ်နှစ်မှာ စာမေးပွဲနီးလို့ ကျောင်းသားတွေ စာကျက်နေတုန်း မြို့ထဲမှာပြနေတဲ့ ရုပ်ရှင်ဇာတ်ကားကို ကြော်ငြာတဲ့ကားတစ်စီး သီချင်းတွေဖွင့်ပြီး ကျောင်းနားရောက်လာတယ်။ အဲဒီကားလည်းမြင်ရော ကျောင်းသားတွေက ထအော်ကြရော။ 'ဟေ့... တို့ အနားမလာနဲ့။ နိမိတ်မရှိ၊ နမာမရှိနဲ့။ မြန်မြန်သွား ဘာညာ အော်ကြတော့ ကားလည်း ကြောက်ပြီး အမြန်မောင်းပြေးတာပေ့ါ"

"ဟင်... ဘာဖြစ်လို့ အော်တာလဲ ဘဘ"

"အေး... ဘဘလည်း သိချင်လို့ ထွက်ကြည့်လိုက်တာ၊ ကားမှာ ချိတ်ထားတဲ့ ရုပ်ရှင်ကားနာမည်မြင်တော့မှ သဘောပေါက်သွားတယ်"

"ရုပ်ရှင်ကား နာမည်က ဘာလဲ ဘဘ"

"'ဖြေနိုင်ပေါင်' တဲ့ သမီးရဲ့"

"သြော်"

"စဉ်းစားကြည့်လေ။ စာမေးပွဲဖြေခါနီးမှာ 'ဖြေနိုင်ပေါင်' ဆိုတဲ့ နာမည်က နိမိတ်မကောင်းဘူးလို့ သူတို့ထင်မှာပေ့ါ။ 'မဖြေနိုင်ဘူး' ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား။ 'ဖြေ' ဆိုတဲ့စကားက ပြေလည်အောင် လုပ်တဲ့ အဓိပ္ပာယ်လေ။ မေးခွန်းဖြေတာ၊ စာမေးပွဲဖြေတာ၊ စိတ်ဖြေတာ၊ ပြဿနာကိုဖြေတာဆိုတဲ့ အဓိပ္ပာယ်တွေရှိနေတာကိုး။ ရုပ်ရှင်နာမည်ကတော့ အလွမ်းမဖြေနိုင်တဲ့ အဓိပ္ပာယ်၊ စိတ်ဖြေလို့မရတဲ့ အဓိပ္ပာယ်ဖြစ်မှာပေ့ါ။ ဒါပေမယ့် စာမေးပွဲမဖြေနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်လည်း ရတာပေ့ါ"

"ဟုတ်ကဲ့ပါ။ ဘဘ ဒါဆိုရင် သမီးတို့လည်း စာမေးပွဲဖြေခါနီးရင် မဆိုဘဲ ရှောင်ရမယ်။ သီချင်းတစ်ပုဒ် သတိရလာတယ်"

"ဘာသီချင်းလဲ သမီးရဲ့"

"ဟို... 'မောင်' ဆိုတဲ့ ရုပ်ရှင်ထဲက သီချင်းပါ။ ဘဘတော့ သတိထားမိလား မသိဘူး။ အဲဒီသီချင်းနာမည်ကလည်း 'မောင်' တဲ့။ မေဆွိဆိုထားတာထင်တယ်။ သီချင်းစာသားက 'မောင်... ဘယ်လိုဖြေဖြေမရတော့ဘူး' တဲ့ ဘဘရဲ့"

"ဟုတ်တယ်ဟေ့၊ ဟုတ်တယ်။ သမီးတပည့်တွေကို စာမေးပွဲနီးရင် အဲဒီသီချင်း မဆိုနဲ့လို့ တားမှဖြစ်လိမ့်မယ်"

"ဟုတ်တယ်နော် ဘဘ"

"ကဲ... နောက်ဆုံး ဟာသကလေးတစ်ခုနဲ့ အဆုံးသတ်ရအောင်။ သမီးဖတ်ဖူးလား မသိဘူး။ တစ်ခါက ဘဏ်တစ်ခုကို လူဆိုးတွေ ဝင်စီးလို့ ရဲကိုတိုင်လိုက်တော့ ရောက်လာပြီး ရဲအရာရှိက ရဲတွေကို 'ဝင်ပေါက်တွေအားလုံး ပိတ်ထားလိုက်' လို့ အမိန့်ပေးသတဲ့"

"ဟုတ်ကဲ့"

"ရဲတွေက ဘဏ်ထဲဝင်ပြီး လူဆိုးတွေကို လိုက်ရှာတာပေ့ါ။ ခဏကြာတော့ ရဲအရာရှိကို သတင်းပို့ သတဲ့။ 'လူဆိုးတွေအားလုံး ထွက်ပြေးသွားကြပါပြီခင်ဗျာ' လို့"

"ဟင်... ဘယ်လိုဖြစ်တာပါလိမ့်နော်"

"ရဲအရာရှိလည်း စိတ်ဆိုးပြီး ။ ဟေ့... ဝင်ပေါက်တွေ အားလုံးပိတ်ထားဖို့ ငါအမိန့်ပေးထားတယ် မဟုတ်လား။ လူဆိုးတွေက ဘယ်လိုထွက်ပြေးသွားတာလဲလို့ သူ့တပည့်တွေကို မေးလိုက်သတဲ့"

"ဟုတ်ကဲ့"

"ဒီအခါ ရဲတွေက ပြန်ဖြေသတဲ့။ အမိန့်အတိုင်း ဝင်ပေါက်တွေ ပိတ်ထားပါတယ်။ ဒါပေမယ့် လူဆိုးတွေက ထွက်ပေါက်က ထွက်ပြေးသွားပါတယ်လို့ ဖြေသတဲ့"

"သြော်... ဟာ သမီးသဘောပေါက်သွားပြီ။ ဝင်ပေါက်ဆိုတဲ့စကားက အဓိပ္ပာယ်နှစ်မျိုးဖြစ်နေတာကိုး"

"ဟုတ်တယ်။ အဲဒါအဓိကအချက်ပဲ။ ရဲအရာရှိပြောတဲ့ 'ဝင်ပေါက်' က ဝင်လို့ရတဲ့ အပေါက်အားလုံးကို ဆိုလိုတာ။ ရဲတွေယူဆတဲ့ဝင်ပေါက်က 'ဝင်ပေါက်'၊ 'ထွက်ပေါက်' လို့ သတ်မှတ်ထားတဲ့ အပေါက်တွေထဲက ဝင်ရတဲ့အပေါက်လို့ပဲ ယူဆတော့ ထွက်တဲ့ အပေါက်ကို မပိတ်မိတာပေ့ါကွယ်"

"ဟဲ...ဟဲ... သိပ်ကောင်းတဲ့ ဟာသပဲနော် ဘဘ"

> **"စကားလုံးတွေကို စသုံးတုန်းကတော့ ဥပစာ တင်စားတာ ဖြစ်ပေမယ့် အခုအခါမှာတော့ ဥပစာရဲ့အာနိသင် မရှိတော့ဘူး။ တကယ်ခေါ်တဲ့စကားလုံးတွေ ဖြစ်နေပြီ။ အဲဒီစကားလုံးတွေကို အသက်ကုန်သွားတဲ့ ဥပစာတွေလို့ ခေါ်ကြတယ်ကွဲ့"**

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး ၂တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် ဆောင်ရွက်သော တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့်တောင်ညို ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောအဆင့်မြင့်ဒီဇယ်ဆီ (ပရီမီယံ)၊ သံချောင်းလုံးများနှင့် ဒေသထွက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** - ၂၂-၁၀-၂၀၁၈ (တနင်္လာနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၈ (သောကြာနေ့)၊ ၁၆:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၁၁-၂၀၁၈ (တနင်္လာနေ့)၊ ၁၀:၃၀ နာရီ
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပုံစံပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး ၂၊ ငွေစာရင်းဌာနစိတ်တွင် ၂၂-၁၀-၂၀၁၈ မှ ၁၆-၁၁-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

The Government of Myanmar has received financing from the International Development Association (IDA) of the World Bank Group toward the cost of the Agriculture Development Support Project, and intends to apply part of the proceeds toward payments under the contracts for G 41 2018-2019, **Procurement of Machineries & Equipment for IWUMD.**

The Irrigation and Water Utilization Management Department, Ministry of Agriculture, Livestock and Irrigation, now invites sealed bids from eligible bidders for the supply of **Machineries & Equipment for IWUMD.**

Interested eligible bidders may obtain further information from the address below and inspect the bidding documents during office hours e i.e. 09:00 to 16:00 hours Myanmar time at the address given below.

Bids must be delivered to the address below on or before November 30, 2018, 14:00 hours, Myanmar time.

A complete set of bidding documents in English can be obtained by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through e-mail only.

**Attn: U Tint Lwin, Director of Procurement**
**Ministry of Agriculture, Livestock and Irrigation.**
**Irrigation and Water Utilization Management Department**
**Building No. 43, Floor/ Room number:1st floor, Office of Director of Procurement,**
**City: Nay Pyi Taw Country: Republic of the Union of Myanmar**
**Telephone: +95-67-410316, Facsimile number: + 95-67-410509**
**Electronic mail address:** tlwin4.irr@gmail.com

Additional information can be obtained from **Mr. Nyein Chan Soe - National Procurement Officer, Email - nyeinchansoe02@gmail.com**

---

## ဝန်ထမ်းအလိုရှိသည်

1. **Manager (Any graduate/အတွေ့အကြုံ -၃နှစ်) (ရန်ကုန်/မန္တလေး)** (မန်နေဂျာ-ကျား/မ)
2. **Audit (B.Com,CPA,LCCI Level-3(UK)/အတွေ့အကြုံ -၃နှစ်)** (စာရင်းစစ်-ကျား/မ)
3. **Accountant (Any graduate, LCCI Level 2/အတွေ့အကြုံ- ၂နှစ်)** (စာရင်းကိုင်-ကျား/မ)
4. **Computer Key In (Word, Excel ကျွမ်းကျင်)** (စာစီစာရိုက်-ကျား/မ)
5. **Sale & Marketing Manager (Any graduate/အတွေ့အကြုံ -၃နှစ်)** (အရောင်းManager-ကျား/မ)
6. **Cashier (Any graduate/အတွေ့အကြုံ - ၂နှစ်)** (ငွေသိမ်း - ကျား/မ)
7. **Store Keeper(Any graduate/အတွေ့အကြုံ - ၂နှစ်)** (ဂိုဒေါင်မှူး - ကျား/မ)
8. **Driver လိုင်စင် (အနီ)** (ယာဉ်မောင်း - ကျား)
9. **General Worker** (အထွေထွေဝန်ထမ်း-ကျား)
10. **Security** (လုံခြုံရေး - ကျား)

မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုအပေါ်တွင် မူတည်၍ လစာခံစားခွင့်ရှိသည်။

အမှတ်စဉ် (၁)အတွက် မန္တလေးတွင် တာဝန်ထမ်းဆောင်နိုင်သူဦးစားပေးမည်။

### "ဝင်းချယ်ရီကုမ္ပဏီလီမိတက်"

- အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ်၊ (တော်ဝင်နှင်းဆီစားသောက်ဆိုင်အနီး၊ ဇန်ဒါပင်မှတ်တိုင်)
- လူကိုယ်တိုင် ( **CV Form** ၊ ဓါတ်ပုံ (၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်း ထောက်ခံစာ) နှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။
- **E-mail** လိပ်စာ - **winattention888@gmail.com** သို့လည်းလျှောက်ထားနိုင်ပါသည်။
- ဆက်သွယ်ရန် **-09-420275736/09-766246011/09-255695040/01-542844/01-558542/01-546187**

---

## အများသိစေရန်ကြေညာခြင်း

ဖော်ပြပါမြေကွက်များအား မြေငှားဂရန်အသစ်ပြုလုပ်ပေးရန် ဘော်လခဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမှုအပေါ် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဘော်လခဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူများအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

| စဉ် | မြို့နယ် | ရပ်ကွက် | အကွက်အမှတ် | ကွင်းအမှတ် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | လျှောက်ထားသူအမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဘော်လခဲ | ရှမ်းပိုင်း | - | ၃(က)ရှမ်းမြောက် | ၄၃-က | ၀.၁၇၂ | ဒေါ်ဘိုးမြာ | ၂/လကန(နိုင်)၀၄၉၈၀၄ |
| ၂ | ။ | ရှမ်းပိုင်း | ၅၀ | ၃(ဃ)ရှမ်းတောင် | ၁၇ | ၀.၂၂၉ | ဦးတင်ထွန်း | ၂/လကန(နိုင်)၀၀၂၂၇၅ |
| ၃ | ။ | ရှမ်းပိုင်း | ၂၁၇ | ၁(ခ)စုစည်းတောင် | ၁၉၁ | ၀.၁၉၈ | ဦးဖဲရယ် | ၂/ဘလခ(နိုင်)၀၀၀၆၇၇ |

**ကော်လီတွော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘော်လခဲခရိုင်၊ ဘော်လခဲမြို့**

---

## ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက် (၂၈)ကြိမ်မြောက်
## ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်တွင် ပုရိမဝါမှ ထတော်မူကြမည့် ပဓာန နာယကဆရာတော်အမှူးရှိသော စာချစာသင်သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်မြတ်တို့အား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၂၈-၁၀-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လိုသူများသည် ဆွမ်းစရိတ်အပါအဝင် သင်္ကန်းတစ်စုံလျှင် ၁၀၀၀၀ိ/- နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့**
**ဖုန်း-၀၁-၅၇၈၄၂၉**

---

## ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)
## (၁၈)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
## ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်းရှိ မိုးကောင်းဒေဝသိမ်ကျောင်းတိုက်၌ ၁၀-၁၁-၂၀၁၈ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ၊ မြို့နယ်သူ/သားများ၊ အလှူရှင်များ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် အောက်ပါအမှုဆောင်များထံ လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ဦးအောင်ခိုင်ဦး | ဥက္ကဋ္ဌ | ဖုန်း-၀၉-၅၃၁၀၆၃၅ |
| ဦးအောင်မျိုးသန့် | အတွင်းရေးမှူး | ဖုန်း-၀၉-၇၇၉၀၀၀၃၉၂ |
| ဦးစိုးသူရ | ပြန်ကြားရေးမှူး | ဖုန်း-၀၉-၅၀၁၀၅၀၆ |
| ဦးချစ်အေး | ဘဏ္ဍာရေးမှူး | ဖုန်း-၀၉-၄၁၁၀၅၆၀၀ |
| ဦးသစ်ထွန်း | တွဲ-ဘဏ္ဍာရေးမှူး | ဖုန်း-၀၉-၄၀၀၄၂၉၄၂၇ |
| ဒေါ်ခင်သန်းညွန့် | တွဲ-စာရင်းစစ် | ဖုန်း-၀၉-၄၂၁၀၈၇၃၂၇ |

**အလုပ်အမှုဆောင်**
**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

(က) **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

| စဉ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|
| ၁ | အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနတွင် ရုံးအဆောက်အဦ RCC (၂)ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း (စတုရန်းပေ ၉၆၀၀) | |

(ခ) **ပြန်လည်ထူထောင်ရေးဦးစီးဌာန**

| စဉ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|
| ၁ | ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံး (၂၅၀'×၅၅'×၂၈') RCC (၂)ထပ် သွပ်မိုး၊ ကွန်ကရစ်၊ ကြမ်းခင်း၊ ရေ၊ မီး အပါအဝင် အဆောက်အဦ (၁)လုံး တည်ဆောက်ခြင်း | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့)၊ ဇက (၅၀)တွင် (၅၂၆၀') အုတ်ခြံစည်းရိုးကာရံခြင်း (ဆေးသုတ်ခြင်းလုပ်ငန်းအပါအဝင်) | |
| ၃ | ကရင်ပြည်နယ်၊ ဘားအံမြို့ ပြန်လည်ထူထောင်ရေးစခန်းတွင် (၆၀'×၄၀'×၂၄') RC (၂)ထပ် သွပ်မိုး၊ အတွင်းရေ၊ မီးအပါအဝင် ရုံးဆောက်လုပ်ခြင်း | |
| ၄ | ကရင်ပြည်နယ်၊ ဘားအံမြို့ ပြန်လည်ထူထောင်ရေးစခန်းတွင် (၁၀၀'×၄၀'×၂၄') RC (၂)ထပ်သွပ်မိုး၊ (၄)ခန်းတွဲအတွင်းရေ၊ မီးအပါအဝင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၉-၁၀-၂၀၁၈ ရက်မှ ၁၇-၁၁-၂၀၁၈ ရက်ထိ၊ ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၂၂-၁၀-၂၀၁၈ ရက်မှ ၂၀-၁၁-၂၀၁၈ ရက်ထိ ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ

(ဂ) **တင်ဒါရောင်းချ/ တင်သွင်းရမည့်နေရာ** - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန/ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်

(ဃ) **တင်ဒါဖွင့်ဖောက်မည့်ရက်၊အချိန်** - ၂၆-၁၁-၂၀၁၈ ရက် နံနက် ၁၀:၀၀ နာရီမှ ၁၃:၀၀ နာရီအထိ

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့၏ ဘဏ္ဍာဌာနများတွင် ကျသင့်ငွေပေးသွင်းပြီး၊ ပေးသွင်းပြေစာမိတ္တူကို သတ်မှတ်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းစီအတွက် သတ်မှတ်တင်ဒါအာမခံကြေး ပေးသွင်းရမည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဖုန်း-၀၆၇-၃၄၀၄၀၄၇၊ ၀၆၇-၃၄၀၄၀၄၆နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၄၂၅၇၊ ၀၉-၇၈၂၈၂၄၃၀၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးရွေးချယ်ရေးအဖွဲ့**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ ၈-၁၀-၂၀၁၈ရက်နှင့် ၉-၁၀-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတွင်ပါရှိသော Tender No. 16 & 17/EPGE/2018-2019 တင်ဒါပိတ်ရက်အား ၇-၁၁-၂၀၁၈ ရက်ဟု ကြော်ငြာခဲ့ရာ ၎င်းရက်မှာ အများပြည်သူအလုပ်ပိတ်ရက် (ဒီပါဝလီနေ့) ဖြစ်ပါသောကြောင့် ၎င်းရက်အစား ၈-၁၁-၂၀၁၈ ရက် ၁၄:၀၀နာရီဟု ပြင်ဆင်သတ်မှတ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

---

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## တင်ဒါဖွင့်မည့်ရက်ပြင်ဆင်သတ်မှတ်ခြင်း

၁-၁၀-၂၀၁၈ ရက်ထုတ် သတင်းစာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တင်ဒါဖွင့်မည့် ၇-၁၁-၂၀၁၈ ရက် ၁၀:၀၀ နာရီအစား ၆-၁၁-၂၀၁၈ ရက် ၁၀:၀၀ နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံး/ငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဌာနပိုင် Website ရေးဆွဲနိုင်ရေး (Website ရေးဆွဲခြင်း၊ Central Database နှင့် Web Portal တည်ဆောက်ခြင်းနှင့် Mobile Applicationဖြင့် အသုံးပြုနိုင်စေခြင်း) လုပ်ငန်းအပ်နှံခြင်းအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၆-၁၁-၂၀၁၈
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၁၁-၂၀၁၈၊ ၁၆:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၈-၁၁-၂၀၁၈ရက် ၁၀:၀၀ နာရီ
(ဃ) **တင်ဒါဝယ်ယူတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၃၄)၊ ပင်စင်ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၄)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၀၄၁၇တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## မြေကြီးတူးဖော်ခြင်းလုပ်ငန်း တင်ဒါဖွင့်လှစ်မည့် နေ့/ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် ဗိုလ်ချုပ်စက်ကန်အမှတ် (၃)နှင့် (၄) မြေကြီးတူးဖော်ခြင်းလုပ်ငန်းအား ၁၁-၁၀-၂၀၁၈ရက်တွင် ကြေးမုံနှင့် ၁၂-၁၀-၂၀၁၈ရက်တွင် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာခဲ့သော တင်ဒါဖွင့်လှစ်မည့် ၂၉-၁၀-၂၀၁၈ရက်အစား လုပ်ငန်းပမာဏအား ကွင်းဆင်းလေ့လာရန်လိုအပ်သောအချိန် လုံလောက်စွာရရှိစေရန်အတွက် တင်ဒါဖွင့်လှစ်မည့်ရက်အား အောက်ဖော်ပြပါအတိုင်း ပြောင်းလဲပြင်ဆင်သတ်မှတ်ပါသည်-

၂။ **တင်ဒါပုံစံဖြန့်ဝေမည့်ရက်** - ၂၉-၁၀-၂၀၁၈ ရက်မှ ၁၉-၁၁-၂၀၁၈ရက်ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံဖြန့်ဝေမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** - ၁၉-၁၁-၂၀၁၈ ရက် (တနင်္လာနေ့)၊ ၁၄:၀၀ နာရီ

၅။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm)တွင် ၂၉-၁၀-၂၀၁၈ရက်မှစ၍ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) ဖုန်း-၀၉-၂၅၀၀၇၁၇၁၇သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဘူတာအနီးရှိ မြန်မာ့မီးရထားပိုင် ရိပ်သာအနီး မြေလွတ် မြေနေရာအကျယ်အဝန်း (၂.၃)ဧကနှင့် ဘူတာအနောက်ဘက် ကညနရုံးအနီး (၂.၇၄)ဧက၌ ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို BOT စနစ်ဖြင့် လုပ်ကိုင်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဘူတာ၊ ရိပ်သာအနီး မြေလွတ် မြေနေရာအကျယ်အဝန်း (၂.၃)ဧကနှင့် ဘူတာအနောက်ဘက် ကညနရုံးအနီး (၂.၇၄)ဧက နေရာများ၌ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဘော်ဒါ၊ International School၊ လုံးချင်းအိမ်ရာ၊ လူနေဆိုင်ခန်း၊ Super Market၊ Food Center၊ ကလေးကစားကွင်းများပါဝင်သော အပန်းဖြေအိမ်ရာနှင့်ဟိုတယ်လုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရေးအတွက် BOT စနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ တင်ဒါစနစ်ဖြင့် ရွေးချယ်ပါမည်။

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံကို ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို (၁)စုံလျှင် ကျပ်(၁၀၀၀၀ိ/-) နှုန်းဖြင့် ၂၉-၁၀-၂၀၁၈ ရက်မှ ၁၂-၁၁-၂၀၁၈ ရက်ထိ မန္တလေးဘူတာကြီး၊ တတိယထပ်ရှိ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် ၃ ရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံတွင် ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ အဆိုပါ တင်ဒါအဆိုပြုလွှာကို မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် ၃ရုံး၊ ဖုန်း-၀၂ -၄၀၆၆၇၆၄ သို့ ၃၀-၁၁-၂၀၁၈ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါအာမခံကြေးပေးသွင်းပြီးကြောင်း အထောက်အထားနှင့်အတူ ပေးပို့သွားရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများ၊ တင်ဒါအာမခံကြေး မပေးသွင်းသူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ ဖုန်း-၀၂-၄၀၃၅၁၇၂၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ရုံး ဖုန်း-၀၂-၄၀၃၅၈၂၉၊ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် ၃ရုံး ဖုန်း -၀၂-၄၀၆၆၇၆၄ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လိုအပ်သော သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၆-၁၀-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀ိ/)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၆-၁၁-၂၀၁၈ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါသင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံး စက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် Website ဖြစ်သော www. tvetmyanmar.gov.mm တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သူဌေးရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံဝဲဘက်ကမ်းမြေကြီး/ကျောက်သား တူးဖော်ခြင်းလုပ်ငန်း(၅၀၀၀၀)ကျင်းအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) Tender No.02/DHPI (P&W)/2018-2019

၂။ လုပ်ငန်းအတွက်နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၁၉-၁၁-၂၀၁၈ရက် (တနင်္လာနေ့) ၁၅း၀၀နာရီ နောက်ဆုံးထား၍ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သုံးထပ်ဆောင်အစည်းအဝေးခန်းမ(ရုံးသစ်)သို့ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၏ Web Portal www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၉၈**

**မိခင်အမည်မှန်**

အုတ်ဖိုမြို့နယ်၊ ဝိုင်းအုပ်စု အလက ဝိုင်း၊ သတ္တမတန်းမှ မသက်မွန်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ငြေး ၇/အဖန(နိုင်)၀၉၆၂၄၃ ဖြစ်ပါကြောင်း။ **ဒေါ်ငြေး**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် မင်းလှမြို့နယ်၊ လင်းကယ်-အထက ကျောင်း တက္ကသိုလ်ဝင်တန်းမှ မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း ၈/မလန(နိုင်)၀၂၀၀၅၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် မင်းလှမြို့နယ် လင်းကယ် အထက ကျောင်း တက္ကသိုလ်ဝင်တန်းမှ မသန္တာထွေး၏ ဖခင်အမည်မှန်မှာ ဦးဖိုးအာ ၈/မလန(နိုင်)၀၀၈၅၇၁ဖြစ်ပါကြောင်း။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၁၈ခုနှစ် အောက်တိုဘာ၂၅ရက်မှ အောက်တိုဘာ၂၈ရက်ထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀.၃၀ပေခန့်မှ ၂၀.၆၀ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ(၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသောလုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန် အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေး အကြောင်းကြားအပ်ပါသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ မြို့ရေပေးရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်းများ -(၁)HDPE Pipes and Fittings
-(၂)Submersible Pump(Tube-Well Type)
-(၃)Aluminium Chloro Hydrate(ACH)
-(၄)ဆားကြမ်း(Sodium Chloride/Na C1)
-(၅)11KV,1MVAR Capacitor Bank
-(၆)Laboratory Equipments and Chemical Reagents

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** -၂၀၁၈ခုနှစ် နိုဝင်ဘာ ၁ ရက်

(ဂ) **တင်ဒါပိတ်မည့်အချိန်** -၂၀၁၈ခုနှစ် နိုဝင်ဘာ ၃၀ ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** -ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းနှုန်း**-အမှတ်စဉ် (၁၊၂၊၃၊၄) ၁၀၀၀၀ိ/-နှုန်း
အမှတ်စဉ်(၅) ၅၀၀၀ိ/-နှုန်း
အမှတ်စဉ်(၆) ၂၀၀၀ိ/-နှုန်း
ဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၂-၃၅၉၂၈၊ ၀၉-၉၇၇၁၀၀၇၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ လင်းကယ် အထက နဝမတန်းမှ မောင်သန့်ဇင်အောင်နှင့် စမ်းကံကျေးရွာ အလက KGတန်းမှ မောင်ဝေယံအောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင် ၈/မလန(နိုင်)၀၆၉၇၄၃ ဖြစ်ပါကြောင်း။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါခေါ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-1(T)/MESC/2018-2019 | (၁၀)မီတာကွန်ကရစ်တိုင်(၁၂၅၂)တိုင် ဝယ်ယူခြင်း |
| (ခ) | 1-2(T)/MESC/2018-2019 | ၁၁/၀.၄ကေဗွီ(၂၀၀)ကေဗွီအေထရန်စဖော်မာ အလုံး(၂၀)ဝယ်ယူခြင်း |
| (ဂ) | 1-3(T)/MESC/2018-2019 | ၆၆/၁၁ကေဗွီ ၂၀ အမ်ဗွီအေထရန်စဖော်မာ(၁)လုံးနှင့် ၃၃/၁၁ကေဗွီ ၂၀အမ်ဗွီအေထရန်စဖော်မာ ၅လုံးဝယ်ယူခြင်း |
| (ဃ) | 1-4(T)/MESC/2018-2019 | ၄၀၀ဗို့ဓာတ်အားလိုင်း၊ ၁၁ကေဗွီဓာတ်အားလိုင်းနှင့်၁၁/၀.၄ကေဗွီ ဓာတ်အားခွဲရုံများတွင်သုံးရန် Cable & Accessories (၈)မျိုးဝယ်ယူခြင်း |
| (င) | 1-5(T)/MESC/2018-2019 | ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံနှင့် ၃၃/၁၁ကေဗွီဓာတ်အားခွဲရုံများတွင် သုံးရန် Cable & Accessories (၆)မျိုးဝယ်ယူခြင်း |
| (စ) | 1-6(T)/MESC/2018-2019 | ၄၀၀ ဗို့ဓာတ်အားလိုင်း၊ ၁၁ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ကေဗွီ ဓာတ်အားခွဲရုံများတွင်သုံးရန် ဆက်စပ်ပစ္စည်း(၃၅)မျိုးဝယ်ယူခြင်း |
| (ဆ) | 1-7(T)/MESC/2018-2019 | ၆၆/၁၁ကေဗွီဓာတ်အားခွဲရုံနှင့် ၃၃/၁၁ကေဗွီဓာတ်အားခွဲရုံများတွင် သုံးရန်ဆက်စပ်ပစ္စည်း(၁၅)မျိုးဝယ်ယူခြင်း |
| (ဇ) | 2-1(T)/MESC/2018-2019 | ချမ်းအေးသာစံမြို့နယ်၊ ဝါးခင်းကုန်းတွင် ၃၃/၁၁ကေဗွီ(၂၀)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခုအသစ်တိုးချဲ့တည်ဆောက်ခြင်း |
| (ဈ) | 2-2(T)/MESC/2018-2019 | မိတ္ထီလာမြို့နယ်၊ သပြေဝခွဲရုံမှ ရှမ်းတဲလေတပ်အထိ ၃၃ကေဗွီ ဓာတ်အားလိုင်း(၉)မိုင်အသစ်တည်ဆောက်ခြင်း |
| (ည) | 2-3(T)/MESC/2018-2019 | ပြင်ဦးလွင်မြို့နယ် အနီးစခန်းပင်မဓာတ်အားခွဲရုံတွင် 33kV Switchbay(1)Set တိုးချဲ့တည်ဆောက်ခြင်း |
| (ဋ) | 2-4(T)/MESC/2018-2019 | အောင်မြေသာဇံမြို့နယ်၊ မြောက်ပြင်ပင်မဓာတ်အားခွဲရုံတွင် 33kV Switchbay (1)Set တိုးချဲ့တည်ဆောက်ခြင်း |
| (ဌ) | 2-5(T)/MESC/2018-2019 | မိတ္ထီလာမြို့နယ် သပြေဝပင်မဓာတ်အားခွဲရုံတွင် 33kV Switchbay(1)Set တိုးချဲ့တည်ဆောက်ခြင်း |
| (ဍ) | 2-6(T)/MESC/2018-2019 | ပျော်ဘွယ်မြို့နယ် ပျော်ဘွယ်ခွဲရုံတွင် 33kV Switchbay (1)Set တိုးချဲ့တည်ဆောက်ခြင်း |
| (ဎ) | 2-7(T)/MESC/2018-2019 | သာစည်မြို့နယ် သာစည်ပင်မဓာတ်အားခွဲရုံတွင် 33kV Switchbay (1)Set တိုးချဲ့တည်ဆောက်ခြင်း |
| (ဏ) | 4-1(T)/MESC/2018-2019 | သပိတ်ကျင်းမြို့နယ်၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတည်ဆောက်ခြင်း(၄၈'×၃၀') |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၁၀-၂၀၁၈ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၀-၁၁-၂၀၁၈ ရက် ၁၀း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၄၀၆၉၁၂၁၊ ၀၂-၄၀၇၃၈၀၁**

### အကြောင်းကြားခြင်း

Maersk Line Myanmar Company နှင့် ကုန်ပစ္စည်းများတင်သွင်းလာသော အောက်ဖော်ပြပါကုန်ပစ္စည်းပိုင်ရှင်များသည် ယခုကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း Maersk Line Myanmar Company သို့ဆက်သွယ်ကြပါရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းဆက်သွယ်ခြင်းမရှိပါက လေလံတင်မည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

| Consignee Name | Location | Booking No. |
|---|---|---|
| Than & Min Engineering Company Limited | Yangon/ Myanmar | MCT830585 |
| Hlaing Paung International Trading Company Limited | Yangon/ Myanmar | MCB340697 |

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## တိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့၊
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါအဆောက်အအုံဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**မုံရွာမြို့၊ တိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ဝင်းအတွင်း (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း**

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည် ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းမည့်ရက်** - ၂၉-၁၀-၂၀၁၈ရက်မှ ၂၃-၁၁-၂၀၁၈ရက်ထိ

(ခ) **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်၊ နောက်ဆုံးအချိန်** - ၂၈-၁၁-၂၀၁၈ ၁၆း၀၀နာရီ

(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၃။ တင်ဒါလျှောက်လွှာများကို တိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံး၊ ဖုန်း-၀၇၁-၂၆၅၁၃၊ ၀၇၁-၂၆၅၅၇၊ ၀၇၁-၂၆၅၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်ပျိုးမွေးမြူရေးအမှတ် (၁) ရပ်ကွက်နေ ဒေါ်စန်းကြည်(ခ)ဒေါ်ရင်ကြည် (ခ) ဒေါ်ကြည်လေး (ဘ)ဦးဘသန်း ၁၂/လကန(နိုင်)၀၀၉၅၃၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ဃ/၃၄၆၉၄၊ Honda Dream 125ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဦး ၁၀/ပမန(နိုင်)၀၁၄၄၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## MYANMAR CONSTRUCTION & DEVELOPMENT PUBLIC CO.,LTD.

မြန်မာဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်
Myanmar Construction & Development (Public) Co.,Ltd. (MCD)

## နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက်ကြေညာခြင်း

၁။ မြန်မာဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်ပါရန် ကြေညာအပ်ပါသည်။

**ကျင်းပပြုလုပ်မည့်ရက်** - ၁၀-၁၁-၂၀၁၈ရက် (စနေနေ့)

**ကျင်းပပြုလုပ်မည့်အချိန်** - နံနက် ၉း၀၀နာရီ

**ကျင်းပပြုလုပ်မည့်နေရာ** - M.C.E.A MAIN HALL-ROOM (ရုံးချုပ်)

အမှတ် (၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ အစုရှယ်ယာလွှဲပြောင်းမှု၊ မှတ်ပုံတင်ခြင်းများအပါအဝင် အစုရှင်များမှတ်တမ်းကိုပါ ၁၀-၁၁-၂၀၁၈ ရက်မှစ၍ အစည်းအဝေးကျင်းပပြုလုပ်သည့်ရက်၏ နောက်နေ့အထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ ဖိတ်ကြားစာများအချိန်မီမရောက်ရှိပါက ဤကြေညာချက်အား ဖိတ်ကြားစာအဖြစ် မှတ်ယူ၍ တက်ရောက်နိုင်ကြပါရန် အသိပေးအပ်ပါသည်။

## တူမအဖြစ်မှ စွန့်လွှတ်ခြင်း

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် (၁၃၇)နေ ဒေါ်သီတာထွန်း၊ ဒေါ်ဥမ္မာထွန်း၊ ဒေါ်ကေသီထွန်း၊ ဒေါ်သဇင်ထွန်း၊ ဒေါ်မဉ္ဇူထွန်းတို့၏ တူမဖြစ်သူ မော်လမြိုင်တက္ကသိုလ်တတိယနှစ် (သတ္တဗေဒ)မှ မမြင့်မိုမင်းလွင် ၁၂/မဂတ(နိုင်)၁၀၇၃၄၄ သည် မိဘဆွေမျိုးတို့၏ လုံးဝခွင့်မလွှတ်နိုင်သော ကိစ္စရပ်ကို ပြုလုပ်သွားပါသဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ ဆွေမျိုးတူမအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **ဒေါ်သီတာထွန်းနှင့် အဒေါ်များ**

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက နဝမတန်း(E)မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၅/ကဘလ(နိုင်)၁၆၈၇၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက အဋ္ဌမတန်း(D) မှ မောင်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးအုန်းရွှေ ၅/တဆန(နိုင်)၀၆၁၇၆၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊စိန်းနန်း အထက ဆဋ္ဌမတန်း (B) မှ မောင်အာကာဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကိုကိုဦး ၅/တဆန(နိုင်)၁၂၁၅၂၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက အဋ္ဌမတန်း(D)မှ မောင်ဆန်းမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်း ၅/တဆန(နိုင်)၀၆၈၈၁၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက အဋ္ဌမတန်း(F)မှ မမေလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမျိုးသန့် ၅/မရန(နိုင်)၁၆၉၉၆၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက အဋ္ဌမတန်း (C)မှ မဝါဝါအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆန်း ၅/တဆန(နိုင်)၁၁၄၅၃၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ရွှေဘိုမြို့နယ်၊ လိတ်ချင်းရွာနေ ကျွန်တော် မောင်သင်းမောင်ဦး ၅/ရဘန(နိုင်)၁၅၂၃၈၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၇၄၀၄၆၂**

## ဖခင်အမည်မှန်

တမူးမြို့၊ အထက (၂)၊ အဋ္ဌမတန်းမှ မောင်ရမ်းဒင်မောရာ၏ ဖခင်အမည်မှန်မှာ ဦးမိုန်းထန်မော ၅/တမန(နိုင်)၀၂၅၅၃၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ငှက်ပျောတိုင်းကျေးရွာအုပ်စု၊ ငှက်ပျောတိုင်းကျေးရွာ၊ အလက ဆဋ္ဌမတန်းမှ မောင်ချစ်ဦးမောင်၊ ပဉ္စမတန်းမှ မဇင်မာအောင်တို့၏ဖခင်အမည်မှန်မှာ ဦးဉာဏ်လင်း ၅/ကဘလ(နိုင်)၁၀၃၀၁၄ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မင်းကင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာမှ ကျွန်တော် ကိုကောင်းခန့်ဇော် ၅/မကန(နိုင်)၀၇၂၅၇၈ ၏ နိုင်ငံကူးလက်မှတ် (No)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၁၄၀၇၆၂၇**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ပေါင်းဝရွာနေ မောင်မင်းဇင်စိုး ၅/ယမပ(နိုင်)၀၅၇၂၂၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၈၉၄၇၇၆**

## မွေးသက္ကရာဇ်အမှန်

ဦးမျိုးဝင်း၏သမီး ဘုတလင်မြို့၊ ချောင်းမီးတိုကျေးရွာ အထက(ခွဲ) ဆဋ္ဌမတန်းမှ မတင့်မာလင်းဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၃-၂၀၀၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၁၃၀၅ ဟွန်ဒါဒရင်း ND 125 M ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးလှရွှေ ၆/လလန(နိုင်)၀၇၉၁၀၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

asean

THE ASEAN SECRETARIAT
INVITES ASEAN NATIONALS
TO APPLY FOR
THE FOLLOWING VACANCY

Senior Officer Services
Services & Investment
Division

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၂၃ နှင့်ဆက်နွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၃၆**

ဦးအောင်ရှိန်(၄င်း၏အခွင့်ရကိုယ်စားလှယ်ဦးလှဌေး(ခ)ဦးရီဇော်) **နှင့်** ဦးအောင်ကျော်မင်း

**အနိုင်ဒီကရီရသူ** **တရားရှုံး**

တရားရှုံး ဦးအောင်ကျော်မင်း၊ အမှတ် ၂၇၀(ခ)၊ တေးဥယျာဉ်(၁၂)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးအောင်ရှိန်(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဌေး(ခ)ဦးရီဇော်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅**
**ရွှေဘိုခရိုင်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၆**

ဒေါ်ယမင်းထက် **နှင့်** ဒေါ်ခိုင်မာဦး

**တရားလို** **တရားပြိုင်**

ဒေါ်ခိုင်မာဦး(ဘ)ဦးကျော်သွင် အမှတ် (၁၀)ရပ်ကွက်၊ မြတောင်ရပ်၊ ရွှေဘိုမြို့ သိစေရမည်။

သင့်အပေါ်၌ ဒေါ်ယမင်းထက်က ယုံကြည်အပ်နှံချေးပေးထားသည့် ငွေကျပ်သိန်း (၂၀၀)တိတိ ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ခါး)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရွှေဘိုခရိုင်တရားရုံး**

စိန်ငါးလုံး လိမ်းဆေးရည်
အမှတ်တံဆိပ် TMR 002367 (1017)
ကြွက်နို့၊ ငါးမျက်စိ၊ နှင်းခူ၊ အကျိတ်၊ မှဲ့ခြောက်၊ မှဲ့ကြီး၊ အသားပို
သီးများနှင့် ခြေသည်းလက်သည်း ညိုမည်းခြင်း၊ အပူလောင်ခြင်း၊
အဆိပ်တက်ခြင်း၊ အနာအမျိုးမျိုးဖြစ်ခြင်း တို့အတွက်
'စိန်ငါးလုံး' လိမ်းဆေးရည်ကို လိမ်းပါ။
မင်ရင်း-အာ/၁၀၁၊ ဒေဟာသီ(၄)လမ်း၊ ရတနာသီရိဈေးပတ်လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ -၀၉၄၂၁၀၄၀၀၈၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ မြင်သာရပ်ကွက်နေ UNITED PAINTS GROUP CO.,LTD မှ ဦးပိုင်အမှတ် (၄၂၀+၄၂၁-ဂ)၊ မြေကွက်အမှတ်/အမည်(၁၃-မြင်သာကွင်းအရှေ့) စုစုပေါင်းဧရိယာ ၀ဒသမ၀၈၃ဧကရှိမြေကွက်ကို၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လီတွော်အရာရှိ)ထံ မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မကွေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သထုံခရိုင်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

ဒေါ်မြမြဝင်း **နှင့်** ၁။ ဒေါ်သန်းဦး
၂။ ဒေါ်လဲ့လဲ့ဝင်း

**တရားလို** **တရားပြိုင်များ**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (၂)တရားပြိုင် ဒေါ်လဲ့လဲ့ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြမြဝင်းမှ ချေးငွေကျပ်သိန်း ၅၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ် နိုဝင်ဘာ ၉ ရက် (၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရသည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သထုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရွှေဘိုမြို့နယ်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၉၉**

ဦးစိုးညွန့် **နှင့်** ဦးသိန်းဝင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အုတ်ပုံကျေးရွာအုပ်စု၊ မိတ္ထီလာကျေးရွာနေ တရားပြိုင် ဦးသိန်းဝင်း(ဘ)ဦးရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဦးစိုးညွန့်က စပါးဖိုးကျန်ငွေ ၄၂၀၀၀၀၀/(ကျပ်လေးဆယ့်နှစ်သိန်းတိတိ)ရလိုမှုသို့မဟုတ် ကတိအတိုင်း အိမ်ဝင်းမြေကို ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းပြီး လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၂ရက် (၁၃၈၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိချို)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ရွှေဘိုမြို့နယ်တရားရုံး**

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

မာ် SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ပြင်ဦးလွင်ခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇**

ဒေါ်ဟောင်ကိုက်ဟွမ် (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အေးလီ) **နှင့်** ၁။ ဦးစောသိန်း
၂။ ဦးထွန်းထွန်းအေး
၃။ ဒေါ်ဟွေကြင်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ဒေါ်ဟွေကြင် အမှတ်(စ/၁၉၈)၊ အမက(၇)အနီး၊ ရပ်ကွက်ကြီး(၆)၊ ကွတ်ခိုင်မြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ တရားမဇာရီမှုအမှတ် ၁၄/၂၀၁၇ ၏ ဝရမ်းအားခွာပေးစေရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက် (၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေမီဝင်းရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်ရုံးတရားသူကြီး**

### ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၁ နှင့်ဆက်သွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄၄**

ဒေါ်ကြည်မြိုင် **နှင့်** ဦးဟန်တင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးဟန်တင် အကွက်အမှတ် (၆၃-၃၀)၊ ပြည်ကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၁တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ကြည်မြိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေမီဝင်းရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အင်းစိန်မြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇၁**

ဒေါ်မြမြသန်း **နှင့်** ဒေါ်သေီ

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ မဦးလမ်း၊ အမှတ် (၄၇၆/၅၄၃)နေ တရားပြိုင်ဖြစ်သူ ဒေါ်သေီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်အတိုင်း မြေကွက်တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သင်၏အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၉ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲနိုင်သန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**အင်းစိန်မြို့နယ်တရားရုံး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်တင်လှ(ခ)ဒေါ်တင်တင်လှ (မရမ်းကွေ့၊ မအူပင်)
### (ရွှေကျင်နိကာယအဖွဲ့၊ တိပိဋကဓမ္မရက္ခိတအဖွဲ့၊ ဂုဏ်ထူးဆောင်နာယကကြီး)
### အသက်(၈၆)နှစ်

(ဦးဘတွေ-ဒေါ်သောင်း)တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်စိန်ဥ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ အမှတ် ၂၆နေ (ဦးတင့်ဆွေ)၏ဇနီး၊ ဒေါ်ကြည်ကြည်ဆွေ-ဦးလှသန်း၊ ဒေါ်ဘေဘီ၊ ဦးထွန်းမင်း(ကောင်းညွန့်အထည်ဆိုင်၊ ၂၀၇-ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးကြည်စိန်-ဒေါ်သီတာ(သျှင်းသန့်အထည်ဆိုင်၊ ၇၆-ဘီရုံ၊ သိမ်ကြီးဈေး)၊ဒေါ်အေးအေးဆွေ၊ ဒေါ်မြမြဆွေ(ကထိက၊ ဂျပန်ဘာသာ၊ နိုင်ငံခြားဘာသာဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ ဦးထွန်းအေး-ဒေါ်နုနုထွေး(ဦးကောင်းအထည်ဆိုင်၊ ၂၁၅-ဘီရုံ၊ သိမ်ကြီးဈေး)၊ ဒေါ်နီနီဆွေ-Capt ဦးမောင်မောင်ထွေး(Golden Myanmar Airline)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်တင်လှ(ခ)ဒေါ်တင်တင်လှ (မရမ်းကွေ့၊ မအူပင်)
### (ရွှေကျင်နိကာယအဖွဲ့၊ တိပိဋကဓမ္မရက္ခိတအဖွဲ့၊ ဂုဏ်ထူးဆောင်နာယကကြီး)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ အမှတ်၂၆နေ (ဦးဘတွေ-ဒေါ်သောင်း)တို့၏သမီး၊ ဒေါ်သဇင်သန်း-ဦးဘုန်း၊ ဒေါ်နှင်းနှင်းသန်း၊ ဒေါ်ခင်သီတာသန်း-ဦးဇော်လတ်၊ ဒေါ်နီလာသန်း-ဦးအုန်းနိုင်၊ ဦးသန်းကိုကို-ဒေါ်ရွှေစင်အောင်၊ ဦးရဲလင်းသန်း-ဒေါ်ချိုသက်ဆွေ၊ မအေးမြသီတာသန်း၊ ဒေါ်ဖွန့်ကြည်သာဦး-ဦးသန့်ဇင်ဦး၊ ဒေါက်တာဆုမြတ်သွေး(DR REJUVE Clinic)၊ မမြတ်မှူးခင်၊ ဒေါက်တာဆုမြတ်ပိုင်(အလုပ်သင်ဆရာဝန်၊ သွားဘက်ဆိုင်ရာတက္ကသိုလ်၊ ရန်ကုန်)၊ မောင်ဝေယံဘုန်းမြင့်၊ မောင်ဝေယံလင်း၊ မောင်သက်ထူးအောင်တို့၏အဘွား၊ မြစ် ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေး(အထက) သတ္တမတန်း(A)မှ မောင်ဇော်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးဖြစ်ပါကြောင်း။

**ဦးကျော်စိုး**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉)၊ နဝမတန်း(A)မှ မသက်နှင်းဝေနှင့် ဆဋ္ဌမတန်း(D)မှ မောင်ဟိန်းထက်ဝေတို့၏ဖခင် အမည်မှန်မှာ ဦးကျော်နိုင် ၉/ပမန(နိုင်)၁၆၁၂၀၃ ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်**

### ဖခင်အမည်မှန်

ဦးမောင်နိုင်၏သမီး သံဖြူဇရပ်မြို့နယ်၊ ကရပ်ပိကျေးရွာ အထက အဋ္ဌမတန်းမှ မခိုင်သဇင်ဦး၏ဖခင် အမည်မှန်မှာ ဦးမွန်နိုင် ၁၀/သဖရ(နိုင်)၁၀၈၁၂၀ ဖြစ်ပါကြောင်း။

**ဦးမွန်နိုင်**

### ပျောက်ဆုံးကြောင်း

ကျွန်မ တင်မာဝင်း (ဘ)ဦးခင်မောင်ဆန်း ၉/တကန(နိုင်)၂၁၁၀၆၇၏ နိုင်ငံကူးလက်မှတ်( မှတ်မမိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**တင်မာဝင်း**
**ဖုန်း-၀၉-၇၉၂၃၉၅၂၇၀**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁က/ဥတ္တရသီရိတောင်ရပ်၊ ဉာဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ဥ-၅၈၀၂)၊ ဧရိယာ ၁ဒသမ၂၃၄ ဧက၊ ဦးစိုင်းဇော်ဝင်းအမည်ပေါက် နှစ် (၃၀) မြေငှားဂရန်စာချုပ် မြေကွက်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၃၃/၂၀၁၅ (၁၀-၁၂-၂၀၁၅)ရက်စွဲဖြင့် ဦးစိုင်းဇော်ဝင်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ရင်ရင်မေ ၁၃/လရန(နိုင်)၀၅၆၁၇၇ (ဘ)ဦးကျော်ဝင်းမှ ဦးနေဦး ၁၂/လမန(နိုင်)၁၃၂၆၁၅ အမည်ဖြင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူး ခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးကျော်မင်းသန်း
### ကြည်း-၁၄၈၄၁
### DAS-20

သူငယ်ချင်းကျော်မင်းသန်း ၂၂-၉-၂၀၁၈ရက်တွင် မမျှော်လင့်ဘဲ တို့တစ်တွေကို ခွဲခွာသွားခဲ့တဲ့အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဒေါ်အမာလွင် (Peggy Kyaw Aung)
### (အလယ်တန်းပြဆရာမ၊ အထက-၃၊ မရမ်းကုန်း၊ ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ရုပ်ရှင်မိတ်ကပ်ဒါရိုက်တာ ဦးကျော်အောင်-ဒေါ်ရီရီခင်)တို့၏သမီး၊ စစ်တွေမြို့နေ (ဦးအပါလွင်)(ဓာတ်ပုံ-အပါလွင်၊ စစ်တွေ)၏ညီမ၊ ရန်ကုန်မြို့နေ (ဒေါ်အတာလွင်)၏အစ်မ၊ ရန်ကုန်မြို့နေ ဦးသူရကိုကို-ဒေါ်စုစုထွေး၊ ဦးတင်မောင်ထွေး-ဒေါ်အိစပါယ်လွင်၊ ဒေါ်မိုးစပါယ်လွင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သြဘာလမ်း၊ အမှတ် ၁၈ (ခုနစ်လွှာ)နေ (ဒေါက်တာဦးကိုကို)(ဂုဏ်ထူးဆောင်ကထိက၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ချစ်လှစွာသောဇနီးသည် ၁၈-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၄လမ်း(အထက်)၊ အမှတ် ၁၁၄(ငါးလွှာ)နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီးကိုကိုထွေး(ငြိမ်း)
### တော့(၁၃)၊ ကြည်း-၂၀၁၅၂
### ဒုတိယအထွေထွေမန်နေဂျာ
### MOGE၊ ချောက်/လမ်းရွာ ရေနံမြေ
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အမှတ် ၄၅နေ (ဆရာ ဦးတင်အောင်)-ဒေါ်နှင်းရွှေ(ဒု-ညွှန်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)တို့၏သားငယ်၊ ဒေါက်တာလှဖေ (မော်လမြိုင်တက္ကသိုလ်၊ ပါမောက္ခချုပ်၊ ငြိမ်း)-ဆရာမ ဒေါ်မြင့်မြင့်တို့၏သားသမက်၊ဒေါ်ခိုင်ခိုင်အောင်-ဦးစိန်ငွေး၊ ဦးကိုကိုလတ် (ညွှန်ကြားရေးမှူး DICA၊ ပဲခူးတိုင်းဒေသကြီး)-ဒေါ်ဇင်မာလှိုင်တို့၏မောင်/ညီ၊ ဒေါ်အေးအေးမော်(ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)-ဦးတင်မောင်သန့်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်)၏အစ်ကို၊ ဒေါ်မြသီတာ၏ခင်ပွန်း၊ မောင် အောင်မော်ဟိန်း၏ဖခင်၊ မဇင်ဝေဝေခိုင်၊ မောင်ညီလွင်မင်း၊ မောင်ဝင်းလွင်အောင်၊ မတင်လဲ့ရည်ဝင့်တို့၏ဦးထွေးသည် ၁၈-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၄၁၂၈ Super Cub 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းရီ ၉/ဝတန(နိုင်)၀၅၃၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသာစိန် (တွံတေး)
### အသက်(၉၈)နှစ်

(ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန) ဝန်ကြီး(ငြိမ်း)ဦးစိုးသာ-ဒေါ်ကြူကြူဝင်းတို့၏ဖခင် ဦးသာစိန်သည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၃နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသာစိန် (တွံတေး)
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၃)၊ အမှတ်(၂-က)နေ ဦးအောင်မင်း (ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါက်တာဝေဝေသာတို့၏ဖခင်ကြီး ဦးသာစိန်သည် ၁၇-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသူရိန်ဝင်း-ဒေါ်မီမီအေး**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးနိုင်
### ကျောက်ပန်းတောင်းမြို့
### အသက်(၉၂)နှစ်

သူငယ်ချင်း ဦးမောင်မောင်သန်းနှင့် ဒေါ်အေးအေးသက်တို့၏ဖခင် ဦးစိုးနိုင်သည် ၁၅-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ (ကောင်းရာသုဂတိလားပါစေ)

**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ကိုကြီးသာ(ဦးသာဖြိုး)

Myanmar Carlsberg Co.,Ltd ၏ ပွဲကိုင်ရှင် Deputy Sales Director ကိုကြီးသာ (ဦးသာဖြိုး) အသက် (၅၄)နှစ်သည် ၁၆-၁၀-၂၀၁၈ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Carlsberg Co.,Ltd Sales Team မှ**
**ညီအစ်ကိုမောင်နှမများ**

## ကျေးဇူးအထူးတင်ရှိခြင်း
### ဒေါက်တာဖြိုးဇော်မင်း
### M.B,B.S,M.Med.Sc.(Pathology)
### ကထိက၊ ဆေးတက္ကသိုလ်(၂)
### ရောဂါရှာဖွေရေးဌာန(ငြိမ်း)
### အသက်(၄၆)နှစ်

၁၉-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဒေါက်တာဖြိုးဇော်မင်း နာမကျန်းဖြစ်နေစဉ် ကာလအတွင်း မေတ္တာဖြင့် အိမ်တိုင်ရာရောက် ကြည့်ရှုစောင့်ရှောက်ပေးပါသော ဆရာကြီး ပါမောက္ခ ဒေါက်တာ ဦးညွန့်သိန်းနှင့် ဆရာကြီး ပါမောက္ခ ဒေါက်တာဦးအေးမောင်ဟန်တို့အားလည်းကောင်း၊ စေတနာဖြင့် ကုသပေးပါသော သွေးရောဂါအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးစိန်ဝင်း၊ မေတ္တာဖြင့် အထူးဂရုစိုက်ကုသပေးကြပါသော သမားတော်ကြီး ဒေါက်တာဒေါ်ကဉ္စနာထွန်း(အထွေထွေရောဂါအထူးကု)၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီးများဖြစ်သော တွဲဖက်ပါမောက္ခဒေါက်တာဒေါ်ယဉ်မင်းအေးနှင့်တွဲဖက် ပါမောက္ခဒေါက်တာဒေါ်ဥမ္မာ၊ မေတ္တာဖြင့် အစစအရာရာ ဂရုစိုက်ကုသပေးပါသော ကင်ဆာအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာဒေါ်ဝါဝါမဉ္ဇူ (Cancer Palliative Care)၊ ဒေါက်တာဒေါ်ယဉ်ယဉ်နုနှင့် ဒေါက်တာဝင်းပပ၊ အကောင်းဆုံး ဂရုစိုက်ကုသပေးပါသော ရွှေလမင်းဆေးရုံ(လမ်းမတော်)မှ တာဝန်ကျ ဆရာဝန်များနှင့် သူနာပြုများ၊ အစစအရာရာ ဝိုင်းဝန်းကူညီပြီး အကြံဉာဏ်များပေးခဲ့ကြပါသော ဆေးတက္ကသိုလ်(၁) 5/94 Batch မှသူငယ်ချင်းများအားလုံးကိုလည်းကောင်း၊ ဆေးကုသမှုခံယူနေစဉ် အစစအရာရာ ဂရုစိုက်ကူညီပေးခဲ့ကြပါသော ဒေါက်တာ မာလာကျော်မြင့်၊ ဒေါက်တာခိုင်မာဇော်၊ ဒေါက်တာလဲ့လဲ့မွန်၊ ဒေါက်တာ စောဝင်းမြင့်နှင့်တကွ အားလုံးသော ပြည်တွင်းပြည်ပမှ ချစ်သူငယ်ချင်းများအားလည်းကောင်း၊ ဝိုင်းဝန်းသတင်းမေးကြသော ဗိုလ်တထောင်(၆)မှ သူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှ သတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဓမ္မဒူတ စိမ်းလန်းအဖွဲ့မှ မိတ်ဆွေများ၊ မိုင်းဖုန်းကျောင်း စိမ်းလန်းအဖွဲ့မှ မိတ်ဆွေများ၊ ပတ္တမြားပန်းကွင်းပျိုးဥယျာဉ်မှ မိတ်ဆွေများ၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မျိုး အခွန်ထမ်းမှတ်ပုံတင် အမှတ် (၄၀၆၃/၀၀ စီးပွား)၏ အခွန်ထမ်းမှတ်ပုံတင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

Ph : 09 8303133, 09 33552244, 09 450552244

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3723, SHWE DAUNG MPV(SD. MPV.01) M/B(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းထွန်း ၁၂/တမန(နိုင်)၀၈၁၆၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

---

## ဒေါက်တာမြညွန့် (သရက်မြို့) (၈၈)နှစ်
### B.Sc, MRCVS (Edin), M.Sc (Guelph)
### ပါမောက္ခချုပ်(၁၉၆၅-၁၉၉၁)၊ တိရစ္ဆာန်ဆေးတက္ကသိုလ်၊ ရေဆင်း
### ပါမောက္ခချုပ်(၁၉၈၅-၁၉၉၁)၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း
### ဥက္ကဋ္ဌ(၁၉၉၈-၂၀၁၀) မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နေ (ဦးထင်လတ်-ဒေါ်စိန်တင့်)တို့၏သား၊ [ဦးထွန်းအောင် (ညွှန်ကြားရေးဝန်၊ အင်းစိန်၊ တိရစ္ဆာန်ဆေးကျောင်းဝင်း)-ဆရာမဒေါ်စောရင်၊ TTC]တို့၏သားသမက်၊ အမေရိကန်နိုင်ငံနေ ဒေါက်တာခင်ဆွေမြင့် (ဦးစီးမှူး-ငြိမ်း၊ အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်ညွန့်(USA)၊ ဒေါ်ဥမ္မာညွန့်-ဦးအောင်ကျော်ဦး(အမှုဆောင်အရာရှိချုပ်၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၊ ဦးသန့်စင်ညွန့်(USA)-Mrs.Penny Nyun တို့၏ချစ်လှစွာသောဖခင်ကြီး၊ မမြမြတ်နိုး (USA)-Mr. Giorgo Paizanis, Miss Lilyann Nandar Nyun တို့၏အဘိုး၊ ဒေါ်ခင်မေဝင်း(အထက်တန်းပြ-ငြိမ်း၊ သရက်မြို့)၊ ဦးနေဝင်း(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ရီရီလွင်၊ (ဗိုလ်မှူးကြီးမင်းညို)-ဒေါ်ပင်စီမင်းညို(USA)၊ ဦးကိုကိုကြီး (USA)-ဒေါ်မာလာကြီး(USA)၊ ဦးမွန်မြတ်အောင်(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်တင်တင်ခ (ဆရာအတတ်သင်သိပ္ပံ၊ ကန်ဘဲ့-ငြိမ်း)၊ ဦးမင်းအောင် (USA)တို့၏အစ်ကိုကြီးသည်ဒေသစံတော်ချိန် ၁၃-၁၀-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီ[မြန်မာစံတော်ချိန် ၁၄-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၅း၃၀နာရီ]တွင် အမေရိကန်နိုင်ငံ Los Angeles မြို့၌ ကွယ်လွန်သွားပါသည်။

[ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁နာရီအထိ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ တော်ဝင်နှင်းဆီ-သီရိခန်းမသို့ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစုစုခိုင် (တောင်တွင်းကြီး)
### ဆေးရုံအုပ်ကြီး၊ ကလေးဆေးရုံကြီး(ဟယ်ပင်)
### အသက် (၄၀)

ဒေါက်တာဇော်မင်းသန့်(ခွဲစိတ်အထူးကုဆရာဝန်ကြီး)၏ ချစ်လှစွာသောဇနီး ဒေါက်တာစုစုခိုင်သည် ၁၄-၁၀-၂၀၁၈ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာစုစုခိုင် ကောင်းရာသုဂတိလားပါစေ။

**ဒေါက်တာယဉ်စုထွန်းနှင့်ခွဲစိတ်ဆောင်မိသားစု**
**မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
### ဦးသာစိန် (တွံတေး)
### အသက်(၉၈)နှစ်

ဗိုလ်ချုပ်အောင်မင်း(ငြိမ်း)-ဒေါက်တာဝေဝေသာတို့၏ဖခင် ဦးသာစိန်သည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးစိန်ဝင်း(ငြိမ်း) ဒေါ်ဖြူဖြူအေး**
**ကုဋ္ဌေအောင်ဟိုတယ်၊ ပုဂံမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နော်ဆီးဒီ
### အသက်(၆၂)နှစ်

သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုထိန်းသိမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအုန်းလွင်၏ဇနီး ဒေါ်နော်ဆီးဒီသည် ၁၇-၁၀-၂၀၁၈ ရက် ည ၈း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**သတ္တုတွင်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသာဖြိုး အသက်(၅၄)နှစ်
### Deputy Sales Director
### Myanmar Carlsberg Co., Ltd.

ငါတို့ချစ်သော၊ ငါတို့ကိုချစ်သော သူငယ်ချင်းကိုဖြိုး ၁၆-၁၀-၂၀၁၈ ရက်တွင် မမျှော်လင့်ဘဲ ခွဲခွာသွားခြင်းအတွက် သူငယ်ချင်းအားလုံးမှ ဝမ်းနည်းကြေကွဲရပါသည်။ တစ်သက်လုံး ကောင်းမှုတွေချည်းပဲလုပ်ခဲ့ခြင်းအတွက် ငါတို့သတိရနေကြသည်။ သူငယ်ချင်းအတွက် ကောင်းကင်ဘုံတံခါးပွင့်နေမည်ဟု ယုံကြည်ရင်း---

**ချစ်သောသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### လေ-၃၄၉၈ ဗိုလ်ကြီးဟိန်းသူအောင်
### အသက်(၃၁)နှစ်

၁၆-၁၀-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၅၀)၊ တပ်မတော်(လေ)မှအရာရှိများ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတက ၂၀၁၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

*စာမျက်နှာ ၇ ကော်လံ ၁* ❏




**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကား ပြောကြားစဉ်။**

သတင်းစဉ်

## MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ အောင်လအန်ဆန် အမိမြေသို့ရောက်ရှိ ပြိုင်ဘက်ကို သုံးချီအတွင်း အပြီးယှဉ်ပြိုင်ထိုးသတ်မည်ဟု ကြုံးဝါး



**ချန်ပီယံခါးပတ်ကာကွယ်ထိုးသတ်ရန်အတွက် ရောက်ရှိလာသော အောင်လအန်ဆန်ကို ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

**ရန်ကုန် အောက်တိုဘာ ၁၉**

One Championship အဖွဲ့က ဦးဆောင်စီစဉ် ကျင်းပလျက်ရှိသော MMA (Mixed Martial Arts) ကမ္ဘာ့ကိုယ်ခံပညာ အတိုက်ပြိုင်ပွဲတွင် လက်ရှိကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန် သည် လာမည့် အောက်တိုဘာ ၂၆ ရက်တွင် မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ် ကာကွယ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ရန် ယနေ့ နံနက် ၅ နာရီခွဲတွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (အမိမြန်မာနိုင်ငံ)သို့ ရောက်ရှိလာပြီဖြစ်သည်။

ယင်းပြိုင်ပွဲနှင့်ပတ်သက်၍ လက်ရှိ MMA ပြိုင်ပွဲ၏ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့်

*စာမျက်နှာ ၇ ကော်လံ ၃* ❍

## မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ လေ့လာနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် **၁-၁၁-၂၀၁၈ ရက်နေ့ နှင့် ၂-၁၁-၂၀၁၈ ရက်နေ့** များတွင် ကြိုတင်ဆန္ဒမဲပေးကြမည် ဖြစ်ပါသည်။

၂။ ထို့ပြင် ခရီးအလုမ်းဝေးကွာသော ဒေသများရှိ မဲဆန္ဒနယ်အတွင်း ဆေးရုံတက်ရောက်နေရသူများ၊ အချုပ်ခံနေရသူများနှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်မှ ကျော်လွန်၍ နိုင်ငံတော်တာဝန်များဖြင့် ခရီးဝေးသွားလာရန်ရှိသော အောက်ဖော်ပြပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် **၂၄-၁၀-၂၀၁၈ ရက်နေ့မှ ၂-၁၁-၂၀၁၈ ရက်နေ့**အထိ ကြိုတင်ဆန္ဒမဲပေးကြမည် ဖြစ်ပါသည်-

*စာမျက်နှာ ၇ ကော်လံ ၁* ✤

## ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ တံခွန်စိုက်ဆုဖလားအား စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဆွတ်ခူးရရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးမင်းသူ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘောလုံးဝါသနာရှင် မိဘပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ တွင် ဂိုးမရှိ သရေကျသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်သော်လည်း ထပ်မံသရေကျနေသောကြောင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက လေးဂိုး - သုံးဂိုးဖြင့် လည်းကောင်း အနိုင်ရ ဗိုလ်စွဲသွားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ◆

## ဒေဝယက္ခမန်းဆေး ယာယီဈေးနှုန်းပြောင်းလဲခြင်း

ယခုအခါ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းသည့်ဖြစ်ရပ်သည် ပြင်ပနိုင်ငံကြီးများသက်ရောက်မှုက စတင်ခဲ့သော်လည်း စီးပွားရေးအခြေအနေမညီမျှမှုနှင့်ပတ်သက်သည့် လုပ်ငန်းငယ်များအတွက် ဘေးဖြစ်နေသည်။ အခြေခံအားနည်းမှုကို ငွေဖြင့်တိုင်းပြရာတွင် လုပ်ငန်းရှင်တစ်ဦးအနေဖြင့် နိုင်ငံခြားငွေမတည်ငြိမ်သော သဘာဝဘေးအန္တရာယ်တို့ကြောင့် အချိန်အခါအလိုက် ငွေကြေးပြောင်းလဲမှုကို တွေ့ကြုံရမည်ဖြစ်သည်။ ယင်းအဖြစ်ကို သက်ဆိုင်သော မိတ်ဆွေဖြန့်ချိသူများနှင့် တွေ့ဆုံဆောင်ရွက်တိုင်ပင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ လိုအပ်သောပစ္စည်းဖိုးနှင့် ကုန်များဖြည့်ဆည်းရာတွင် အစားထိုး၍မရဖြစ်စေသော အခြားစက်ရုံထုတ်စက္ကူခဲအိတ်ငယ်လေးများကို နိုင်ငံခြားငွေ(ဒေါ်လာ)ဖြင့် ဝယ်ယူထုတ်လုပ်နေရခြင်းတစ်မျိုး ပါဝင်ပါသည်။ ယင်းငွေကို လုပ်ငန်းတွင်အပြည့်အဝခံစားမှုရစေရန် (၂၀%)ခန့်တိုးတက်၍ သုံးစွဲနေရပါသည်။

ကျေးဇူးရှင်မိတ်ဆွေများ မိတ်မပျက်ပုံမှန်ရောင်းဝယ်ဖြန့်ချိနိုင်ရန်အတွက် အောက်ပါအတိုင်းဈေးနှုန်းပြောင်းလဲရပါတော့သည်။

**၁။ အထုပ်သေးတစ်ထုပ် - ၃၀ဝိ/- ၂။ ၁၀ ထုပ်တွဲတစ်အိတ် - ၂၅၀ဝိ/-**

**၃။ ၁၀ ထုပ်တွဲ ၅ တွဲတစ်ထုပ် - ၁၃၀၀ဝိ/- ၄။ ၅၀ ထုပ်ပါ ဘူး ၅၀ တစ်ပုံး - ၆၀၀၀၀ဝိ/-** နှုန်းဖြင့် ပြောင်းလဲလိုက်ပါသည်။

ဒေဝယက္ခမိသားစု
ဖုန်း-၀၉၅၃၀၀၀၁၄၃

